# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ပညာဆီမီးကို ရှာဖွေကြိုးစား**

လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂ စသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။

ရာဇဝတ်(ဓမ္မပဒ - ၁၄၆)


၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက် | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၁၄၆)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကျူးဘားနှင့် အာဂျင်တီးနား သံအမတ်ကြီးများအား တွေ့ဆုံ

## နှစ်နိုင်ငံ ဆက်ဆံရေးကိစ္စများ နှင့်အတူ ကျန်းမာရေး၊ ပညာရေး၊ ရာသီဥတုပြောင်းလဲမှု ကိစ္စတို့တွင် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော်   ဖေဖော်ဝါရီ   ၂၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ကျူးဘားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟက်တာ ကော်နီဒီအယ်လ်မေးဒါးအား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးကိစ္စများနှင့်အတူ ကျန်းမာရေး၊ ပညာရေး၊ ရာသီဥတုပြောင်းလဲမှု ကိစ္စတို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး မူဘောင်များဖြစ်သော အရှေ့အာရှနှင့် လက်တင်အမေရိက

*စာမျက်နှာ ၃ ကော်လံ ၁* ❒



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ အာဂျင်တီးနားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာရီယာ အလစ်ရှာ ကာ့ဇိုနီ ဒီဆွန်ချိုင်းန် အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

သတင်းစဉ်



## အိုးပိုင်အိမ်ပိုင်မရှိသေးသူများ အိုးအိမ်ပိုင်ဆိုင်နိုင်စေရန် ဆောင်ရွက်မည့် အိမ်ရာဖွံ့ဖြိုးရေး စီမံကိန်းအတွက် ချေးယူငွေကို လွှတ်တော်က အတည်ပြုပေးနိုင်ရန် တင်ပြ

ပြည်ထောင်စုလွှတ်တော်

စာ » ၇

## ရခိုင်ပြည်နယ်အတွင်း ဂျပန်နိုင်ငံအစိုးရ အထောက်အပံ့ဖြင့် ဆောင်ရွက်သွားမည့်လုပ်ငန်းစီမံကိန်းများ လက်မှတ်ရေးထိုး

စာ » ၁၀

## ရေကြီးရေလျှံမှု၊ မြေငလျင်အပါအဝင် သဘာဝဘေးတို့ ရင်ဆိုင်ရပါက ခံနိုင်ရည်မြှင့်ရန် ကမ္ဘာ့ဘဏ်ချေးငွေထုတ်ပေး

**နေပြည်တော်   ဖေဖော်ဝါရီ   ၂၂**

မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသ၌ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုစီမံကိန်းအတွက် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးချေးငွေ အမေရိကန်ဒေါ်လာ ၁၁၆ သန်းကို ပထမဆုံးခြေလှမ်းအဖြစ် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို လွန်ခဲ့သည့်နှစ်က ကမ္ဘာ့ဘဏ်ဒါရိုက်တာဘုတ်အဖွဲ့မှ အတည်ပြုခဲ့ပြီး ရန်ကုန်မြို့၏ ရေမြောင်းစနစ်နှင့် အရေးပါသော အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ရန်အတွက် စာချုပ်များချုပ်ဆိုနိုင်ခဲ့သည်။ ထို့ပြင် စီမံကိန်း အကောင်အထည်ဖော်နိုင်ရန်အတွက် အဖွဲ့များကိုလည်း ဖွဲ့စည်းကာ ဘတ်ဂျက်နှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲထားပြီး ဖြစ်ကြောင်း၊ ပစ္စည်းများဝယ်ယူရေးနှင့် ဘဏ္ဍာရေး၊ စီမံခန့်ခွဲရေး စသည်တို့အတွက်လည်း ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

"စီမံကိန်းက သဘာဝဘေးအန္တရာယ်တွေနဲ့ ရင်ဆိုင်ရရင် အလျင်အမြန်နဲ့ ပြန်လည်ထူထောင်နိုင်ဖို့အတွက် ဘေးအန္တရာယ်

*စာမျက်နှာ ၃ ကော်လံ ၄* ❄


KBZ BANK
STRENGTH OF MYANMAR
'BANK OF THE YEAR IN MYANMAR 2017'
Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# စွန့်ဦးတီထွင် စီးပွားရှာကြပါစို့

အိန္ဒိယ-အာဆီယံပူးပေါင်းဆောင်ရွက်မှု (၂၅) နှစ်မြောက် ထိပ်သီး အစည်းအဝေးကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ၌ နယူးဒေလီမြို့တွင် ကျင်းပခဲ့ပါသည်။ အဆိုပါ ထိပ်သီးအစည်းအဝေး၌ အိန္ဒိယနိုင်ငံနှင့် အာဆီယံ ၁၀ နိုင်ငံတို့ရှိ လူငယ်စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်တို့နှင့် လူငယ်ပညာရှင်တို့ အနက် အထူးချွန်ဆုံး ၂၀ ဦးကို ရွေးချယ်၍ အိန္ဒိယ-အာဆီယံလူငယ်ဆု (India- ASEAN Youth Award) ကို ပေးအပ်ခဲ့ပါသည်။ ကဏ္ဍ ၁၀ ခုအတွက် အိန္ဒိယနိုင်ငံမှ ၁၀ ဦးနှင့် အာဆီယံနိုင်ငံတို့မှ ၁၀ ဦး ဖြစ်ပါသည်။ အပြောင်မြောက်ဆုံး စီးပွားရေး စိတ်ကူးစိတ်သန်း (Most Innovative Business Idea) ကဏ္ဍအတွက် မြန်မာနိုင်ငံမှ GREENOVATOR ကုမ္ပဏီအား အဆိုပါ အိန္ဒိယ-အာဆီယံလူငယ်ဆုကို ချီးမြှင့်ပေးအပ်ခဲ့ပါသည်။

GREENOVATOR ကုမ္ပဏီသည် ၂၀၁၆ ခုနှစ် မေလမှ စတင်၍ တောင်သူလယ်သမားတို့အား ပံ့ပိုးကူညီပေးမည့် လက်ကိုင်ဖုန်းသုံး Software ဖြစ်သည့် Green Way App ကို ဖြန့်ချိခဲ့ပါသည်။ တောင်သူလယ်သမားတို့သည် Green Way App ကို အခမဲ့သုံးစွဲခွင့်ရရှိကြပါသည်။ Green Way App သည် မျိုးစေ့များ ကိုင်တွယ်သုံးစွဲသည်မှ သီးနှံတို့ကို ရိတ်သိမ်းချိန်အထိ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ တောင်သူလယ်သမားတို့ သိလိုသမျှကို မေးမြန်းခွင့်ပြုသော APP ဖြစ်ပြီး အဆိုပါမေးခွန်းတို့၏ အဖြေကို ပညာရှင်တို့၏အကူအညီဖြင့် တစ်ရက်မှနှစ်ရက်အတွင်း ပြန်လည်ဖြေကြားပေးပါသည်။ ထို့မှုမက တောင်သူလယ်သမားတို့သည် Green Way App ကို သုံး၍ စိုက်ပျိုးရေးထွက်ကုန်တို့ကို တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်မည့် ဗဟုသုတတို့ကိုလည်း မေးမြန်းအဖြေရှာ နိုင်ပါသည်။ ဤအချက်တို့ကို ကြည့်ရုံမျှဖြင့် Green Way App က တောင်သူလယ်သမားတို့အတွက် မည်မျှအသုံးဝင်မည်ကို မှန်းဆကြည့်နိုင်ပါသည်။

GREENOVATOR ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ တောင်သူလယ်သမားတို့က Green Way App ၏ အကူအညီကို အားတက်သရော ရယူခဲ့သည်ကို တွေ့ရှိရပါသည်။ ဝန်ဆောင်မှု စတင်ပေးအပ်ခဲ့သည့် တစ်နှစ်တာ ကာလအတွင်း Green Way App ကို တောင်သူလယ်သမား သုံးသောင်းခွဲခန့်က အသုံးပြုခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ၌ မှတ်တမ်းများအရ Green Way App ကို အသုံးပြုသော တောင်သူလယ်သမားအရေအတွက်သည် ခုနစ်သောင်းခွဲခန့်အထိ ရှိလာသည်ကို တွေ့ရှိရပါသည်။ မှတ်တမ်းအချက်အလက်တို့အရ Green Way App ကို အများဆုံးအသုံးပြုခဲ့သည့် ဒေသသုံးခုကို အမှတ်စဉ် တစ်မှ အမှတ်စဉ် သုံးအထိ အစဉ်လိုက်ဖော်ပြရပါက မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ ဖြစ်ပါသည်။ ဤသည်မှာ Green Way App ကို အများဆုံးအသုံးပြုသည့် ဒေသသုံးခုကိုသာ ရွေးချယ်ဖော်ပြခြင်းဖြစ်ပါသည်။ အမှန်တကယ်မှာမူ မြန်မာနိုင်ငံ၌ Green Way App ကို အသုံးပြုလျက်ရှိသော မြို့နယ်များမှာ ၃၂၉ မြို့နယ်အထိ ရှိကြောင်း သိရှိရပါသည်။

GREENOVATOR ကုမ္ပဏီသည် တောင်သူလယ်သမားတို့အတွက် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အချက်အလက်တို့ကို ပံ့ပိုးကူညီပေးသည်သာမက သီးနှံတို့၏ ပေါက်ဈေးကိုလည်း ပြည်တွင်းကုန်စည်ဒိုင် ၁၅ ခုတို့မှ ရရှိသော အချက်အလက်တို့အရ အချိန်နှင့်တစ်ပြေးညီပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိပါသည်။ ထို့မှုမက GREENOVATOR ကုမ္ပဏီသည် တချို့သော စိုက်ပျိုးရေးထွက်ကုန်တို့အတွက် နိုင်ငံတကာဈေးနှုန်းများကိုပါ ပံ့ပိုးဖြည့်ဆည်းပေးပါသည်။ GREENOVATOR ကုမ္ပဏီသည် တောင်သူလယ်သမားတို့မှ ဝန်ဆောင်ခရယူရန် ရည်ရွယ်ခြင်းမရှိပါ။ စိုက်ပျိုးရေးနည်းပညာဆိုင်ရာ စာရွက်စာတမ်းတို့အား ဘာသာပြန်ခြင်း၊ စိုက်ပျိုးရေးစီမံကိန်းတို့၌ အကြံပေးအဖြစ် ဆောင်ရွက်ခြင်း၊ Green Way အင်တာနက်စာမျက်နှာပါ ကြော်ငြာများမှ ကြော်ငြာခရယူခြင်းကဲ့သို့သော စီးပွားရေးလုပ်ငန်းတို့မှသာ ဝင်ငွေကို ဖန်တီးရယူပါသည်။ တိုင်းပြည်လူဦးရေ၏ သုံးပုံနှစ်ပုံခန့် မှီခိုနေရသော လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် အခက်အခဲများကြားမှ တီထွင်စွန့်စားရုန်းကန်ဆောင်ရွက်ခဲ့သော GREENOVATOR ကုမ္ပဏီအား ဂုဏ်ပြုပါကြောင်း လေးစားစွာ ဖော်ပြအပ်ပါသည်။ မြန်မာနိုင်ငံရှိ လူငယ်ထုတစ်ရပ်လုံးကလည်း GREENOVATOR ကုမ္ပဏီကို အတုယူ၍ တိုင်းပြည်နှင့် လူမျိုးအတွက် တီထွင်စွန့်စားရုန်းကန်ဆောင်ရွက်ကြပါရန် အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# ချင်းပြည်နယ်တွင် ပထမဆုံးဖွင့်လှစ်သည့် ဟားခါးပညာရေးကောလိပ် ဖွင့်ပွဲကျင်းပ

**ဟားခါး ဖေဖော်ဝါရီ ၂၂**

ချင်းပြည်နယ်၏ အခြေခံပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေး ဆရာ ဆရာမ လိုအပ်ချက်များ ဖြည့်ဆည်းခန့်ထားနိုင်ရေးနှင့်အရည်အသွေးရှိသည့် ပညာရေးဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်ရေးတို့အတွက် ချင်းပြည်နယ်တွင် ပထမဆုံးဖွင့်လှစ်သည့် ဟားခါးပညာရေးကောလိပ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်က ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနိုင်သက်လွင် တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ဟားခါးပညာရေးကောလိပ်မုခ်ဦးဖွင့်ပွဲ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်အောင်မင်းနှင့် ဟားခါးပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဦးဟရန်ဘွဲပုမ်တို့က မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက ဟားခါးပညာရေးကောလိပ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဟားခါးပညာရေးကောလိပ်ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အမှာစကားပြောကြားပြီး အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ကျေးဇူးတင်စကား ပြောကြားကာ ဟားခါးပညာရေးကောလိပ် ကျောင်းအုပ်ကြီးက ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များ ပေးအပ်ခဲ့သည်။

ဟားခါးပညာရေးကောလိပ်ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၄ ရက်၌ သင်ကြားမှု စတင်ဆောင်ရွက်ခဲ့ပြီး သင်တန်းသား ၅၀ ကို သင်ကြားရေး ဆရာ ဆရာမ ၂၆ ဦးက ဆရာအတတ်ပညာများ စာတွေ့၊ လက်တွေ့ သင်ကြားပေးလျက်ရှိသည်။

ချင်းပြည်နယ်၏ အဆင့်မြင့်ပညာရေးကဏ္ဍအတွက် ဟားခါးမြို့တွင် အစိုးရ စက်မှုလက်မှုသိပ္ပံနှင့် ဟားခါးကောလိပ်သာရှိခဲ့ရာမှ ယခုဆရာအတတ်ပညာများကို သင်ယူနိုင်မည့် ဟားခါးပညာရေးကောလိပ်ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ချင်းပြည်နယ်၏ ပညာရေးကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



# တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင်ကျုံးများ ပြုပြင်တည်ဆောက်ရေး အစည်းအဝေးကျင်းပ

**တောင်ငူ ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တောင်ငူမြို့ရှေးဟောင်းသမိုင်းဝင်ကျုံးများ ပြုပြင်တည်ဆောက်ရေးစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဘတ်ဂျက်တွင် ဒေသန္တရစီမံကိန်းအဖြစ် ထည့်သွင်းရေးဆွဲနိုင်ရေးနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ ရက်က တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးက ကျုံးရေကန်များ သန့်ရှင်းသာယာလှပရေးနှင့် ရှေးဟောင်းအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးများနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန တိုင်းဒေသကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်ခင်က တောင်ငူမြို့ရှေးဟောင်းကျုံးများ ပြန်လည်တူးဖော် ပြုပြင်ရန်အတွက် ပြည်ထောင်စုအစိုးရ ဘတ်ဂျက်မှ ငွေကျပ် ၄၄ ဒသမ ၅ သန်း ခန့်ရရှိရန် တင်ပြထားကြောင်းနှင့် တောင်ငူမြို့တွင် ရှေးဟောင်းသုတေသနခရိုင်ရုံးခွဲတစ်ခု ဖွင့်လှစ်နိုင်ရေးကိစ္စရပ်များကိုလည်းကောင်း၊ တောင်ငူမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်က ရှေးဟောင်းသမိုင်းဝင်ကျုံးများ သမိုင်းတန်ဖိုးဖြတ်၍ မရနိုင်အောင် အဖိုးတန်ကြောင်း၊ စည်ပင်သာယာရေးအဖွဲ့၊ ရှေးဟောင်းသုတေသနဦးစီးဌာနနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးရုံးများ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးလှသောင်း (ဒုတိယညွှန်ကြားရေးမှူး)က လုပ်ငန်းနှင့်ပတ်သက်၍ အပိုင်းသုံးပိုင်းခွဲပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပေးရမည့် လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ရဲမြင့် (တောင်ငူ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၂-၂-၂၀၁၈

ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၃၅၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၈၀၀/၈၂၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၅၅/၇၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၁၀/၈၃၅ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၁ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၃ ·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၄ ·၃ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၃၇ ·၉ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၅ |
| တရုတ် | တစ်ယွမ် | ၂၀၉ ·၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၉ ·၉ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❒ ရှေ့ဖုံးမှ

ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (FEALAC)၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ (NAM)နှင့် ကမ္ဘာ့တောင်ဘက်ခြမ်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေး (South-South Cooperation) တို့တွင်လည်း ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။

အလားတူ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ အာဂျင်တီးနားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာရီယာ အလစ်ရှာ ကာ့ဗိုနီ ဒီဆွန်ချိုင်းန်အား လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ ဆက်ဆံရေးကိစ္စနှင့်အတူ စီးပွားရေး၊ ကုန်သွယ်ရေး၊ ပညာရေး၊ အားကစား၊ ယဉ်ကျေးမှု၊ နည်းပညာကဏ္ဍတို့၌ လည်းကောင်း၊ ကမ္ဘာ့တောင်ဘက်ခြမ်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေး(South-South Cooperation)၊ အရှေ့အာရှနှင့် လက်တင်အမေရိက ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (FEALAC) တို့၌ လည်းကောင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးတို့ကို ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ကျူးဘားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟက်တာ ကော်နီဒီအယ်လ်မေးဒါးအား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်

# ကျူးဘား-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ကျူးဘားနိုင်ငံသံအမတ်ကြီး မစ္စတာ ဟက်တာကော်နီ ဒီအယ်လ်မေးဒါးအား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကျူးဘား-မြန်မာ နှစ်နိုင်ငံ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ကျူးဘားနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟက်တာကော်နီ ဒီအယ်လ်မေးဒါးအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** သတင်းစဉ်

❈ ရှေ့ဖုံးမှ

မကျရောက်မီ ကြိုတင်ပြင်ဆင်မှု အပိုင်းတွေနဲ့ ကြိုတင်ကာကွယ်တာတွေ ဆောင်ရွက်နိုင်ဖို့ အကူအညီပေးမှာ ဖြစ်ပါတယ်၊ ကမ္ဘာ့ဘဏ်အနေနဲ့ မြန်မာနိုင်ငံမှာ သဘာဝဘေးတွေ ကျရောက်လာပါက အမြန်ဆုံး တုံ့ပြန်ဆောင်ရွက်ဖို့ ပံ့ပိုးပေးမယ်၊ ဒါမှလည်း မိသားစုဘဝတွေ လုံခြုံနိုင်မှာဖြစ်တဲ့အပြင် လုပ်ငန်းခွင်တွေဆီကို အမြန်ဆုံး ပြန်ဝင်နိုင်မှာပါ”ဟု ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး အယ်လင်ဂိုးစတိန်းက ပြောကြားသည်။

မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရနိုင်ခြေ မြင့်မားသည့် နိုင်ငံများအတွင်းပါဝင်နေပြီး နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၈၄သန်းခန့် ဆုံးရှုံးနေကြရကြောင်း၊ ဆင်းရဲနွမ်းပါးသည့် ပြည်သူများက အထူးသဖြင့် ပိုမိုထိခိုက်ခံစားရလေ့ရှိကြောင်း၊ ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးချေးငွေ အမေရိကန်ဒေါ်လာ ၁၁၆ သန်းဖြင့် ဆောင်ရွက်မည့် ယခုစီမံကိန်းမှာ ရန်ကုန်မြို့တွင် ရေကြီးရေလျှံမှုများကြောင့် ဖြစ်ပေါ်လာသည့် နစ်နာဆုံးရှုံးမှုများကို လျှော့ချနိုင်ရန်နှင့် အများပြည်သူနှင့် သက်ဆိုင်သည့် အရေးပါသော အဆောက်အအုံများအား ငလျင်ဒဏ်မှခံနိုင်ရည်ရှိစေရေး အဆင့်မြှင့်တင်ဆောင်ရွက်ရန်နှင့် နိုင်ငံတစ်ဝန်း အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့မှု စီမံခန့်ခွဲရာတွင် ပြည်ထောင်စုအစိုးရ၏ စွမ်းဆောင်ရည် မြင့်မားလာစေရန် လုပ်ငန်းများအား ပံ့ပိုးဆောင်ရွက်သွားရန်ဖြစ်ကြောင်း သိရသည်။ အဆိုပါစီမံကိန်းအောက်တွင် ရန်ကုန်မြို့ရှိ ရေမြောင်းစနစ်များ၊ အများပြည်သူနှင့် သက်ဆိုင်သည့် အဆောက်အအုံများကို အဆင့်မြှင့်ပေးမှုများ ပါဝင်မည်ဖြစ်ပြီး လူဦးရေငါးသိန်းအတွက် အကျိုးရှိရန်ရည်ရွယ်ထားကြောင်း ကမ္ဘာ့ဘဏ်မှ သိရှိရသည်။

အဆိုပါစီမံကိန်းအား ဂျပန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာ အလှူရှင်များစွာပါဝင်သည့် အရှေ့တောင်အာရှ သဘာဝဘေးအန္တရာယ် အာမခံရန်ပုံငွေအတွက် ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ တစ်သန်း ပူးတွဲထည့်ဝင်ထားကြောင်း သိရသည်။ အဆိုပါထောက်ပံ့ငွေဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ငွေကြေးထောက်ပံ့မှု စီမံခန့်ခွဲရာတွင် ပိုမိုတိုးတက်ကောင်းမွန်လာစေရန်၊ ပြည်သူများအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် သဘာဝဘေးဒဏ်မှ ခံနိုင်ရည်ရှိစေရေးကို ထည့်သွင်းစဉ်းစားဆောင်ရွက်နိုင်ရန်၊ နောင်တွင် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကြောင့် ငွေကြေးဆုံးရှုံးမှုများ လျော့နည်းစေရန်နှင့် သဘာဝဘေးအန္တရာယ်များအား တုံ့ပြန်ဆောင်ရွက်ရာတွင် ငွေကြေးထောက်ပံ့မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်တိုးတက်မြင့်မားလာစေရန် ရည်ရွယ်ကြောင်း ကမ္ဘာ့ဘဏ်၏ တာဝန်ရှိသူ အယ်လင်ဂိုးစတိန်းက ပြောသည်။ **ခင်ရတနာ**

# မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကျေးရွာခြောက်ရွာ လျှပ်စစ်မီးဖွင့်

**မြင်းခြံ ဖေဖော်ဝါရီ ၂၂**

မလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် သဘော်ာတင်ကျေးရွာ၊ အနိမ့်ကျေးရွာ၊ တလုပ်မြို့ကျေးရွာ၊ မြို့ကြီးကုန်းကျေးရွာ၊ ရွာသစ်ကျေးရွာနှင့် ရွာရှည်ကျေးရွာများတွင် လျှပ်စစ်မီးဖွင့်လှစ်ပေးခြင်းကို ဖေဖော်ဝါရီ ၂၂ ရက် နံနက်က ကျင်းပခဲ့သည်။ **(ယာပုံ)**

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပေါခင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးလတ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးချမ်းမြေ့နှင့် အလှူရှင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားခဲ့ပြီး အလှူရှင်များက အလှူငွေများပေးအပ်ရာ လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားများတွင် ခရိုင်လျှပ်စစ်မန်နေဂျာ ဦးမြသောင်းနှင့် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအောင်လွင်တို့က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ အခမ်းအနားများသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်၏ ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြသည်။



တလုပ်မြို့ ဓာတ်အားခွဲရုံမှ စုစုပေါင်း ကျေးရွာ ၁၂ ရွာ မီးလင်းပြီ ဖြစ်ကြောင်း သိရသည်။ **ဇော်မင်းနိုင် (မြင်းခြံ)**

# နေရာကွက်ကျား မိုးရွာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် နှစ်ပေမှ ငါးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

● *ကျော်ဖုံးမှ*

အာရုံစိုက်လာစေရန် မတ်လ ၂၂ ရက်ကို ကမ္ဘာ့ရေနေ့အဖြစ် သတ်မှတ်၍ နှစ်စဉ်ကမ္ဘာ့ရေနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပလျက်ရှိနေကြပါကြောင်း၊ ကမ္ဘာ့ရေနေ့သည် ရှားပါးသည့် အရင်းအမြစ်များ၏ စဉ်ဆက်မပြတ်တည်ရှိမှုကို အသုံးပြုနေသော အနာဂတ်စိန်ခေါ်မှုများအတွက် ပြင်ဆင်ရန် သတိပေးသည့် နေ့တစ်နေ့လည်းဖြစ်ပါကြောင်း။

**ရည်ရွယ်ဖွဲ့စည်း**

မြန်မာနိုင်ငံတွင် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှု လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းထားသည့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် ရေနှင့် ဆက်နွယ်သည့် နိုင်ငံတကာ ပူးပေါင်းလှုပ်ရှားမှုများတွင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်မှစတင်၍ ကမ္ဘာ့ရေနေ့အထိမ်းအမှတ် အခမ်းအနားများကို အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီက ကြီးမှူး၍ ရေနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်သူများ၊ အစိုးရမဟုတ်သည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကလုပ်ငန်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကျင်းပလျက်ရှိပါကြောင်း။

**အဖြေရှာဆောင်ရွက်**

၂၀၁၈ ခုနှစ် ကမ္ဘာ့ရေနေ့၏ အထူးပြုအကြောင်းအရာမှာ "Nature for Water" (ရေအတွက် သဘာဝပတ်ဝန်းကျင်)ဖြစ်ပါကြောင်း၊ ၂၁ ရာစုနှစ်အတွက် ရေဆိုင်ရာ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် တည်ရှိနေသည့် သဘာဝပတ်ဝန်းကျင် အခြေအနေများကို မည်သို့ အသုံးပြုနိုင်မည်ဆိုသည်ကို ဖော်ထုတ်ရန် ရည်ရွယ်၍ “Nature for Water” (ရေအတွက် သဘာဝပတ်ဝန်းကျင်)ဟု သတ်မှတ်ခြင်းဖြစ်ပါကြောင်း၊ သဘာဝအခြေအနေများမှ ရှာဖွေတွေ့ရှိထားသည့် ရလဒ်များကိုအသုံးပြု၍ ရေကြီးခြင်း၊ မိုးခေါင်ရေရှားခြင်းနှင့် ရေထုညစ်ညမ်းမှုလျှော့ချခြင်းတို့တွင် အဖြေရှာဆောင်ရွက်နိုင်ရေးအတွက်လည်း ဖြစ်ပါကြောင်း။

**ထိခိုက်မှုများရှိနေ**

ယနေ့ ကမ္ဘာ့လူဦးရေ၏ (၂ ဒသမ ၁)သန်းခန့်သည် မိမိတို့အိမ်များတွင် လုံခြုံဘေးကင်းသည့် သောက်သုံးရေ မရရှိနိုင်သေးသည့်အတွက် ၎င်းတို့၏ ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအပေါ် ထိခိုက်မှုများရှိနေပါကြောင်း၊ ထို့ကြောင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် (Sustainable Development Goal)များ တွင် “၂၀၃၀ ပြည့်နှစ်၌ လူသားတိုင်းအတွက် ရေနှင့် မိလ္လာစနစ် ရရှိနိုင်ရေးနှင့် ရေရှည်စီမံခန့်ခွဲနိုင်ရေး”ဟူ၍ ရည်မှန်းချက် အမှတ်စဉ်(၆) တွင် ထည့်သွင်းဖော်ပြထားပါကြောင်း။




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကမ္ဘာ့ရေနေ့ ၂၀၁၈ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ရေသည်သက်ရှိများအတွက် မရှိမဖြစ် လိုအပ်သည့် အရာတစ်ခုဖြစ်ပါကြောင်း၊ ရေသည် လူသားများ အသက်ရှင်သန်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် မရှိမဖြစ် လိုအပ်သကဲ့သို့ တစ်ဖက်တွင်လည်း ရေကြောင့်ပင် သေကျေပျက်စီးဆုံးရှုံးရသည့် သဘာဝဘေးအန္တရာယ်များနှင့်လည်း ရင်ဆိုင်နေရပါကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် ရေနှင့် ဆက်နွယ်သည့် အခက်အခဲပြဿနာများကို ကမ္ဘာ့နေရာ အနှံ့အပြား တွေ့ကြုံနေရပါကြောင်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး စီမံဆောင်ရွက်ကြရာတွင် ရေနှင့်ပတ်သက်သည့် ပူးပေါင်းဆောင်ရွက်မှုများကို အင်တိုက်အားတိုက် ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါကြောင်း၊ တစ်ဖက်တွင်လည်း လူများ၏ပယောဂကြောင့် သဘာဝပတ်ဝန်းကျင်နှင့် သက်ရှိများ ဘေးအန္တရာယ်မဖြစ်စေရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

**အခွင့်အလမ်းများ အသုံးချနိုင်**

မြန်မာနိုင်ငံသည် အလယ်ပိုင်းခြောက်သွေ့ဒေသများမှလွဲ၍ ကျန်ဒေသများတွင် မိုးကောင်းမွန်စွာရွာသွန်းလေ့ရှိပြီး မြစ်ချောင်းများ၊ သဘာဝရေကန်များနှင့် ရေခိုအောင်းလွှာ အမြောက်အမြား ရှိနေပါကြောင်း၊ လူဦးရေအရဖြစ်စေ၊ စီးပွားရေးအရဖြစ်စေ၊ သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးအတွက် ဖြစ်စေ လုံလောက်သည့် ရေအရင်းအမြစ်များရှိသည်ဟု ဆိုနိုင်ပါကြောင်း၊ ရေအရင်းအမြစ်ကို အသုံးချနိုင်မည့် အခွင့်အလမ်း (Potential) များပြားပါကြောင်း၊ အဆိုပါအခွင့်အလမ်းများကို အသုံးချနိုင်ရန် လိုအပ်နေဆဲဖြစ်သည့်အတွက် နိုင်ငံအများစုကဲ့သို့ ရေကြီးခြင်း၊ ရေရှားပါးခြင်းနှင့် ရေထုညစ်ညမ်းခြင်းစသည့် ရေနှင့်ဆက်နွယ်သည့် ပြဿနာများကို ခံစားနေရပါကြောင်း၊ ထို့ကြောင့် နိုင်ငံ၏ ရေအရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရေး၊ ထိရောက်ကောင်းမွန်သောရေကို သုံးစွဲနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေး၊ ရေသိုလှောင်နိုင်ရေး၊ ဝန်ကြီးဌာနအလိုက် မျှတစွာ ရေခွဲဝေသုံးစွဲနိုင်ရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ရေနှင့် ဘတ်ဂျက်ခွဲဝေသုံးစွဲနိုင်ရေးတို့အတွက် ရေနှင့် ဆက်နွယ်သည့် ဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်း၍ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှု (IWRM) ကို အကောင်အထည်ဖော်ရေးသည် အရေးကြီးလှပါကြောင်း။

**ပူးပေါင်းပြင်ဆင်ဆောင်ရွက်**

၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အာရှ-ပစိဖိတ် ဒေသတွင်းနိုင်ငံများအတွက် အရေးပါသော တတိယအကြိမ် အာရှ-ပစိဖိတ်ရေ ညီလာခံတွင် ကောင်းမွန်သော ရေသံသရာစီမံခန့်ခွဲမှု ၊ စီမံအုပ်ချုပ်မှုနှင့် အားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းပြီး ရေရှည်ရရှိနိုင်မည့် သောက်သုံးရေပေးဝေရေး၊ မိလ္လာစနစ်နှင့် ရေဆိုးစီမံခန့်ခွဲမှု ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်စေရေးနှင့် တိုးချဲ့ရေးတို့အတွက် နိုင်ငံတော်အဆင့်၊ ဒေသန္တရအဆင့် ထိန်းသိမ်းကြီးကြပ်ရေး စီမံကိန်းများထူထောင်ရေး အပါအဝင် ရေနှင့်ဆက်နွယ်သည့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များအတွက် ငွေကြေးထောက်ပံ့ခြင်းကို စောင့်ကြည့်သည့် ဒေသတွင်းစနစ်တစ်ခု ထူထောင်ရေးတို့ကို ထည့်သွင်းဆွေးနွေးခဲ့ပါကြောင်း၊ ဆွေးနွေးမှုရလဒ်အဖြစ် Yangon Declaration ကို ထုတ်ပြန်ကြေညာခဲ့ပြီး ၂၀၁၈ ခုနှစ် မတ်လအတွင်း ဘရာဇီးနိုင်ငံတွင် ကျင်းပမည့် World Water Forum 2018 တွင် ထည့်သွင်းဆွေးနွေးနိုင်ရေးအတွက် အာရှ-ပစိဖိတ်ရေဖိုရမ်နှင့် ပူးပေါင်းပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၈ ခုနှစ်မှ ၂၀၂၈ ခုနှစ်အထိကို ရေဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆယ်စုနှစ် ဟု ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ ညီလာခံက သတ်မှတ်ထားပါကြောင်း။

အဆိုပါ ဆယ်စုနှစ်အတွက် ရည်ရွယ်ချက်များလည်း ချမှတ်ထားပါကြောင်း၊ ရေဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆယ်စုနှစ်ကို ဒေသတွင်း၌သာမက ကမ္ဘာ့နိုင်ငံများနှင့်ပါ အတူတကွ ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

**စွမ်းဆောင်မှုအရည်အသွေးမြှင့်တင်**

ရေနှင့်ဆက်နွယ်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် နိုင်ငံအတွက် အဓိက လိုအပ်နေသည့်လုပ်ငန်းများကို ဦးစားပေးအဆင့်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် ဖွံ့ဖြိုးတိုးတက်မှုများရရှိရေးအတွက် မိတ်ဆွေနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်၏ ရေအရင်းအမြစ်များ အားလုံးကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရေးအတွက် အဓိကကျသည့် မြစ်များနှင့် မြစ်ဝှမ်းများကို စနစ်တကျ စီမံခန့်ခွဲနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ လိုအပ်သည့်ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ၊ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ မူဝါဒများနှင့် ဆုံးဖြတ်ချက် အထောက်အကူပြုစနစ်များ တည်ဆောက်မှုနှင့်အတူ ရေနှင့် ဆက်နွယ်သည့် ဌာနအဖွဲ့အစည်းများရှိ ဝန်ထမ်းများနှင့် ပတ်သက်ဆက်နွယ်သူများ အားလုံးကိုလည်း စွမ်းဆောင်မှု အရည်အသွေး မြှင့်တင်ရေးလုပ်ငန်းများကို တစ်ပြိုင်တည်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

နိုင်ငံအတွက်အရေးပါသည့် ရေနှင့်ဆက်နွယ်သောရေပေးဝေမှု၊ မိလ္လာနှင့် ရေသန့်စနစ်များ ပြည့်စုံကောင်းမွန်စေရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင် သန့်ရှင်းစေရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေအားလျှပ်စစ်၊ စက်မှုလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းစသည့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေး စီမံဆောင်ရွက်မှုများတွင် အစိုးရနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ရေအသုံးပြုသူများအကြား ရေသုံးစွဲမှုနှင့် ပတ်သက်သည့် အသိပညာ၊ ဗဟုသုတ၊ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ ဆွေးနွေးတိုင်ပင်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးတို့ကိုလည်း တိုးမြှင့်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါကြောင်း။

**များစွာအထောက်အကူဖြစ်**

ယနေ့ကျင်းပသည့် ကမ္ဘာ့ရေနေ့ -၂၀၁၈ အထိမ်းအမှတ် အခမ်းအနားတွင် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များ အပါအဝင် ရေနှင့် ဆက်နွယ်သက်ဆိုင်သူများအားလုံး၏ ဆွေးနွေးအကြံပြုချက်များသည် နိုင်ငံ၏ ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအတွက် လိုအပ်သည့် မဟာဗျူဟာများနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ရာတွင်

*စာမျက်နှာ ၅ သို့*




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကမ္ဘာ့ရေနေ့ ၂၀၁၈ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# နောင်ပြုလုပ်မည့် ရွေးကောက်ပွဲများအတွက် ပံ့ပိုးကူညီပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များနှင့် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Knut Ostby နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအား အောင်မြင်စွာကျင်းပပေးနိုင်ခဲ့မှု၊ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် UNDP မှ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ၂၀၁၅ ခုနှစ်မှစပြီး ပံ့ပိုးကူညီဆောင်ရွက်ခဲ့မှုတို့အား ရှင်းလင်းပြောကြားရာ Mr. Knut Ostby က UNDP အနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ UNDP အနေဖြင့် နောင်ပြုလုပ်မည့် ရွေးကောက်ပွဲများအတွက် ပံ့ပိုးကူညီပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များနှင့် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်၊ ဦးသန်းဌေးနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# မေရီချက်(ပ်)မင်း နားမကြားကလေးများကျောင်းနှင့် အစ္စလာမ်သက်ကြီးဂေဟာအတွက် အလှူငွေပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် သံတမန်လမ်းရှိ မေရီချက်(ပ်)မင်း နားမကြားကလေးများကျောင်းသို့ ရောက်ရှိသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အလှူငွေပေးအပ်လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အလှူငွေကျပ် သိန်း ၅၀ ကို ပေးအပ်ရာ မေရီချက်(ပ်)မင်း နားမကြားကလေးများကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့်သိန်းက လက်ခံရယူပြီး **(ဝဲပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် မေရီချက်(ပ်)မင်း နားမကြားကလေးများကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုပြီး အချက်အပြုတ် သင်တန်းသားများကို အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သဃ်န်းကျွန်းမြို့နယ် ပြည်သာယာလမ်းရှိ အစ္စလာမ်သက်ကြီးဂေဟာသို့ ရောက်ရှိကာ အလှူငွေပေးအပ် လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားပြီး အလှူငွေကျပ် သိန်း ၅၀ ကို ပေးအပ်လှူဒါန်းရာ အစ္စလာမ်သက်ကြီးဂေဟာ အုပ်ချုပ်ရေးအတွင်းရေးမှူး ဟာဂျီဦးလှဝေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

*စာမျက်နှာ ၄ မှ*

များစွာအထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း၊ ရေဆိုင်ရာလုပ်ငန်းများသည် နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုများအတွက် အဓိကကျသည့် လုပ်ငန်းများဖြစ်သည့်အတွက် မှန်ကန်သည့် အကျိုးရလဒ်များရရှိစေရန် ကမ္ဘာ့ကုလသမဂ္ဂမှ ချမှတ်ထားသည့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ (Sustainable Development Goals)ကို ဆက်လက်ဝိုင်းဝန်း အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဗီဒီယိုပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည်အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ကမ္ဘာ့ရေနေ့ ၂၀၁၈ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

**နှုတ်ခွန်းဆက်စကားပြော**

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Hong Liang၊ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး Mr. Wouter Jurgens၊ World Bank Country Director Ms. Ellen Goldstein နှင့် တာဝန်ရှိသူများက နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

**ကဏ္ဍများအလိုက် ဆွေးနွေး**

ကမ္ဘာ့ရေနေ့ ၂၀၁၈ အခမ်းအနားတွင် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ၊ စဉ်ဆက်မပြတ်ဆည်မြောင်းဖွံ့ဖြိုးမှုအတွက် စိန်ခေါ်မှုများနှင့်အဖြေများ၊ ရေကြီးရေလျှံမှုအတွက် ကြိုတင်သတိပေးစနစ်၊ ကုန်းတွင်းပို့ဆောင်မှုအနေအထားနှင့် ဖွံ့ဖြိုးရေးစီမံချက်၊ အမျိုးသားရေဖြန့်ဝေမှု မြောင်းများနှင့် သန့်ရှင်းရေးအတွက် တည်ဆောက်မှုများ၊ ရန်ကုန်ကြေညာချက် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ရေနှင့် ပတ်သက်သည့် ပါဝင်ထောက်ပံ့မှုများ၊ မြန်မာရေချိုကဏ္ဍ၊ စိုက်ပျိုးရေးအခြေပြုလုပ်ငန်းများအတွက် ရွှေ့လျားရေစွမ်းအားဆိုင်ရာ အခြေအနေများ၊ ဧရာဝတီမြစ်ဝှမ်းဒေသဖွံ့ဖြိုးတိုးတက်ရေးအစီအမံ တက်လှမ်းမှုများ၊ မြန်မာနိုင်ငံအတွင်းရှိ အဓိကရေဝေရေလဲဒေသကြီးများတွင် ရေအရင်းအမြစ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကနဦးဆောင်ရွက်မှုများ၊ ရေဘေးအန္တရာယ်ကာကွယ်ရေး ကြိုတင်ပြင်ဆင်မှုနှင့် လုပ်ငန်းများကို ပြည်သူလူထုထံ အသိပညာပေးဖြန့်ဖြူးခြင်း၊ ရေအတွက် သဘာဝပတ်ဝန်းကျင်၊ မြန်မာနိုင်ငံ၏ ပင်လယ်ရေကြောင်း စက်မှုလုပ်ငန်း၊ ရေနှင့် ကျန်းမာရေး၊ ရေထိန်းသိမ်းရေးနှင့် ရေဘေးအန္တရာယ်ကာကွယ်ခြင်း၊ ရေအရင်းအမြစ်စီမံခန့်ခွဲခြင်း၊ ကျေးလက်ရေပေးဝေရေး ဆောင်ရွက်နေမှုများ၊ ကုလသမဂ္ဂ၏ ရေသဘောတူညီချက်နှင့် မြန်မာ၊ ဧရာဝတီရေအရင်းအမြစ်များ အသုံးချမှု၊ တောင်တမန်အင်းရေညစ်ညမ်းမှုမှ သင်ခန်းစာများ၊ ဧရာဝတီမြစ်ဝှမ်းဒေသ အစီရင်ခံချက်၊ ချင်းတွင်းမြစ်ဝှမ်းဒေသ အဖွဲ့အစည်းမှတစ်ဆင့် မြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်ထိန်းသိမ်းမှု၊ ဧရာဝတီမြစ်ကြောင်းပို့ဆောင်ရေး၊ ဧရာဝတီမြစ်နှင့် မြန်မာ့စီးပွားရေး၊ သဘာဝဘေးလျော့ပါးရေးရှုထောင့်၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအပါအဝင် တစ်ကိုယ်ရေသန့်ရှင်းရေး၊ နိုင်ငံတကာရေအသုံးချမှု စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး၊ မြန်မာနိုင်ငံရှိ ရေအရင်းအမြစ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များ၊ မြန်မာ့စွမ်းအင်စီမံချက်၊ လူငယ်အင်ဂျင်နီယာများ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ အဆိုအမိန့်များ၊ မြန်မာနိုင်ငံရှိ သဘာဝကန်ကြီးများတွင် ရေနှင့်ပတ်သက်သည့် ရောဂါဖြစ်ပွားမှုအခြေအနေ ထိန်းချုပ်ခြင်းဆိုင်ရာ အကြောင်းအရာများနှင့် ဘရာဇီးနိုင်ငံတွင် ကျင်းပမည့် ၈ ကြိမ်မြောက် ကမ္ဘာ့ရေဖိုရမ်တွင် ထည့်သွင်းဆွေးနွေးမည့်အကြောင်းအရာများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးကြမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျေးရွာတွင်းလမ်း သဲကျောက်ခင်းခြင်းနှင့် စိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်း ဆွမ်ပရာဘွမ်မြို့နယ်၌ ဆောင်ရွက်

**ပူတာအို ဖေဖော်ဝါရီ ၂၂**

ကချင်ပြည်နယ် ပူတာအိုခရိုင် ဆွမ်ပရာဘွမ်မြို့နယ် ခင်ဒူယာန်ကျေးရွာတွင်းလမ်း သဲကျောက်ခင်းခြင်းနှင့် ဖုန်ချန်ကျေးရွာတွင် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ရန်ပုံငွေကျပ်သိန်းပေါင်း ၁၀၀ ဖြင့် ကျေးရွာဆောက်လုပ်ရေးကော်မတီဝင်များက ကိုယ်တိုင်စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ခင်ဒူယာန်ကျေးရွာတွင်းလမ်းကို အရှည် ၂၀၀၅ ပေ၊ အကျယ် ၁၂ ပေ၊ ထုထည် ၆ လက်မဖြင့် သဲကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ ဖုန်ချန်ကျေးရွာတွင် ဂါလန် ၁၆၀၀ ဆံ့ ရေကန်နှစ်ကန်ဖြင့် ရေပိုက်လိုင်း အရှည်ပေ ၃၆၀၀ သွယ်တန်းခြင်းလုပ်ငန်းမှာ ၃၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ခင်ဒူယာန် ၊ ဖုန်ချန်ကျေးရွာတို့အပြင် မိုင်ထောင်၊ ခါ့ဂရန်းယာန်၊ ဒရူခနှင့် လိုင်ဝါးယာန်ကျေးရွာတို့တွင်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြည်သူ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးလုပ်ငန်းဆောင်ရွက်နေမှုတွင် ကူညီဆောင်ရွက်နေသည့် အခြေအနေဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် 359 Group International Japan Co.,Ltd မှ CEO , Mr. Banya Zaw, Kanematsu Corporation, Yangon Office မှ Chief Representative, Mr. TARO SAKAI နှင့် Kanematsu (Thailand) Ltd, Electronics and Device Dept. မှ General Manager, Mr. SHINICHIRO MITSUHIRO တို့အား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(အပေါ်ယာပုံ)**



ယင်းသို့တွေ့ဆုံစဉ် ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) မှ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးလုပ်ငန်း ဆောင်ရွက်မှုများတွင် ပါဝင်ကူညီဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ Digitalization နှင့်ပတ်သက်ပြီး Database Core System တည်ဆောက်ရန် Digital ဝန်ထမ်းကတ်များအား Grant Aid and Yen Credit ဖြင့် ဂျပန်ကုမ္ပဏီများမှ JICA နှင့် တွဲဖက်၍ ပြုလုပ်ပေးနိုင်ရေးနှင့် Digital ဝန်ထမ်းကတ်ပြားနှင့် Database Core System ၏ အသေးစိတ် အချက်အလက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အင်းလေးကန် ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်းပေး

**ဒေါက်တာ ခင်အောင်သန်း**



အင်းလေးကန်သည် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်တွင်တည်ရှိသည်။ ပင်လယ်ရေမျက်နှာပြင် အထက်ပေပေါင်း ၂၉၁၅ တွင် တည်ရှိသည့် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်းတွင်းပိုင်းရေချိုကန်ကြီး ဖြစ်သည်။ လောပိတရေအားလျှပ်စစ်စက်ရုံအတွက် အထောက်အကူပြု ရေကန်ကြီးဖြစ်သည်။

သမိုင်းဝင်တန်ခိုးကြီးဖောင်တော်ဦး မြတ်စွာဘုရားများ ကိန်းဝပ်စံပယ်တော်မူခြင်း၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့များထွန်းကားခြင်း၊ ၂၀၁၃ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့ တွင်အာဆီယံယဉ်ကျေးမှုအမွေအနှစ် (ASEAN Cultural Heritage) အဖြစ်နှင့် ၂၀၁၅ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် အင်းလေးဒေသအား လူသားနှင့် ဇီဝအဝန်းနယ်မြေ (Man and Biosphere Reverse) အဖြစ် UNESCO မှအသိအမှတ်ပြုခြင်းများကြောင့် အင်းလေးဒေသသည်မြန်မာနိုင်ငံ တွင်သာမက ကမ္ဘာတွင်ထင်ရှားကျော်ကြားခြင်း ဖြစ်ပါသည်။ ၂၀၁၀ ပြည့်နှစ် စာရင်းများအရ အင်းလေးကန်အတွင်း ကျေးရွာပေါင်း ၁၃၆ ရွာတွင် ရေပေါ်အိမ်ခြေ ၁၅၀၀၀ ခန့်၌ လူဦးရေ ၈၀၀၀၀ ကျော်နေထိုင်လျက်ရှိကြောင်း သိရသည်။

**ကန်အကျယ်အဝန်းနှင့် ရေတိမ်အနက်**

အင်းလေးကန်၏ အကျယ်အဝန်းသည် ၁၉၀၀ ပြည့်နှစ် မတိုင်မီက ၁၀၄ ဒသမ ၆၃ စတုရန်းမိုင်ရှိ၍ တောင်မြောက် ၃၆ မိုင်နှင့် အရှေ့အနောက် ၁၁ မိုင်ရှိခဲ့သည်။ ယခုအခါ အကျယ်အဝန်းသည် ၆၃ ဒသမ ၀၁ စတုရန်းမိုင်၊ တောင်မြောက် ၁၁ မိုင်နှင့် အရှေ့အနောက် လေးမိုင်သာရှိတော့သည်။ ရေမျက်နှာပြင်အကျယ်အဝန်းမှာ ၁၉၉၀ ပြည့်နှစ်တွင် ၂၆ ဒသမ ၂၄ စတုရန်းမိုင်၊ ၂၀၀၀ ပြည့်နှစ်တွင် ၂၁ ဒသမ ၈၇ စတုရန်းမိုင်နှင့် ၂၀၁၇ ခုနှစ်တွင် ၁၇ ဒသမ ၈ စတုရန်းမိုင်သာ ရှိတော့သည်။ ၁၉၃၅ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ၆၅ နှစ်တာ ကာလအတွင်းရေမျက်နှာပြင်ဧရိယာသည် ၆၃ ဒသမ ၁၀ စတုရန်းကီလိုမီတာမှ ၄၆ ဒသမ ၆၉ စတုရန်းကီလိုမီတာအထိ ၃၂ ဒသမ ၄ ရာခိုင်နှုန်း လျော့ကျခဲ့သည်။ ထိုသို့ ပြောင်းလဲလျော့ကျမှုမှာ အင်းလေကန်၏ အနောက်ဘက်ခြမ်းတွင် အဖြစ်များကြောင်း သိရှိရသည်။ ရေအတိမ်အနက်မှာလည်း ယခင်ကပေ ၂၀ အထိ အနက်ဆုံးရှိခဲ့ပြီး ယခုအခါနွေရာသီတွင် ပျမ်းမျှအနက်မှာ ၇ ပေနှင့် အနက်ဆုံးမှာ ၁၂ ပေခန့်သာ ရှိတော့သည်။ ၂၈.၁၂.၂၀၁၇နေ့တွင် တိုင်းတာချက်အရ အနက်ဆုံးမှာ ၉ ပေ ၈ လက်မနှင့် အတိမ်ဆုံးမှာ ၄ ပေ ၁၀ လက်မ ဖြစ်၍ အင်းလေးကန်၏ အကျယ်အဝန်း၊ ရေမျက်နှာပြင် အကျယ်အဝန်းနှင့် ရေအနက်ပေတို့မှာ ပြောင်းလဲလျော့နည်းလာသည်ကို သိမြင်နိုင်ပါသည်။

**အောက်ခံကျောက်အမျိုးအစားနှင့် စီးဆင်းလျက်ရှိသော ချောင်းကြီးများ**

အင်းလေးကန်၏ အရှေ့ဘက်ရှိတောင်တန်းများမှာ ပိုမိုမတ်စောက်ပြီး သက်ဦးကပ်အောက်ပိုင်းသက်တမ်းရှိအနည်ကျကျောက်များဖြင့် ဖွဲ့စည်းထားသည်။ အနောက်ဘက်ပိုင်းမှာ ပြေပြစ်ပြီ သက်လယ်ကပ်နှင့် နှောင်းဖြစ်အနည်ကျကျောက်များဖြင့် တည်ဆောက်ထားသည်။ မြေအမျိုးအစားမှာ ထုံးကျောက်၊ ဒိုလိုမိုက်ကျောက်၊ ယေ့လကျောက်နှင့် ရွှံ့စေးကျောက်များဖြစ်ပြီး အပေါ်ယံတွင် ရွှံ့စေးမြေနီမြေဆီလွှာဖြင့် ဖုံးအုပ်ထားသည်။ ယေဘုယျအားဖြင့် အနောက်ဘက်ခြမ်းရှိကျောက်များမှာ တိုက်စားရ ပိုမိုလွယ်ကူသည်။ အင်းလေးကန်အတွင်းသို့ချောင်း ၂၉ ချောင်းစီးဝင်လျက်ရှိပြီး ရေဝေရေလဲဧရိယာမှာ စုစုပေါင်း ၁၃၂၆ ဒသမ ၃၉ စတုရန်းမိုင်ရှိသည်။ တစ်နှစ်ပတ်လုံးရေရရှိသော ချောင်း လေးချောင်းမှာ နမ့်လတ်ချောင်း၊ ရေပယ်ချောင်း၊ ကလောချောင်းနှင့် အထက်ဘီလူးချောင်း (အင်းတိမ်ချောင်း) တို့ဖြစ်ပြီး အင်းလေးကန်အတွင်းသို့လည်း အနည်များပို့ချလျက်ရှိသည်။ နုန်းအနည်ကျရောက်မှုမှာ နမ့်လတ်ချောင်းနှင့် အထက်ဘီလူးချောင်းတို့ဖြစ်ပြီး အင်းလေးကန်၏အနောက်ဘက်ခြမ်းတွင် အနည်ပို့ချမှုကိုပိုမိုတွေ့မြင်ရသည်။

**အင်းလေးကန်တိမ်ကောလာရခြင်း အကြောင်းအရင်း**

အဓိကအကြောင်းအရင်းမှာ အင်းလေးကန်အတွင်းသို့ စီးဝင်သောချောင်းကြီးများ၏ အနည်သယ်ဆောင်လာမှုကြောင့် ဖြစ်သည်။ FAO အစီရင်ခံစာ ၁၉၉၃ ခုနှစ်အရ ကုဗပေ ၂၂ သန်း၊ Mr.Downing ၁၉၉၅ ခုနှစ်အရ တစ်ကေလျှင် လေးတန်နှုန်း၊ Mr.Pierrie ၂၀၀၅ ခုနှစ် အရ ၆၅၀၀၀၀ ကုဗမီတာ၊ Mr. Takahisa Furuichi ၂၀၀၅ ခုနှစ်အရ ၂၇၇၀၀၀ တန်၊ ပထဝီဝင်ဌာန(တောင်ကြီးတက္ကသိုလ်) ၂၀၁၀ ပြည့်နှစ်အရ ၃၁၅၀၈၈ မက်ထရစ်တန် နှစ်စဉ်နှုန်းအနည်များ ပို့ချလျက်ရှိကြောင်း တွက်ချက်ခဲ့ပါသည်။ မြေဆီလွှာတိုက်စားခြင်း၊ ကမ်းပါးပြိုခြင်းများကြောင့်လည်း အနည်များပိုမိုများပြားလာနိုင်ပါသည်။ လေ့လာမှုများအရ အင်းလေးကန်အတွင်းသို့ အနည်များနှစ်စဉ်တန်ချိန်သိန်း၊ သန်းချီ၍ပို့ချနေသည်ကို တွေ့ရှိနိုင်သည်။ အခြားအကြောင်းများမှာ သစ်တောများ ပြုန်းတီးခြင်း၊ ကျွန်းမျောများတိုးချဲ့လာခြင်းနှင့် မြို့ပြတိုးချဲ့လာခြင်းတို့ကြောင့် ဖြစ်သည်။ သစ်တောပြုန်းတီးခြင်းနှင့် မြေဆီလွှာဆုံးရှုံးခြင်းတို့မှာ ဆက်စပ်နေသည်။ သစ်တောများ ပြုန်းတီးခြင်းမှာ လူတို့၏ လုပ်ဆောင်ချက်ကြောင့်ဖြစ်ပြီး ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းနှင့် ထင်းများအလွန်အကျွံခုတ်ခြင်းတို့ကြောင့် ဖြစ်သည်။ အင်းလေးကန်အနောက်ဘက်ခြမ်းသည် အရှေ့ဘက်ခြမ်းထက် သစ်တောပြုန်းတီးမှု ပိုမိုများကြောင်း တွေ့ရသည်။အင်းလေးကန်၏ အကျယ်အဝန်း ၆၃ ဒသမ ၀၁ စတုရန်းမိုင်ရှိသည့်အနက် ကျွန်းရိုင်းဧရိယာ ၁၃ စတုရန်းမိုင်နှင့် ကျွန်းမျောစိုက်ခင်းဧရိယာ ၁၅ စတုရန်းမိုင်ရှိသည်ကို တွေ့ရသည်။ ကျွန်းမျောသေများမှာ မြေပြင်နှင့် ထိဆက်သွားပြီး ကုန်းမြေအဖြစ် ပြောင်းလဲသွားသည်။ ကျွန်းမျောသေ ကျွန်းမျောရိုင်းများ များပြားလာခြင်းနှင့် မြို့ပြတိုးချဲ့လာခြင်းတို့ကလည်း ရေမျက်နှာပြင်ဧရိယာကို လျော့ပါးလာစေသောအချက်များ ဖြစ်ပါသည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ အခက်အခဲများ**

အင်းလေးကန်အတွင်းရှိ ကျွန်းမျော(ရေခြံ) ခရမ်းချဉ်သီးစိုက်ခင်းများ၌ ဓာတုပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများ အလွန်အကျွံသုံးစွဲလာမှု၊ ရက်ကန်းစင်များက ထွက်ရှိလာသော ဆိုးဆေးစွန့်ပစ်ပစ္စည်းများ၊ မိလ္လာနှင့် အမှိုက်ပြဿနာများကြောင့် ရေအရည်အသွေးကျဆင်းလာသည်။ ရေပေါ်အိမ်ခြေများ၏ ထက်ဝက်ခန့်သည်မှန်ကန်သော မိလ္လာစနစ် အသုံးပြုမှုနည်းပါးခြင်းနှင့် ဟိုတယ်များတွင် Septic Tank အပြင် Bio Filter တပ်ဆင်အသုံးပြုမှုလိုအပ်ခြင်းများ တွေ့ရှိရသည်။ အင်းလေးကန်အတွင်းရှိ စက်လှေအစီးပေါင်း ၃၀၀၀ ကျော်မှ ဆီယိုစိမ့်မှုတစ်လလျှင်ပီပါ ၅၀ ခန့်ကလည်း ရေအရည်အသွေးကို ယုတ်လျော့စေသည်။ စည်းစနစ်ကျသော အမှိုက်စွန့်ပစ်မှုစနစ် မရှိသေးပေ။ မီးသင်္ဂြိုဟ်စက်များကိုလည်း တည်ဆောက်ပေးရန် လိုအပ်လျက်ရှိသည်။ ရေအရည်အသွေးနိမ့်ကျလာမှုနှင့်အတူ ရေသယံဇာတများ လျော့ပါးလာသည်။ တရားမဝင် ငါးဖမ်းနည်းများကို အသုံးပြုလာကြသည်။ ပြည်ပငါးမျိုးစိတ်များ လွှမ်းမိုးလာသည်ကို တွေ့ရှိရသည်။အင်းလေးဒေသ၏ ငါးမျိုးရင်းဖြစ်သည့် ငါးဖိန်း (Cyprinusintha) မှာ အင်းလေးကန်အတွင်း ရှားပါးလာပြီး ၎င်းတို့၏ ဂေဟစနစ်နှင့် ကိုက်ညီသော အခြားအရပ်များသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။ ရာသီဥတုပြောင်းလဲမှုမှာလည်း ဂေဟစနစ်အပေါ် အကျိုး သက်ရောက်မှုရှိသည်။

သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဇီဝမျိုးစုံ၊ မျိုးကွဲတို့၏ နေရင်းဒေသများ၊ မှီခိုတောများ ကျဉ်းမြောင်းလာသည်။ ရှမ်းပြည်နယ် တောင်ပိုင်းတွင် ဟိုတယ်စုစုပေါင်း ၂၀၂ လုံးရှိသည့်အနက် ၁၀၂ လုံးမှာ ညောင်ရွှေတွင်ရှိပြီး အင်းလေးကန်အတွင်း မြေငှားစနစ်ဖြင့်ဆောက်ရွက်နေသည့် ဟိုတယ်အရေအတွက်မှာ ၁၆ ခုရှိသည်။ နိုင်ငံခြားသားဧည့်သည်မှာလည်း နှစ်စဉ်သိန်းချီ၍ ဝင်ရောက်လျက်ရှိသည်။

အင်းလေးကန်ဒေသတွင် ငါးမျိုးစိတ် ၅၇ မျိုးနှင့် ငှက်မျိုးစိတ် ၃၅၃ မျိုးရှိပြီး အချို့မျိုးစိတ်တို့မှာ မျိုးသုဉ်းတော့မည့် အန္တရာယ်နှင့် ရင်ဆိုင်နေကြရပြီ ဖြစ်သည်။ ရာသီပတ်လုံးဗေဒါနှင့် ရေမှော်များ ရှင်းလင်းရေးမှာလည်း အရေးပါသောလုပ်ငန်း တစ်ရပ်ဖြစ်လာသည်။

**အင်းလေးကန်တိမ်ကောလာမှုအတွက် အကြံပြုတင်ပြချက်**

၁။ အင်းလေးကန်အတွင်းသို့ နုန်းအနည်ပို့ချနေသော ချောင်းကြီး လေးချောင်းတွင် အဆင့်ဆင့်နုန်းတားဆည်၊ တမံများ တည်ဆောက်ရန်ဖြစ်ပါသည်။ ကျွမ်းကျင်ပညာရှင်များ၏ အကူအညီဖြင့် စနစ်တကျစီမံဆောင်ရွက်ရန် လိုပါသည်။ ဆောက်လုပ်ပြီး နုန်းထိန်းတမံများမှာ ဒေသဖြစ်မျော၊ သစ်တို့ဖြင့် တည်ဆောက်ထားသဖြင့် ကာလအနည်းငယ်အတွင်း သဲနုန်းများ ပြည့်သွားခြင်း၊ ပျက်စီးခြင်း၊ ဖျက်ဆီးခံရခြင်း၊ နုန်းပြည့်သော်လည်း နုန်းဆယ်ယူဖယ်ရှားမှု မရှိခြင်း၊ အမှိုက်များစုဝေးလာခြင်း စသည့်အခြေအနေများ တွေ့ရှိရပါသည်။

၂။ မြေဆီလွှာတိုက်စားခြင်းနှင့် ကမ်းပါးပြိုခြင်းများအတွက်လည်း နုန်းတားနံရံများ၊ အတားအဆီးများထားရှိပေးရန် လိုအပ်ပါသည်။

၃။ အင်းလေးကန်ပတ်လည်တွင် နုန်း၊ မြေသားများ ဖယ်ရှားခြင်း၊ အင်းလေးကန်အတွင်းတွင်လည်း နုန်းစုပ်စက်များဖြင့် တူးဖော်ခြင်း (ကန်ဆယ်ခြင်း) နှင့် ရေညှိ/ဗေဒါများ ရှင်းလင်းခြင်း၊ ထွက်လာသောနုန်းများကို အဝေးသို့ စွန့်ပစ်ခြင်းစသည်များကို ပစ္စည်းအင်အား၊ လူအင်အားတိုးချဲ့၍ ဆောင်ရွက်ပေးရပါမည်။

၄။ ရေဝေရေလဲဒေသအတွင်း သစ်တောကြိုးဝိုင်းသတ်မှတ်ခြင်းနှင့် သစ်ပင်စိုက်ပျိုးခြင်းများ ဆောင်ရွက်ရပါမည်။ တောင်ယာခုတ်ခြင်း၊ တောမီးရှို့ခြင်းများ ပိတ်ပင်တားမြစ်၍ မြေဆီလွှာတိုက်စားမှုကို ထိန်းသိမ်းနိုင်သည့် စိုက်ပျိုးနည်းစနစ်များကို ပြောင်းလဲအကောင်ထည်ဖော်ပေးရန် လိုအပ်ပါသည်။


၅။ ကျွန်းမျောသေ၊ ကျွန်းမျောရိုင်းများအား ဖယ်ရှား၍ရှိပြီး လက်ရှိကျွန်းမျောများကို ရေသွားရေလာကောင်းမွန်စေရန် ပြုပြင်ပေးရပါမည်။

၆။ မြို့ပြနှင့် ဟိုတယ်များတိုးချဲ့ခြင်းကို ထိန်းချုပ်ပေးရန် လိုအပ်ပါသည်။

၇။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရပါမည်။

**ထိန်းသိမ်းကြဖို့လိုအပ်**

၂၀၀၀ ပြည့်နှစ်မတိုင်မီကတည်းက အင်းလေးကန်ဒေသ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် စီမံကိန်းများချ၍ ဆောင်ရွက်ခဲ့ကြသော်လည်း အတိုင်းအတာတစ်ခုအထိသာ အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့သည်။ အခက်အခဲပေါင်းစုံက စိန်ခေါ်နေမြဲဖြစ်ပါသည်။ ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်သဖြင့် နှစ်တို၊ နှစ်ရှည် စီမံကိန်းများချမှတ်၍အရှိန်အဟုန်မြှင့်ကာ စနစ်တကျစုစည်း ဆောင်ရွက်ရမည့် အချိန်ကာလသို့ ရောက်ရှိနေပြီဖြစ်ပါသည်။ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ခံဆောင်ရွက်၍ စုပေါင်းလုပ်ဆောင်ကြရမည့် အချိန်ကာလဖြစ်ပါသည်။ အချိန်မီမထိန်းသိမ်းနိုင်ပါက ရာစုနှစ်အနည်းငယ်အတွင်း အင်းလေးကန်ကြီးသည် တိမ်ကောပပျောက်သွားနိုင်ကြောင်း သိရပါသည်။ သို့ဖြစ်၍ မြန်မာ့သဘာဝအမွေအနှစ်သာမက ကမ္ဘာ့ယဉ်ကျေးမှုနှင့်ဇီဝအဝန်းနယ်မြေဖြစ်သော အင်းလေးကန်ကြီးရေရှည် တည်တံ့နိုင်ရေးအတွက် ပိုမိုထိန်းသိမ်းဆောင်ရွက်ပေးရန် လိုအပ်လျက် ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



## ပုဗ္ဗသီရိမြို့နယ် သိမ်ကျောင်းစေတီ ဆီမီး ၃၀၀၀၊ ပန်း ၃၀၀၀ ပူဇော်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာတွင်ရှိသော သမိုင်းဝင် သိမ်ကျောင်းတိုက်ရှိ ရှေးဟောင်းစေတီတော်များတွင် ဆီမီး ၃၀၀၀၊ ပန်း ၃၀၀၀ ကပ်လှူပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယခုကျင်းပမည့် ညောင်ပင်ကြီးစုကျေးရွာရှိ သိမ်ကျောင်းတိုက်စေတီတော်တွင် သက်တော်(၈၁)နှစ်ရှိ ဆရာတော်ကြီးက သီတင်းသုံးတော်မူလျက်ရှိပြီး လူသိနည်းပါးသည့် စေတီတော်များဖြစ်ရာ ယခုအခါတွင် အလှူရှင်များမှစုပေါင်း၍ ပြင်ဆင်မွမ်းမံထားရှိပြီး စေတီတော်ကြီးသည် ရှေးယခင် ကုန်းဘောင်မင်းလက်ထက်မှ ယနေ့အချိန်ထိ တည်ထားတော်မူသည့် ရှေးဟောင်းစေတီတော်မြတ်ကြီးဖြစ်ကာ ယခု ဖေဖော်ဝါရီလ ၂၅ ရက်နေ့ ညနေ ၅ နာရီခွဲတွင် တပေါင်းလပြည့်နေ့အကြို ကုသိုလ်ယူကျင်းပမည့် ဆီမီး ၃၀၀၀၊ ပန်း ၃၀၀၀ ဆက်ကပ်လှူဒါန်းခြင်းကို Social Netowrk တစ်ခုဖြစ်သော နေပြည်တော်အသိုင်းအဝိုင်း Group မှ ဦးစီး၍ ကျင်းပခြင်းဖြစ်ကြောင်း မည်သူမဆိုလာရောက်၍ ကပ်လှူပူဇော်နိုင်ကြောင်းနှင့် ဆက်လက်၍လည်း စေတီတော်ကြီး အတွင်းအပြင် မွမ်းမံဆောင်ရွက်မှုများကို နေပြည်တော်အသိုင်းအဝိုင်း Group မှ တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# အိုးပိုင်အိမ်ပိုင်မရှိသေးသူများ အိုးအိမ်ပိုင်ဆိုင်နိုင်စေရန် ဆောင်ရွက်မည့် အိမ်ရာဖွံ့ဖြိုးရေး စီမံကိန်းအတွက် ချေးယူငွေကို လွှတ်တော်က အတည်ပြုပေးနိုင်ရန် တင်ပြ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

**သင့်လျော်သော အတိုးနှုန်း**

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန်ယန်း ၁၄ ဒသမ ၉၄၉ ဘီလီယံ ချေးယူရန်ကိစ္စနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ချေးငွေအတိုးနှင့် စပ်လျဉ်း၍ JICA စီမံကိန်း၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် SME ကော်မတီကိုယ်စားလှယ်များ ညှိနှိုင်းပြီး အခြားသော ပြည်တွင်းချေးငွေအတိုးနှုန်းများနှင့် ချိန်ဆ၍ သင့်လျော်သော အတိုးနှုန်းဖြစ်သည့် ၈ ဒသမ ၅ ကို သတ်မှတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ချေးငွေသက်တမ်း နှစ် ၄၀ အတွင်း ချေးငွေသက်တမ်းသုံးနှစ်သတ်မှတ်ပါက ၁၃ ကြိမ်အထိ ထုတ်ချေးနိုင်ပြီး ချေးငွေသက်တမ်း ငါးနှစ်သတ်မှတ်ပါက ရှစ်ကြိမ်အထိ လည်ပတ်ထုတ်ချေးနိုင်မည် ဖြစ်ပါကြောင်း၊ ထိုသို့ လည်ပတ်သည့် အကြိမ်များမှသာ SME လုပ်ငန်းရှင်အရေအတွက် များများကို ထုတ်ချေးနိုင်မည် ဖြစ်ပါကြောင်း၊ စီမံကိန်းအဆင့်-၁တွင် အာမခံ မပေးအပ်နိုင်သည့် SME များကို ချေးငွေထုတ်ချေးနိုင်ခြင်းမရှိခဲ့သဖြင့် ယခုစီမံကိန်းအဆင့်-၂ တွင် အာမခံမရှိသူများ ချေးငွေရရှိအောင် CGI စနစ်ဖြင့် လမ်းဖွင့်ပေးထားခြင်းသည်လည်း ဖြေလျှော့မှုတစ်ခုပင် ဖြစ်ပါကြောင်း၊ SME လုပ်ငန်းရှင်များဘက်ကလည်း SME ချေးငွေလျှောက်ထားသည့်အခါ လိုအပ်ချက်များကို ပြည့်စုံအောင် စီစဉ်ဆောင်ရွက်ခြင်းအားဖြင့် ပူးပေါင်းကူညီရမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲများသည့်အတွက် လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ ကျပ် ၂၆၀၁၁ ဒသမ ၁၃၁ သန်း ခွဲဝေသုံးစွဲခဲ့သည့် ကိစ္စ ရပ်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးများက ရှင်းလင်းတင်ပြကြသည်။

**နယ်စပ်ခြံစည်းရိုး ကာရံခြင်းလုပ်ငန်း**

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်းမြေထိစပ်လျက်ရှိသော နယ်နိမိတ်အရှည်မှာ ၁၈၂ ဒသမ ၆၈ မိုင်ရှိပြီး နယ်စပ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်ခဲ့ရာ ၁၂၆ ဒသမ ၆၈ မိုင်အား ခြံစည်းရိုးကာရံထားပြီးဖြစ်ပါကြောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်-အိန္ဒိယ သုံးနိုင်ငံ နယ်နိမိတ်ဆုံသည့်နေရာ B-1 အထိ ၅၆ မိုင် ဆောင်ရွက်ရန် ကျန်ရှိကြောင်း၊ စတုတ္ထအဆင့်အဖြစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ၁၁ ဒသမ ၅ မိုင် နယ်စပ် ခြံစည်းရိုးကာရံခဲ့ပြီး ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် ၃ ဒသမ ၂ မိုင်ကို သွပ်ဆူးကြိုးအဝိုင်း နှစ်ပေ ထပ်တိုးပုံစံ ခြံစည်းရိုးပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊ BP-68 အနီးမှ BP-69 အနီးအထိ ၁၁ ဒသမ ၅မိုင်အရှည်အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နိုင်ငံတော်သမ္မတ၏ အရေးပေါ်ရန်ပုံငွေမှ ဘဏ္ဍာငွေကျပ် ၂၀ ဘီလီယံဖြင့် သွပ်ဆူးကြိုးအဝိုင်း နှစ်ပေ ထပ်တိုးပုံစံ ခြံစည်းရိုးကာရံခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။



ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး



ဒုတိယဝန်ကြီး ဦးကျော်လင်း



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

> **“အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးယူမည့် ဂျပန်ယန်း ၁၅ ဘီလီယံသည် အိမ်ရာလိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်ပြီး ဝင်ငွေနည်းပြည်သူများ အိမ်ရာပိုင်ဆိုင်ခွင့်ရရှိရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ခြင်း၊ တစ်ဖက်တွင်လည်း အစိုးရဘဏ္ဍာရန်ပုံငွေ သုံးစွဲရမှုကို သက်သာစေနိုင်မည်ဆိုသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူများ သက်သာသော အတိုးနှုန်းထားဖြင့် နှစ်ရှည်ပေးဆပ်ရင်း အနာဂတ်တွင် ပိုင်ဆိုင်မည့် အိမ်ရာတွင် နေထိုင်ခွင့်ရရှိ၍ လုံခြုံစိတ်ချရသည့် နေရေးကိုရရှိရန် JICA မှ ဂျပန်ယန်း ၁၅ ဘီလီယံ ချေးငွေရယူရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်မှ ခွင့်ပြုပေးရန် တင်ပြ”**

အလားတူ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်တို့က သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီထံမှ ဂျပန်ယန်း ၁၅ ဘီလီယံ ချေးယူရန်ကိစ္စ၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အာဆီယံအခြေခံ အဆောက်အအုံရန်ပုံငွေတို့ထံမှ အမေရိကန်ဒေါ်လာ သန်း ၃၆၀ ချေးယူရန်ကိစ္စနှင့် အာရှဖွံ့ဖြိုးရေးဘဏ်ထံမှ အမေရိကန်ဒေါ်လာ သန်း ၈၀ ချေးယူရန် ကိစ္စတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

**သက်သာသော အတိုးနှုန်းထား**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးယူမည့် ဂျပန်ယန်း ၁၅ ဘီလီယံသည် အိမ်ရာလိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်ပြီး ဝင်ငွေနည်း ပြည်သူများ အိမ်ရာပိုင်ဆိုင်ခွင့် ရရှိရေးကို အထောက်အကူပြုနိုင်မည် ဖြစ်ခြင်း၊ တစ်ဖက်တွင်လည်း အစိုးရဘဏ္ဍာရန်ပုံငွေ သုံးစွဲရမှုကို သက်သာစေနိုင်မည်ဆိုသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူများ သက်သာသော အတိုးနှုန်းထားဖြင့် နှစ်ရှည်ပေးဆပ်ရင်း အနာဂတ်တွင် ပိုင်ဆိုင်မည့်အိမ်ရာတွင် နေထိုင်ခွင့်ရရှိ၍ လုံခြုံစိတ်ချရသည့်နေရေးကို ရရှိရန် JICA မှ ဂျပန်ယန်း ၁၅ ဘီလီယံ ချေးငွေရယူရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်မှ ခွင့်ပြုပေးရန် တင်ပြအပ်ပါကြောင်း။

အလားတူ ချေးငွေအမေရိကန်ဒေါ်လာ သန်း ၃၆၀ သည် မဟာမဲခေါင်ဒေသခွဲအတွင်းရှိ လမ်းမကြီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်-ပုသိမ်လမ်း၊ ပဲခူး-သန်လျင်လမ်းနှင့် ရန်ကုန်-မန္တလေးလမ်းတို့သည် မြန်မာနိုင်ငံ၏ စီးပွားရေးအသက်သွေးကြော လမ်းမကြီးများဖြစ်ခြင်း၊ ထိုမှတစ်ဆင့် စီးပွားရေးတိုးတက်မှု အမြင့်ဆုံးဇုန်များနှင့် ဆက်သွယ်မည့် အခြေအနေများရှိခြင်း၊ မြန်မာနိုင်ငံ၏ ပြည်သူအများဆုံး သွားလာနေသည့် လမ်းများလည်း ဖြစ်ခြင်းကြောင့် ချေးငွေရယူနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုပေးပါရန် တင်ပြအပ်ပါကြောင်း။

အာရှဖွံ့ဖြိုးရေးဘဏ် ADB မှ ချေးယူမည့် အမေရိကန်ဒေါ်လာ သန်း ၈၀ သည် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံလမ်းတစ်လျှောက်ရှိ မြန်မာနိုင်ငံ၏ မြို့ကြီးများဖြစ်သော မော်လမြိုင်၊ ဘားအံနှင့် မြဝတီမြို့များ၏ လူမှုစီးပွားနှင့် မြို့ပြအခြေခံ အဆောက်အအုံကဏ္ဍအား တိုးတက်မြင့်တင်စေပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် အချက် ၁၁ ပါ မြို့ပြများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုသည့် စီမံကိန်းဖြစ်ပါသဖြင့် ရယူနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုပေးနိုင်ရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့အတူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းအတွက် ချေးယူမည့် ဂျပန်ယန်း ၁၅ ဘီလီယံသည် အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်း ပထမအဆင့်တွင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောက်လုပ်ထားပြီးဖြစ်သော ရန်ကုန်မြို့ရှိ အိမ်ရာများအား ရောင်းချမည်ဖြစ်ပြီး စီမံကိန်းဒုတိယအဆင့်တွင် JICA စံနှုန်းနှင့်အညီ အသစ်ဆောက်လုပ်မည့် အိမ်ရာများကို ရောင်းချရမည်ဖြစ်ပါကြောင်း၊ စီမံကိန်း ဒုတိယအဆင့်တွင် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်သာမက အခြားပုဂ္ဂလိကဘဏ်များကိုလည်း PFI အဖြစ် ပါဝင်စေပြီး အိမ်ရာဝယ်ယူလိုသူများသို့ ငွေထုတ်ချေးရမည် ဖြစ်ပါကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်နှင့် PFI ဘဏ်များအကြား ချေးငွေစာချုပ်များ ချုပ်ဆိုဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အိုးပိုင်အိမ်ပိုင်မရှိသေးသူများ အိုးအိမ်ပိုင်ဆိုင်နိုင်စေရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က အကောင်အထည်ဖော်ဆောင်ရွက်မည့် အရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း။

**အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်း**

ထို့ပြင် အမေရိကန်ဒေါ်လာ သန်း ၃၆၀ ဖြင့် မဟာမဲခေါင်ဒေသခွဲရှိ လမ်းမကြီးများသည် မြန်မာနိုင်ငံ၏ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတွင် အရေးပါလှပါကြောင်း၊ အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းသည် ဗီယက်နမ်၊ လာအို၊ ထိုင်းနှင့် ရန်ကုန်မြို့တော်၏ သီလဝါအထူးစီးပွားရေးဇုန်မှ တစ်ဆင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ မြို့တော် ပုသိမ်မြို့တို့ကို ဆက်သွယ်သွားလာနိုင်မည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ တောင်-မြောက် စင်္ကြံလမ်းသည် ရန်ကုန်-မန္တလေးမှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံများသို့လည်း ဆက်သွယ်သွားလာနိုင်မည် ဖြစ်ပါကြောင်း။

ယင်းစီမံကိန်းသည် အရှေ့-အနောက် စင်္ကြံလမ်း၊ တောင်-မြောက် စင်္ကြံလမ်းတို့နှင့် ဆက်စပ်လျက်ရှိသော စီမံကိန်းဖြစ်ပါကြောင်း၊ မဟာမဲခေါင်ဒေသခွဲရှိ အဝေးပြေးလမ်းမကြီး အဆင့်မြှင့်တင်သည့် စီမံကိန်း၏ မြန်မာနိုင်ငံအတွင်းရှိ အစိတ်အပိုင်းတစ်ခုဖြစ်သော ရန်ကုန်-ပုသိမ်လမ်း၊ ပဲခူး-သန်လျင်လမ်းနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းတို့အား လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အမေရိကန်ဒေါ်လာ သန်း ၃၆၀ ရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုနိုင်ရန် တင်ပြအပ်ပါကြောင်း။

ထို့နည်းအတူ အမေရိကန်ဒေါ်လာသန်း ၈၀ ဖြင့် ဆောင်ရွက်မည့် မဟာမဲခေါင်ဒေသခွဲ စီးပွားရေး စင်္ကြံတစ်လျှောက်ရှိ မြို့ကြီး သုံးမြို့ဖြစ်သော မော်လမြိုင်၊ ဘားအံနှင့် မြဝတီမြို့များ၏ လူမှုစီးပွားဘဝနှင့် မြို့ပြအခြေခံအဆောက်အအုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်မည့် စီမံကိန်းဖြစ်သည့်အပြင် ကမ္ဘာ့ကုလသမဂ္ဂမှ ချမှတ်ထားသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်အမှတ် (၁၁)အရ မြို့ပြများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုနိုင်သည့် စီမံကိန်းလည်းဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းချေးငွေကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့၏ မူနှင့် အခြေခံသဘောများ၊ စီမံကိန်းလုပ်ငန်းများ၊ ရငွေသုံးငွေများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဘတ်ဂျက်အလေအလွင့်မရှိ**

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက ပြည်သူများအတွက် မအောင်မြင်သည့် စီမံကိန်းများနေရာတွင် For Show များ လုပ်နေမည့်အစား ပြည်သူများ အမှန်တကယ် လိုအပ်နေသည့် လျှပ်စစ်ဓာတ်အားရရှိရေး၊ ဆက်သွယ်ရေးလမ်းများ၊ တံတားများ၊ ကောင်းမွန်ရေးတို့တွင် ဘတ်ဂျက်အလေအလွင့်မရှိစေဘဲ သုံးငွေကို ထိထိရောက်ရောက်သုံးစွဲနိုင်လျှင် အနာဂတ်နိုင်ငံ၏ တိုးတက်ရေးကို အထောက်အကူပြုနိုင်မည် ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပိုလျှံငွေပြန်အပ်ခြင်း၊ ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းများနှင့်ပတ်သက်၍ လမ်းညွှန်ချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်မှသာ ဘတ်ဂျက်လိုငွေနှင့် GDP အချိုးကိုလည်း ယခုထက်လျော့ကျသွားစေနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက ငွေလုံးငွေရင်း အသုံးစရိတ်ပါ လုပ်ငန်းစီမံကိန်းများနှင့် ပတ်သက်ပြီး လုပ်ငန်းအပ်နှံဆောင်ရွက်မှုများတွင် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုမရှိခြင်း၊ စံချိန်စံညွှန်း မပြည့်မမီခြင်း၊ အချိန်မီ မပြီးစီးနိုင်ခြင်း၊ ကန်ထရိုက်လုပ်ငန်းများ အကျိုးစီးပွားဆက်နွှယ်မှုများနှင့် အုပ်စုဖွဲ့ဆောင်ရွက်နေမှုများကြောင့် ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုစသည့်ဖြစ်ရပ်များကို စိစစ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် အမှန်တကယ်ကုန်ကျမည့် PAE နှုန်းထားများထက် ပိုမိုတောင်းခံမှုများကို ဝန်ကြီးဌာနအနေဖြင့် စနစ်တကျစိစစ်ရန်၊ ငွေလုံးငွေရင်း အသုံးစရိတ်များကို ထိရောက်စွာ သုံးစွဲနိုင်ရေးနှင့် အချိန်မီပြီးစီးနိုင်ရေး စနစ်တကျ စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ နော်ခရစ္စထွန်း(ခေါ်) ဒေါက်တာအားကာမိုးက နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများသည် စီးပွားရေးဆန်ဆန် ကိုယ်ပိုင်ရန်ပုံငွေဖြင့် လည်ပတ်သင့်ပါကြောင်း၊ နိုင်ငံတော်ဘတ်ဂျက်ကို မှီခိုသည်ဖြစ်စေ၊ မမှီခိုသည်ဖြစ်စေ၊ အကျိုးအမြတ်ရရှိမှုနည်းပြီး အရှုံးများနေမည်ဆိုပါက မဆောင်ရွက်သင့်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရန် အချိန်လွန်ပြီး ပြုပြင်ခြင်းမဆောင်ရွက်ပါက ပျက်စီးသွားမည်ဖြစ်ပါကြောင်း၊ ပြောင်းလဲနေသည့် ဈေးကွက်စီးပွားရေးစနစ်နှင့် မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ ယန္တရားတစ်ခုလုံးကို ပြန်လည်ဆန်းစစ်ပြီး အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

*စာမျက်နှာ ၈ သို့*

# အမျိုးသားမြေယာဥပဒေရေးဆွဲနိုင်ရေး၊ မြေအသုံးချရေးကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များတွင် ကူညီပေးနိုင်မည့်အခြေအနေများဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် မြန်မာနိုင်ငံတွင် အမျိုးသားမြေအသုံးချမှုမူဝါဒ(၂၀၁၆) ရေးဆွဲခဲ့စဉ် ကူညီဆောင်ရွက်ခဲ့သည့် အလှူရှင်အဖွဲ့အစည်းများဖြစ်သော U.S Agency for International Development မှ General Development Officer ဖြစ်သူ Mr. Travis Guymon ၊ European Union မှ Programme Manager ဖြစ်သူ Ms. Deophine Brissonneau နှင့် ရန်ကုန်မြို့ရှိ ဆွစ်ဇာလန်နိုင်ငံသံရုံး၏ Head of Cooperation ဖြစ်သူ Mr. Markus Buerli တို့အား ယနေ့ ညနေ ၄ နာရီတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ **(ဓါတ်ပုံ)**

ထိုသို့ တွေ့ဆုံဆွေးနွေးရာ၌ ဇန်နဝါရီ ၁၇ ရက်တွင် ဖွဲ့စည်းခဲ့သည့် အမျိုးသားမြေယာအသုံးချမှု ကောင်စီဖွဲ့စည်းခဲ့ပြီးနောက် အမျိုးသားမြေယာဥပဒေရေးဆွဲနိုင်ရေး၊ မြေအသုံးချရေး ကော်မတီများ၊ လုပ်ငန်းကော်မတီများဖွဲ့စည်း၍ ဆက်လက်ဆောင်ရွက်နိုင်ရေး၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင် USAID, EU နှင့် ဆွစ်ဇာလန်နိုင်ငံတို့မှ ထောက်ပံ့ကူညီဆောင်ရွက်သွားနိုင်မည့် အခြေအနေများအား အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**

*ပြည်ထောင်စုလွှတ်တော်အစည်းအဝေးမှ*

## နိုင်ငံတော်ဘဏ္ဍာငွေက ကျခံသုံးစွဲ

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများမှ အသုံးစရိတ်အားလုံးကို နိုင်ငံတော်ဘဏ္ဍာငွေက ကျခံသုံးစွဲ ခွင့်ပြုထားသည်မှာ စီးပွားရေး လုပ်ငန်း ရှုံးခုရှိပြီး ထုတ်လုပ်၊ ဖြန့်ဖြူးမှုနှင့် ဝန်ဆောင်မှုများကို မိမိကိုယ်ပိုင်ငွေက ကျခံသုံးစွဲရမည်ဖြစ်ပြီး ကျန်အသုံးစရိတ်များကို နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံသုံးစွဲခွင့်ပြုထားသည့် စီးပွားရေးအဖွဲ့အစည်း ၁၁ ခုရှိပါကြောင်း၊ အရှုံးဖြစ်ပေါ်နေသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် ပြည်ထောင်စုရန်ပုံငွေနှင့် ဆောင်ရွက်နေသည့် လုပ်ငန်းရှုံးခုနှင့် ဘဏ္ဍာရန်ပုံငွေပြင်ပအနေဖြင့် မြန်မာ့သင်္ဘောကျင်း တစ်ခုကို ရှုံးလအတွက် အရှုံးဖြစ်ပေါ်နိုင် အနေဖြင့် တွက်ချက်လျာထားသည်ကို တွေ့ရပါကြောင်း ဆွေးနွေးသည်။

အလားတူ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးကျော်နီနိုင်၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၈)မှ ဦးမျိုးဝင်း၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၊ ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးဝေ့တင်း၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဝေစိန်အောင်၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၊ နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင်၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင်၊ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခေါ်)မောင်တင်သစ်၊ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း၊ ဆိပ်ကြီး၊ ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး၊ မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးကျော်ကျော်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂) မှ ဦးပြုံးလွင်တို့က ဆွေးနွေးကြသည်။

**မျိုးမြင့်၊ အေးအေးသန့်(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမအသင်းများ အမှန်တကယ်ရှိနေပြီး လုပ်ငန်းလည်ပတ်နေခြင်း ဟုတ်၊ မဟုတ်အပေါ် ပြန်လည်စိစစ်ရန် လိုအပ်ဟု လွှတ်တော်ကိုယ်စားလှယ် ပြောကြား

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မြေပြင်တွင် သမဝါယမအသင်းများ အမှန်တကယ်ရှိနေပြီး လုပ်ငန်းလည်ပတ်နေခြင်း ဟုတ်၊ မဟုတ်အပေါ် ပြန်လည်စိစစ်ရန်လိုအပ်သည်ဟု ထင်မြင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာက ပြောကြားသည်။

ရန်ကုန်တိုင်း ဒေသကြီးအတွင်း (ကိုကိုးကျွန်းမြို့နယ် မပါ)၌ ဖွဲ့စည်းထားသော သမဝါယမအသင်းပေါင်း ၂၈၂၂ အသင်းရှိကြောင်းနှင့် အဆောက်အအုံပေါင်း ၁၅၈၈ လုံး၊ မြေကွက်ပေါင်း ၇၁၄ ကွက်ပေါ်တွင် လုပ်ငန်းများ လည်ပတ်နေကြောင်း ယနေ့ကျင်းပသော တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာက ပြောသည်။

ကျောက်တံတားမြို့နယ်အတွင်း စာရင်းအရ အသင်းပေါင်း ၆၅ သင်းရှိပြီး မြေပြင်တွင် လေ့လာကြည့်သောအခါ အချို့အသင်းများသည် အမည်သာကျန်၍ နေရာရှာ၍မရတော့ကြောင်း သိရသည်။ အချို့အသင်းများမှာ သမဝါယမဆိုင်ရာ လုပ်ငန်းများကို အသင်းကိုယ်တိုင် ဆောင်ရွက်လုပ်ကိုင်ခြင်း မဟုတ်တော့ဘဲ အခန်းငှားထားရုံမျှသာ ဖြစ်နေသည်ကို တွေ့ရကြောင်း၊ သမဝါယမအသင်းအနေဖြင့် အိုးအိမ်ဦးစီးဌာနမှ လစာအနည်းငယ်ဖြင့် ငှားရမ်းပြီး အသင်းလုပ်ငန်း လုပ်ဆောင်ခြင်းမရှိဘဲ အခန်းကို တစ်ဆင့်ပြန်လည်ငှားထားခြင်းမျိုးကိုလည်း တွေ့ရကြောင်း၊ ကျောက်တံတားမြို့နယ်အတွင်းရှိ ၆၅ သင်းအနက် ၅၈ သင်း အလုပ်လုပ်ပြီး ခုနစ်သင်းမှာ အလုပ်မလုပ်တော့ကြောင်း သိရပြီး အသင်းအချို့တွင် အသင်းသားများကိုယ်တိုင် အသင်း၏လုပ်ဆောင်ပုံများ၊ အစည်းအဝေးများပေါ်တွင် ကျေလည်မှုမရှိသည့်အတွက် တိုင်ကြားထားသည်ကို မြို့နယ်အတော်များများတွင် ကြားသိနေရကြောင်း၊ အချို့အသင်းများသည် လူရှစ်ဦးခန့်ဖြင့် ဖွဲ့စည်းထားသည်ကိုလည်း တွေ့ရပါကြောင်း၊ သမဝါယမအသင်းများသည် လုပ်ငန်းလုပ်ဆောင်ရာတွင် ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုကဏ္ဍတို့ကို ဆောင်ရွက်လျက်ရှိပြီး အသင်းအမျိုးအစားပေါင်း ၃၁ မျိုးရှိကြောင်း သိရသည်ဟု တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်က ပြောသည်။

ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ ဖွဲ့စည်းထားသော သမဝါယမအသင်းစုများအနက် ဌာန၏ စိစစ်ဆောင်ရွက်ချက်အရ လုပ်ငန်းဆောင်ရွက်နိုင်ခြင်း မရှိသော သမဝါယမအသင်း ၃၆ သင်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း စာရင်းရှင်းလင်း ဖျက်သိမ်းပြီးကြောင်းနှင့် အသင်း ၃၈ သင်းကိုလည်း စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးသို့ တင်ပြထားဆဲဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်းက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ၃၀-၁-၂၀၁၈ ရက်အထိ ဖွဲ့စည်းထားသည့် သမဝါယမအသင်းများမှာ ဗဟိုသမဝါယမအသင်းတစ်သင်း၊ သမဝါယမအသင်းစုချုပ် ခုနစ်သင်း၊ သမဝါယမအသင်းစု ၇၇ သင်း၊ အခြေခံသမဝါယမအသင်း ၂၇၄၃ သင်း စုစုပေါင်း သမဝါယမအသင်း ၂၈၂၈ သင်းရှိပြီး လုပ်ငန်းကဏ္ဍအလိုက် ခွဲခြားပါက ကုန်ထုတ်လုပ်မှု သမဝါယမအသင်း ၁၀၃၀၊ ဝန်ဆောင်မှု သမဝါယမအသင်း ၈၆၁ သင်းနှင့် ကုန် သွယ်မှု သမဝါယမအသင်း ၉၃၇ သင်းရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ပြည်တွင်းအသေးစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုရှိရန်အတွက် ရန်ကုန်တိုင်းဒေသကြီးဖိနပ်လုပ်ငန်းရှင်များ မျိုးတူစုအဖွဲ့ စတင်ဖွဲ့စည်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ပြည်တွင်းအသေးစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်ပဈေးကွက်လွှမ်းမိုးမှုကို ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး ဖိနပ်လုပ်ငန်းရှင်များ မျိုးတူစုအဖွဲ့ကို ယနေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှု ဦးစီးဌာနမှူးရုံး၌ စတင်ဖွဲ့စည်းသည်။



ရန်ကုန်တိုင်းဒေသကြီး ဖိနပ်လုပ်ငန်းရှင်များ မျိုးတူစုအဖွဲ့ဥက္ကဋ္ဌ ဦးကံညွန့်

"ဒီကနေ့ ရန်ကုန်တိုင်းဒေသကြီး ဖိနပ်လုပ်ငန်းရှင်များ မျိုးတူစုအဖွဲ့ဖွဲ့စည်းပေးတဲ့ ရည်ရွယ်ချက်က ပြည်တွင်းအသေးစားလုပ်ငန်းရှင်တွေ ငွေကြေးအရင်းအနှီး၊ နည်းပညာပိုင်း၊ ဈေးကွက်ကအစ ဌာနနဲ့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ဖို့နဲ့ ပံ့ပိုးကူညီတဲ့အခါမှာလည်း အဖွဲ့ကို ဆက်သွယ်လိုက်တာနဲ့ လုပ်ငန်းရှင်တွေအားလုံး ပါလာနိုင်အောင် ထိရောက်မှုလည်း ရှိအောင် ဖွဲ့စည်းပေးခြင်း ဖြစ်ပါတယ်၊ ဥပဒေအရလည်း အမှန်တကယ်ဖွဲ့စည်းပေးဖို့ လိုအပ်တာပါ၊ အခုဆို မြို့နယ်ရှစ်မြို့နယ် ဖွဲ့စည်းပြီး ဖြစ်ပါတယ်၊ ဖိနပ်လုပ်ငန်းရှင်များ မျိုးတူအစုအဖွဲ့က သုံးမြို့နယ်၊ ကျောက်စိမ်း၊ ပန်းပုလုပ်ငန်းရှင်တွေ မျိုးတူစုအဖွဲ့က ငါးမြို့နယ် ဖွဲ့ပြီးပါပြီ၊ ဒီကနေ့ကတော့ တိုင်းဒေသကြီး ဖိနပ်လုပ်ငန်းရှင်တွေ မျိုးတူစုအဖွဲ့ကို ပထမဆုံး ဖွဲ့စည်းပေးတာပါ၊ နောက်လည်းပဲ ကျွန်တော်တို့အနေနဲ့ လုပ်ငန်းသဘာဝတူတာတွေ ဖွဲ့ပေးသွားမှာ ဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမော်က ပြောသည်။

ယနေ့ ဖွဲ့စည်းလိုက်သော ရန်ကုန်တိုင်းဒေသကြီး ဖိနပ်လုပ်ငန်းရှင်များ စုအဖွဲ့ကို ပထမဆုံး ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ပြီး အသေးစားစက်မှုလက်မှုဦးစီးဌာနအနေဖြင့် မြို့နယ်အဆင့် ဖိနပ်လုပ်ငန်းရှင်စုအဖွဲ့ သုံးမြို့နယ်နှင့် ကျောက်စိမ်း၊ ပန်းပုလုပ်ငန်းရှင် မျိုးတူစုအဖွဲ့ ငါးမြို့နယ်ကို များမကြာမီက ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သည်။ ယင်းကဲ့သို့ မြို့နယ်အလိုက် အိမ်တွင်းစက်ချုပ် လုပ်ငန်းမျိုးတူစုအဖွဲ့များ၊ ပြည်တွင်းအသေးစားလုပ်ငန်း သဘာဝမျိုးတူစုဖွဲ့များကို ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနအနေဖြင့် ဆက်လက်ဖွဲ့စည်းပေးသွားမည် ဖြစ်ကြောင်းနှင့် ကျန်ရှိနေသော ပြည်တွင်းအသေးစား လုပ်ငန်းရှင်များအနေဖြင့် မျိုးတူစုအဖွဲ့များသို့ ဝင်ရောက်လိုလျှင် အသေးစားစက်မှုလက်မှုလုပ်ငန်းရုံးသို့ မှတ်ပုံတင်လျှောက်ထားကာ စတင်ဝင်ရောက်နိုင်ပြီဖြစ်ကြောင်း သိရသည်။



ရန်ကုန်တိုင်းဒေသကြီး ဖိနပ်လုပ်ငန်းရှင်များ မျိုးတူစုအဖွဲ့ စတင်ဖွဲ့စည်း ရွေးချယ်နေကြစဉ်။ ဓာတ်ပုံ-မင်းထက်

"အခုက SME အသေးစားချေးငွေက တကယ်အလုပ်လုပ်နေတဲ့ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းရှင်တွေရဲ့လက်ထဲကို တိုက်ရိုက် အခုချိန်ထိ မရောက်သေးဘူး၊ အဲဒါကြောင့် အခုလို တိုင်းအဆင့်ဖွဲ့ပြီး အစိုးရအဖွဲ့တွေနဲ့ ဆက်သွယ်ပြီး တကယ်လိုအပ်နေတဲ့ အသေးစားလုပ်ငန်းလေးတွေ အောင်မြင်အောင်နဲ့ အခုကလုပ်ငန်းတိုးတက်ဖို့က ငွေကြေးရင်းနှီးမြှုပ်နှံနိုင်ဖို့ ဖြစ်ပါတယ်၊ အခုဆိုရင် တခြားတိုင်းပြည်ကဝင်နေတဲ့ ဖိနပ်တွေ ဝယ်စီးနေရတယ်၊ ပြည်ပက မဝယ်ရဘဲနဲ့ ပြည်တွင်းကလုပ်တဲ့ ဖိနပ်ကို ကိုယ့်ပြည်သူတွေ စီးနိုင်အောင် အရင်ကြိုးစားရမယ်၊ ကျွန်တော်တို့ ပြည်တွင်းလုပ်ငန်းရှင်တွေအနေနဲ့ ပြည်ပတင်ဖို့ဆိုတာ အလှမ်းဝေးသေးတယ်၊ ကိုယ့်နိုင်ငံဈေးကွက်ကိုပဲ အရင်ကြိုးစိုးနိုင်အောင် ကြိုးစားရဦးမှာ၊ အခုချိန်ထိ ပြည်တွင်းဈေးကွက် မကာကွယ်နိုင်သေးဘူး၊ ပြည်ပဖိနပ်တွေ ကြီးစိုးနေသေးတယ်၊ ဒီစိန်ခေါ်မှုတွေကို ကျွန်တော်တို့အနေနဲ့ တွန်းလှန်နိုင်ဖို့ ကြိုးစားရဦးမှာပါ"ဟု ဦးကံညွန့် (ရန်ကုန်တိုင်းဒေသကြီး ဖိနပ်လုပ်ငန်းရှင်များ မျိုးတူစုအဖွဲ့ဥက္ကဋ္ဌ)က ပြောသည်။

ပြည်တွင်းဖိနပ် လုပ်ငန်းရှင်များအနေဖြင့် လတ်တလော ကြုံတွေ့နေရသောအခက်အခဲမှာ တရုတ်ပြည်မှ ဈေးပေါပေါနှင့် တင်ပို့နေသော ဖိနပ်များကြောင့် ပြည်တွင်းဖိနပ်လုပ်ငန်းရှင်များမှာ အခက်တွေ့နေရသည်။ ပြည်တွင်းလုပ်ငန်းရှင်များ ရေရှည်ရပ်တည်နိုင်ရန် လက်ရှိဖိနပ်လုပ်ငန်းများ ခိုင်မာပြီး ပြည်တွင်းဈေးကွက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ယခုကဲ့သို့ ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

အမှတ်(၂)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးနှင့် လုံခြုံရေးတပ်ဖွဲ့ခွဲများ၏ (၃၂)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ဌာန၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ အမှတ်(၄)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲမှူးကြီး ခင်မောင်သော် တက်ရောက်အားပေးခဲ့ပြီး အမှတ်(၃)လုံခြုံရေးရဲတပ်ဖွဲ့ခွဲ ခေတ္တတပ်ဖွဲ့ ခွဲမှူး ရဲမှူး စိုးမိုးအောင် ဦးစီးတပ်ဖွဲ့ဝင် ၄၉ ဦး၊ အမှတ်(၉) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲ ဒုတိယရဲမှူး အောင်မြင့် ဦးစီးတပ်ဖွဲ့ဝင် ၁၁ ဦးတို့ စုပေါင်းသွေးလှူဒါန်းကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ပြင်ဦးလွင်မြို့၌ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေး ဆောင်ရွက်

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၂၂**

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၀) သော်ကလမ်းသွယ် (၃)တွင် အများပြည်သူ လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် ဖေဖော်ဝါရီ ၂၁ ရက်က ပြင်ဦးလွင်ခရိုင်အတွင်းရှိ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၃၁ ဦးအား အဖွဲ့သုံးဖွဲ့ခွဲ၍ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ဒုအထွေထွေမန်နေဂျာ၊ ခရိုင်နှင့် မြို့နယ်မှ မန်နေဂျာများနှင့် ပြင်ဦးလွင်မြို့နယ် လက်ထောက်မန်နေဂျာနှင့် Diamond Bee Co., Ltd ၏ ဒါရိုက်တာတို့က ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ၁၁ ကေဗွီဓာတ်အားလိုင်း ၃၀၀ပေ၊ ၄၀၀ဗို့ဓာတ်အားလိုင်း ပေ ၁၀၀၀ နှင့် ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီ ဓာတ်အားခွဲရုံတို့ကို နေ့ချင်းပြီး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
**ကြေညာချက်အမှတ်(၂၇/၂၀၁၈)**
၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်
(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ**ကို မှတ်ပုံတင်အမှတ်(၄၁)ဖြင့် ၁၉-၈-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် (၉၂/၂၀၁၀) ဖြင့် လည်းကောင်း၊ **ကရင်ဒီမိုကရက်တစ်ပါတီ**ကို မှတ်ပုံတင်အမှတ်(၅၁)ဖြင့် ၁-၂-၂၀၁၂ ရက်စွဲပါ ကြေညာချက်အမှတ်(၉/၂၀၁၂) ဖြင့်လည်းကောင်း၊ **စည်းလုံးညီညွတ်သောကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ**ကို မှတ်ပုံတင်အမှတ် (၈၈)ဖြင့် ၁၇-၆-၂၀၁၅ ရက်စွဲပါ ကြေညာချက် အမှတ်(၁၈/၂၀၁၅) ဖြင့်လည်းကောင်း နိုင်ငံရေးပါတီများအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ကရင်ဒီမိုကရက်တစ်ပါတီနှင့် စည်းလုံးညီညွတ်သောကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ**တို့ ပူးပေါင်း၍ ပါတီတစ်ခုတည်းအဖြစ် ဖွဲ့စည်းပြီး ပါတီလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် **ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)** အဖြစ် မှတ်ပုံတင်ခွင့်ပြုပါရန် လျှောက်ထားခဲ့ရာ ကော်မရှင်ကလိုအပ်သလို စိစစ်ပြီး **ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)** ကို မှတ်ပုံတင်အမှတ်(၁၀၈)ဖြင့် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်စွဲပါ ကြေညာချက်အမှတ်(၂၆/၂၀၁၈)ဖြင့် မှတ်ပုံတင်ခွင့်ပြုပါသည်။ ထိုသို့ မှတ်ပုံတင် ခွင့်ပြုခဲ့သည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ နိုင်ငံရေး ပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၂၅ နှင့် ညွှန်ကြားချက်အမှတ်(၁/၂၀၁၃) အရ **ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ကရင်ဒီမိုကရက်တစ်ပါတီနှင့် စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ**တို့ကို နိုင်ငံရေး ပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီများကို ဖျက်သိမ်းရမည်ဖြစ်ပါသည်။ ထိုသို့ဖျက်သိမ်းလိုက်သော ပါတီများ၏ ပါတီတစ်ခုချင်းစီပိုင် ပါတီပိုင်ပစ္စည်းများအားလုံးကို ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ (Karen National Democratic Party) ပိုင်ပစ္စည်းများအဖြစ် စာရင်းပြောင်းလက်ခံရယူဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ကရင်ဒီမိုကရက်တစ်ပါတီနှင့် စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ**တို့အား ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခြင်းကို ပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းကြောင်း ကြေညာလိုက်သည်။

**လှသိန်း**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးပါတီ (People Life for Development Party) အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၂၅/၂၀၁၈)**
**၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်**
**(၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)**

**ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးပါတီ** (People Life for Development Party) **အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ Golden View Tower၊ ဦးအောင်မြတ်လမ်းနှင့် ၁၂၃ လမ်းထောင့်၊ ပထမထပ်၊ အမှတ် ၂၃ တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးပါတီ (People Life for Development Party)** အား ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးပါတီ (People Life for Development Party)**၏ မှတ်ပုံတင်အမှတ်မှာ (၁၀၇)ဖြစ်ပါသည်။

**လှသိန်း**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# နိုင်ငံကျော် ပန်းချီဆရာကြီး ၇၃ ဦး၏ လက်ရာပန်းချီကားများကို ပြတိုက်လှုပ်ရှားမှု ပန်းချီပြပွဲအဖြစ် အမျိုးသားပြတိုက်(ရန်ကုန်)၌ ပြသ၊ ဝါသနာရှင်များနှင့် နိုင်ငံခြားသားများ လာရောက်လေ့လာကြည့်ရှု

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ အမျိုးသားပြတိုက်(ရန်ကုန်)က ဦးစီးကျင်းပသော "ပြတိုက်လှုပ်ရှားမှု ပန်းချီပြပွဲ" (Museum Activity Art Exhibition) ကို ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် (ရန်ကုန်) တွင် ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၈ ရက်အထိ ကျင်းပလျက်ရှိရာ ပန်းချီပညာရှင်များ၊ ဝါသနာရှင်များနှင့် နိုင်ငံခြားသားများ လာရောက်လေ့လာကြည့်ရှုလျက်ရှိသည်။



အဆိုပါပြပွဲတွင် မြန်မာနိုင်ငံ၌ ထင်ရှားကျော်ကြားလျက်ရှိသော ပန်းချီဆရာကြီး ၇၃ ဦး၏ လက်ရာမြောက် ပန်းချီကား ၇၃ ခုကို ရွေးချယ်ပြသထားခြင်းဖြစ်သည်။ ယင်း ပန်းချီကားများကို ဆီဆေး၊ ရေဆေးတို့ဖြင့် ရေးဆွဲထားပြီး မြန်မာ့ရှုခင်းများ၊ ရိုးရာ ဝတ်စားဆင်ယင်မှုများ၊ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာ ပွဲတော်များ၊ ကျေးလက်ဒေသ သဘာဝ အလှအပများကို ပေါ်လွင်အောင် ရေးဆွဲထားသည့် ပန်းချီကားများအပြင် ခေတ်ပေါ် ပန်းချီကားများနှင့် နိုင်ငံ့ခေါင်းဆောင်ကြီးများ၏ ပုံတူပန်းချီကားများလည်း ပါဝင်သည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ အမျိုးသားပြတိုက် (ရန်ကုန်) ညွှန်ကြားရေးမှူး ဒေါ်နန်းလောဝ်ငင်းက "အမျိုးသားပြတိုက်မှာ ပန်းချီပြပွဲနဲ့ပတ်သက်ပြီး မလုပ်နိုင်ခဲ့တာ နှစ်ပေါင်း ၂၀ ကျော်ကြာခဲ့ပါပြီ၊ ကျွန်မတို့ ပြတိုက်မှာ ခေတ်အဆက်ဆက် ပန်းချီလက်ရာတွေရှိပါတယ်၊ ဒါပေမယ့် ၁၉၉၀ လောက်အထိပဲ စုဆောင်းနိုင်ခဲ့တာပါ၊ အဲဒီနောက်ပိုင်းမှာ မစုဆောင်းနိုင်ခဲ့ပါဘူး၊ ဒါ့ကြောင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းတာမျိုးအပြင် နှစ်ပေါင်း ၂၀ လောက်ကွာဟသွားခဲ့တဲ့ ပန်းချီဆရာတွေရဲ့လက်ရာတွေကို ပန်းချီလေ့လာသူ ပြည်သူတွေသိရှိနိုင်ဖို့ ရည်ရွယ်ကျင်းပရတာဖြစ်ပါတယ်၊ ဒီပြပွဲကိုတော့ ပြတိုက်တာဝန်ရှိသူတွေနဲ့ ပန်းချီအနုပညာရှင်တွေ နဲ့ ပူးပေါင်းပြီး ပြသတာပါ၊ ကျန်ရှိနေသေး ပန်းချီဆရာကြီးတွေရဲ့ လက်ရာမြောက် ပန်းချီကားတွေ ကိုလည်း ပြပွဲတွေ ကျင်းပပြီး ဆက်လက်ပြသသွားမှာဖြစ်ပါတယ်"ဟုပြောသည်။

အဆိုပါပြပွဲကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၈ ရက်အထိကျင်းပလျက်ရှိပြီး နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပြသလျက်ရှိရာ ပန်းချီပညာရှင်များ၊ ဝါသနာရှင်များ၊ နိုင်ငံခြားသားများနှင့် ပြည်သူများ လာရောက်လေ့လာကြည့်ရှုကြကြောင်းသိရသည်။

ပြပွဲ၌ ပန်းချီဆရာကြီးဦးလွန်းကြွယ် အပါအဝင် ပန်းချီဆရာများက လက်တွေ့သရုပ်ဖော်ရေးဆွဲခြင်း အစီအစဉ်ကို ဖေဖော်ဝါရီ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ပြုလုပ်သွားမည်ဖြစ်ပြီး ယင်းကဲ့သို့ ရေးဆွဲသည့် ပန်းချီကားများကို အမျိုးသားပြတိုက်(ရန်ကုန်)သို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ Museum Talk အစီအစဉ်ကို ဖေဖော်ဝါရီ ၂၁ ရက်က ပြုလုပ်ခဲ့ပြီး ယင်းအစီအစဉ်တွင် ပြတိုက်နှင့် အနုပညာသမားများ ဆက်စပ်မှု အကြောင်းအရာများအပေါ် ပန်းချီဆရာကြီး ဦးလွန်းကြွယ် အပါအဝင် ပန်းချီဆရာများက ဆွေးနွေးဟောပြောခဲ့ကြသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party) အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၂၆/၂၀၁၈)**
**၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်**
**(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)**

**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party) အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကရင်ပြည်နယ်၊ ဘားအံမြို့၊ ဦးအောင်မြတ်လမ်း၊ အမှတ်(၇) ရပ်ကွက်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)** အား ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)** ၏ မှတ်ပုံတင်အမှတ်မှာ (၁၀၈)ဖြစ်ပါသည်။

**လှသိန်း**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒ

၁။ **ထုတ်လုပ်မှုလျှော့ချရေးနှင့် အစားထိုးဖွံ့ဖြိုးရေး**

(က) မူးယစ်ဆေးဝါးစိုက်ပျိုးမှု၊ ထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုနှင့် မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သောမှုခင်းများ လျှော့ချရေး။

(ခ) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် စုံစမ်းဖော်ထုတ်ဖမ်းဆီးရေး အတွက် ထိရောက်သောဥပဒေ ပြဋ္ဌာန်းသတ်မှတ်ရေး။

(ဂ) မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်သော ငွေကြေးခဝါချမှုနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး။

(ဃ) ဘိန်းစိုက်ပျိုးမှုနှင့် မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်သော လုပ်ငန်းများ အပေါ် မှီခိုနေရမှု လျှော့ချနိုင်ရေးအတွက် အခြေခံအဆောက်အအုံများနှင့် လူသား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး အပါအဝင် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၂။ **သုံးစွဲမှုလျှော့ချရေးနှင့် နောက်ဆက်တွဲအန္တရာယ်လျှော့ချရေး**

(က) ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ အန္တရာယ်ကျရောက်လွယ်သော လူအုပ်စုနှင့် ပြည်သူလူထုအတွက် မူးယစ်ဆေးဝါးသုံးစွဲမှု မရှိစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(ခ) မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် ကုသမှုအခွင့်အလမ်းများ ပိုမိုရရှိစေရေးနှင့် ကုသရေးဝန်ဆောင်မှုများ၏ အရည်အသွေးပြည့်မီရေး။

(ဂ) မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များနှင့် လူထုအတွင်း ပြန်လည်ဝင်ဆံ့ရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသော ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ဆိုးကျိုးများနှင့် အန္တရာယ်များလျှော့ချရေး။

(င) ဆေးကုသရာတွင် အသုံးပြုသော ထိန်းချုပ်မူးယစ်ဆေးဝါးများအား စနစ်တကျမှန်ကန်လုံလောက်စွာ အသုံးပြုနိုင်ရေး။

၃။ **နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး**

မူးယစ်ဆေးဝါး ပြဿနာကို ကာကွယ်တားဆီးရာတွင် ဘုံပြဿနာအဖြစ် ကိုယ်စီတာဝန်ရှိသည်ဟူသော သဘောတရားကိုခံယူ၍ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး။

၄။ **သုတေသနလုပ်ငန်းများ တိုးမြှင့်ရေး**

မူးယစ်ဆေးဝါးပြဿနာ၏ ပကတိအခြေအနေမှန်ကို သိရှိနိုင်ရန် သုတေသနနှင့် ခွဲခြမ်းစိတ်ဖြာမှု (Research and Analysis) လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရေး။

၅။ **လူ့အခွင့်အရေးပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရေး**

ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများအပါအဝင် အန္တရာယ်ကျရောက်လွယ်သော လူအုပ်စုများအတွက် ကုသရေး၊ ပြန်လည်ထူထောင်ရေး၊ တရားမျှတမှု အခွင့်အလမ်းနှင့် လူမှုရေး ဝန်ဆောင်မှုများရရှိစေရန် ဖန်တီးပေးရေး။

**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့**

# ရခိုင်ပြည်နယ်အတွင်း ဂျပန်နိုင်ငံအစိုးရအထောက်အပံ့ဖြင့် ဆောင်ရွက်သွားမည့်လုပ်ငန်းစီမံကိန်းများ လက်မှတ်ရေးထိုး

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးပြည်ထောင်စုစီမံကိန်း (UEHRD) လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်အားဖြည့်နိုင်ရန် ဂျပန်နိုင်ငံအစိုးရ အထောက်အပံ့ဖြင့် သက်ဆိုင်ရာ ကုလသမဂ္ဂ အဖွဲ့ခြောက်ဖွဲ့က ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် စီမံကိန်းနှစ်ရပ်လက်မှတ်ရေးထိုးပွဲကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E .Mr. Tateshi HIGUCHI, UNICEF, WFP, UNFPA, UNDP, UNHCR, UN Woman အဖွဲ့မှ ဌာနေကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲတွင် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာစီမံကိန်းများအလိုက် အထောက်အပံ့များအတွက် ဂျပန်နိုင်ငံအစိုးရအားကျေးဇူးအထူးတင်ရှိပါကြောင်း၊ စီမံကိန်းများ ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းများတွင် မြန်မာနိုင်ငံအစိုးရဦးဆောင်မှုဖြင့် (UEHRD) လုပ်ငန်းစဉ်ပါ ပြန်လည်လက်ခံရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးခြင်း၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးများ ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးက ဂျပန်နိုင်ငံအစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွက် ဂျပန်ယန်းငွေ ၂ ဒသမ ၂ ဘီလီယံခန့်အကူအညီပေးရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တွေ့ဆုံဆွေးနွေးရာတွင် သဘောတူညီခဲ့ပါကြောင်း၊ UEHRD မှတစ်ဆင့် ဆောင်ရွက်ရန် ကုလသမဂ္ဂအဖွဲ့ခြောက်ဖွဲ့သို့ ရန်ပုံငွေထောက်ပံ့မည်ဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr.




Taro Kono အနေဖြင့် ရခိုင်ပြည်နယ် မောင်တောမြို့ရှိ ပြန်လည်လက်ခံရေးစခန်းများနှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်သို့ မျက်မြင်သွားရောက်လေ့လာပြီးနောက် ရခိုင် ပြည်နယ်အတွက် အကူအညီများ ဆက်လက်ပေးအပ်သွားရန် ဂျပန်အစိုးရမှ ဆုံးဖြတ်ခဲ့ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ကျောက်တော်မြို့၌ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ် (ဆင့်ပွား) သင်တန်းဆင်း

**ကျောက်တော် ဖေဖော်ဝါရီ ၂၂**

မြောက်ဦးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနက ဖွင့်လှစ်သည့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ် (ဆင့်ပွား) သင်တန်းဆင်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ကျောက်တော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဇော်က တက်ရောက်အမှာစကားပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်နန်းမိုးနွယ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**သဘာဝဘေးအန္တရာယ်**

မြောက်ဦးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျန်းမာရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ကြက်ခြေနီတပ်ဖွဲ့တို့က သဘာဝဘေးအခြေခံ ဝေါဟာရများ၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအယူအဆနှင့် စက်ဝန်း၊ မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလေ့ရှိသော သဘာဝဘေးအန္တရာယ်နှင့် မီးဘေးအကြောင်း၊ ထိခိုက်ခံရလွယ်မှု၊ ထိတွေ့နိုင်ခြေနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေတို့၏ သက်ရောက်မှုများကို နားလည်ခြင်း၊ သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတု ပြောင်းလဲမှုကို သိမြင်နားလည်ခြင်း၊ ကြိုတင်သတိပေးစနစ်၊ ကြိုတင်ကာကွယ်ရေးနှင့် ဘေးအန္တရာယ်လျော့ပါးသက်သာစေရေးနည်းလမ်းများ၊ သဘာဝဘေး အန္တရာယ်နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆက်စပ်နေမှု၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒများနှင့် ဆောင်ရွက်မှုများ၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေး၊ သဘာဝဘေး အန္တရာယ်နှင့်ကျန်းမာရေး၊ ရှေးဦးပြုစုနည်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ခြုံငုံလေ့လာခြင်းနှင့် ပြန်လည်တည်ဆောက်ရေး ဘာသာရပ်များကို စာတွေ့လက်တွေ့သင်ကြားပို့ချခဲ့သည်။

**သုံးရက်ကြာမြင့်**

သင်တန်းသို့ ကျောက်တော်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မောင်တောမြို့နယ် ဂေါ်ဒူသာရကမ်းခြေ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားနှစ်ဦးအပါအဝင် လူငါးဦးအား လုပ်သေနတ်တစ်လက်နှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲပိုင်းတွင် မောင်တောမြို့နယ် ဂေါ်ဒူသာရကမ်းခြေ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်မည့် ဟူဆောင်းအာမက်၊ အာလီဟူဆိန်းတို့နှစ်ဦးနှင့် ၎င်းတို့ထံရောက်ရှိနေသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားနှစ်ဦး၊ မောင်တောမြို့နယ် မြို့မကညင်တန်းရပ်ကွက်နေ ဆော်ယူဆလန်တို့အား လုပ်သေနတ်တစ်လက်၊ ၁၂ ဗို့ ကျည်တစ်တောင့်၊ ငွေကျပ် ၁၂၀၀၀၀၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသုံး တာကာငွေ ၁၀၅၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ရှေးဦးစစ်ကြောချက်များအရ လုပ်သေနတ်၊ ဆက်စပ်ပစ္စည်းနှင့် ငွေများမှာ ဆော်ယူဆလန်၏ ပစ္စည်းများဖြစ်ကြောင်း စုံစမ်းသိရှိရပြီး ဖမ်းဆီးရမိသူငါးဦးအား ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့နှင့် ပတ်သက်ဆက်နွှယ်မှု၊ မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာသည့် ရည်ရွယ်ချက်တို့ကို သိရှိနိုင်ရန် အသေးစိတ် ထပ်မံစစ်ကြောလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# အကျိုးဆောင်လုပ်ငန်းလိုင်စင်မရှိဘဲ ပြည်ပနိုင်ငံသို့ အလုပ်ရမည်ပြောပြီး အကျိုးအမြတ်ရယူကာ အလုပ်သမားများ ပို့ဆောင်ပေးသူများအား အရေးယူ

**ပုသိမ်ကြီး ဖေဖော်ဝါရီ ၂၂**

ပုသိမ်ကြီးမြို့နယ် ကျောက်ချော ကျေးရွာ အေးရှားဝေါတိုးဂိတ်အတက်လမ်းတွင် ဖေဖော်ဝါရီ ၂၀ ရက် ည ၈ နာရီခန့်က မန္တလေးတိုင်းဒေသကြီး ရဲအကူတပ်ဖွဲ့ခွဲမှ ရဲအုပ်သစ်ဆန်းဦး၏ လူမှောင်ခိုကူးမှု သတင်းပေးချက်အရ အုန်းချောနယ်မြေ ရဲစခန်းမှုစခန်းမှူး ရဲအုပ်ဇော်မြင့်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ စောင့်ဆိုင်းနေကြစဉ် မြင်းခြံမှမူဆယ်သို့ ယာဉ်မောင်း ဦးထိန်ဝင်း မောင်းနှင်လာသော ကြယ်တံခွန်မှန်လုံအမြန်ယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့သည်။

**စစ်ဆေးပေါ်ပေါက်**

ယင်းသို့စစ်ဆေးရာတွင် ယာဉ်ပေါ်၌ လိုက်ပါလာသည့် မြင်းခြံမြို့နေ ကိုထက်ဝေအောင်ပါ အမျိုးသား ၄၄ ဦး၊ အမျိုးသမီးရှစ်ဦး စုစုပေါင်း ၅၂ ဦးအား ကျော်စိုးလင်း မြင်းခြံမြို့ ဂွေးတောက်ပင်ကျေးရွာနေသူနှင့် အောင်လင်း မြင်းခြံမြို့ တောင်သူကွင်းစိုက်အုပ်စု မန်ကျီးသမျှားရွာနေသူတို့ နှစ်ဦးက တရုတ်နိုင်ငံ ကွမ်တုံမြို့ရှိ ပရိဘောဂစက်ရုံတွင် အလုပ်လုပ်ပါက တစ်လငွေကျပ် ငါးသိန်းခန့်ရရှိမည်ဟု စည်းရုံး၍ တစ်ဦးလျှင် ငွေကျပ် ငါးသိန်းနှစ်သောင်းနှုန်းဖြင့် အလုပ်အပ်နှံပေးရန် ခေါ်ဆောင်လာခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

**ဆောင်ရွက်**

အဆိုပါ အလုပ်သမားပို့ဆောင်ပေးသူနှစ်ဦးနှင့် ပူးတွဲပါ ၅၂ ဦးတို့အား အုန်းချောနယ်မြေရဲစခန်း၌ ခေါ်ယူစစ်ဆေးမေးမြန်းခဲ့ရာ တရုတ်နိုင်ငံရှိ ပရိဘောဂစက်ရုံတွင် အလုပ်လုပ်ရန်လိုက်မည်ဆိုပါက ကျော်စိုးလင်းက ၂၆ ဦးအား တစ်ဦးလျှင် ငွေကျပ် ငါးသိန်းနှစ်သောင်းဖြင့် လည်းကောင်း၊ အောင်လင်းက ၂၆ ဦးအား တစ်ဦးလျှင် ငါးသိန်းငါးသောင်းဖြင့် လည်းကောင်း ငွေကြေးလက်ခံ၍ ခေါ်ဆောင်လာခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ပူးတွဲပါ ၅၂ ဦးအား အကျိုးဆောင်လုပ်ငန်းလိုင်စင်မရှိဘဲ ပြည်ပနိုင်ငံသို့ အလုပ်လုပ်ကိုင်ရန် အကျိုးအမြတ်ရယူကာ အလုပ်သမားများအား စုဆောင်းပို့ဆောင်သူ ကျော်စိုးလင်းနှင့်အောင်လင်းတို့နှစ်ဦးအား (ယာပုံ) ဥပဒေအရ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်းနှင့် အဆိုပါ ၅၂ ဦးအား အမှတ်(၁၄) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု ရဲမှူးနှင့်စခန်းမှူးတို့က ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအနီးရှိ ဓမ္မာရုံ၌ တည်းခိုနေထိုင်ရေး၊ စားသောက်ရေး ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **အောင်စံမောင်**



# ခရမ်းမြို့မှ သကျမာရဇိန်သွန်းဘုရားကြီး (၉၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်



**ခရမ်း ဖေဖော်ဝါရီ ၂၂**

လွန်ခဲ့သောနှစ်ပေါင်း ၉၀ ကျော်က ရှေးဘိုးဘွားများ တည်ထားကိုးကွယ်ခဲ့သော ခရမ်းမြို့မြို့ကျက်သရေဆောင် သကျမာရဇိန် သွန်းဘုရားကြီး (၉၄) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၄ ရက်အထိ ၁၁ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ပွဲတော်ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက သွန်းဘုရားကြီးမင်္ဂလာမုခ်ဦးနှင့် ဘုရားကြီးဂန္ဓကုဋိတိုက်တို့၌ နှစ်ပိုင်းခွဲ၍ ပြုလုပ်ခဲ့သည်။

ဗုဒ္ဓပူဇနိယပွဲတော် ၁၁ ရက် ကျင်းပရာတွင် ဖေဖော်ဝါရီ ၂၁ ရက် နံနက်၉နာရီက ရွှေသားစစ်စစ်အလေးချိန် ၇၀ ကျပ်သားရှိ ရွှေနှင့် ပတ္တမြားသင်းကျစ်တော်ကို သွန်းဘုရားကြီးအား ကပ်လှူပူဇော်ခြင်းမင်္ဂလာနှင့် ရှေးဟောင်းထီးတော်စေတီ တည်ထားခြင်း မင်္ဂလာတို့ဖြင့် စတင်ကျင်းပခဲ့ပြီး ဖေဖော်ဝါရီ ၂၂ ရက်တွင် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲကို သွန်းဘုရားကြီး၏ မင်္ဂလာမုခ်ဦး၌ ကျင်းပပြီး ဂန္ဓကုဋိတိုက်အတွင်းမှ ဆရာတော်ကြီးများက မဟာပဋ္ဌာန်းတော်များ ရွတ်ဖတ်ပူဇော်ကြသည်။

ဖေဖော်ဝါရီ ၂၅၊ ၂၆၊ ၂၇၊ ၂၈ ရက်နှင့် မတ် ၁ ရက်များတွင် ဘုရားကြီးတန်ဆောင်းတွင်း၌ ပွဲတော်လာပြည်သူများအား စေတနာရှင်များက စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ သံဃာတော် ၁၀၈ ပါးတို့အား ဘုရားကြီးတန်ဆောင်းအတွင်း၌ ဆွမ်းဆန်တော်များလောင်းလှူခြင်း၊ ဘုရားအနေကဇာတင်ခြင်း၊ ဓမ္မပူဇာအထူးတရားပွဲများ ကျင်းပခြင်း၊ ငွေပဒေသာပင်စိုက်ထူထားကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းများကို အစီအစဉ်အတိုင်း ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပွဲတော်ရက်အတွင်း ပျော်ပွဲရွှင်ပွဲများအဖြစ် ဇာတ်ပွဲနှင့်အငြိမ့်ပွဲများ၊ ဟာသပွဲများ၊ ချားရဟတ်များ၊ တောင်သူလယ်သမားသုံးပစ္စည်းရောင်းပွဲများ၊ လူသုံးကုန်ပစ္စည်းရောင်းပွဲများ၊ ပညာရေးရန်ပုံငွေမဲဖောက်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**




# ခိုလုံလီရှောတိုင်းရင်းသားရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပ

**နမ့်ခမ်း ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့၌ ခိုလုံလီရှော တိုင်းရင်းသားရိုးရာနှစ်သစ်ကူးပွဲတော် မန့်နားရပ်ကွက်ရှိ ခိုလုံလီရှောတိုင်းရင်းသားယဉ်ကျေးမှု ကွင်းပြင်တွင် ဖေဖော်ဝါရီ ၂၁ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ နှစ်သစ်ကူးပွဲတော်အခမ်းအနားတွင် ခိုလုံလီရှောတိုင်းရင်းသားယဉ်ကျေးမှုဥက္ကဋ္ဌ ဦးကျော်မြင့်က နှုတ်ခွန်းဆက်မင်္ဂလာစကား ပြောကြားခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်က အမှာစကားပြောကြားခဲ့သည်။

ယခုကျင်းပသော နှစ်သစ်ကူးပွဲတော်မှာ မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်မြို့အပါအဝင် အနယ်နယ်အရပ်ရပ်ရှိ မြို့ပြ၊ ကျေးလက်တောင်ပေါ် ကျေးရွာများရှိ ခိုလုံလီရှောတိုင်းရင်းသားများ စုပေါင်းလျက် ယဉ်ကျေးမှုအဖွဲ့ချုပ်က ကျင်းပခြင်းဖြစ်ပြီး ရှမ်း၊ ကချင်၊ ကရင်၊ တအာင်း (ပလောင်)၊ လီဆူ၊ ခိုလုံလီရှော တိုင်းရင်းသားရိုးရာအကများဖြင့် တင်ဆက်ကပြကြသည်။

နှစ်သစ်ကူးပွဲတော် အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ညာဏ်မင်း(နမ့်ခမ်း)**

# တာချီလိတ်မြို့ပေါ်ရှိ ဘဏ်များ လုံခြုံရေးချထားမှု ကြီးကြပ်စစ်ဆေးခြင်းနှင့်အတူ ဟောင်လိတ်လမ်းဆုံ၌ လုံခြုံရေးအရ ပိတ်ဆို့ရှာဖွေမှုများ ပြုလုပ်

**တာချီလိတ် ဖေဖော်ဝါရီ ၂၂**

ပြည်သူအများ ဘေးကင်းလုံခြုံစေရေး၊ ရာဇဝတ်မှုခင်းများ လျော့နည်းပပျောက်စေရေးရည်ရွယ်ကာ တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြို့ပေါ်ရှိဘဏ်များ လုံခြုံရေးချထားမှု ကြီးကြပ်စစ်ဆေးခြင်းနှင့်အတူ ဟောင်လိတ်လမ်းဆုံ၌ လုံခြုံရေးအရ ပိတ်ဆို့ရှာဖွေမှုများကို ဖေဖော်ဝါရီ ၂၁ ရက် ညပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထိန်ဝင်း၏ ညွှန်ကြားမှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းနု၊ မြို့မရဲစခန်းမှူး ဒုရဲမှူး မျိုးခိုင်တို့က မြို့ပေါ်ရှိဘဏ်များ အနီးဝန်းကျင်ရှိ လုံခြုံရေးအရ တာဝန်ချထားသည့် ရဲတပ်ဖွဲ့ဝင်များကို လိုက်လံကြီးကြပ်စစ်ဆေးခြင်း၊ မြို့အဝင်ဖြစ်သည့် ဟောင်လိတ်လမ်းဆုံ၌ ခရိုင်ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ဆေခမ်းပြည်သူ့စစ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့ဝင်များက မော်တော်ယာဉ်နှင့် ဆိုင်ကယ်တို့ကို လုံခြုံရေးအရ ပိတ်ဆို့ရှာဖွေမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ပြုလုပ်ရာတွင် လားရှိုးမြို့၌ ဖေဖော်ဝါရီ ၂၁ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်ပြီး တာချီလိတ်မြို့ရှိ ပြည်သူများ ဘေးကင်းလုံခြုံမှုရှိစေရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က လုံခြုံရေးချစောင့်ဆိုင်းခြင်း၊ ပိတ်ဆို့ရှာဖွေမှုများ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**




# မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်စေရန် ငွေကြေးနှင့် နည်းပညာဆိုင်ရာ ထောက်ပံ့ပေးနိုင်မည့်ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးရန်လင်းသည် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ Mr. Ancha Srinivasan ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) မှ မြန်မာဌာနေကိုယ်စားလှယ် Ms. Xiaojie Fan နှင့် အီတလီရုံးချုပ်မှ Mr.Cano Brau တို့အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် လည်းကောင်း၊ The World Bank မှ Ms.Nagavalli Annamalai နှင့် အဖွဲ့အား ညနေ ၃ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-10) အစည်းအဝေးခန်းမ၌ သီးခြားစီ တွေ့ဆုံသည်။

**ဆွေးနွေး**

ADB, FAO အဖွဲ့များနှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံအလယ်ပိုင်း၊ အပူပိုင်းဇုန်အတွင်း စိုက်ပျိုးရေးနည်းပညာများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နည်းပညာအထောက်အပံ့ပေးရေး၊ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းဆိုင်ရာ တန်ဖိုးကွင်းဆက်စီမံကိန်းနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**ထောက်ပံ့**

The World Bank အဖွဲ့နှင့် တွေ့ဆုံစဉ် မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်စေရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (MADB) အပါအဝင် အစိုးရဘဏ်များအား ငွေကြေးနှင့် နည်းပညာဆိုင်ရာ ထောက်ပံ့ပေးနိုင်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လားရှိုးမြို့ ဗုံးပေါက်ကွဲမှုမှ သေဆုံး၊ ဒဏ်ရာရရှိသူများအား ထောက်ပံ့ငွေများပေးအပ်

**လားရှိုး ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ လမ်းမတော်လမ်း ရပ်ကွက် ၂ နယ်မြေ ၁၁ မှ ရိုးမဘဏ်နှင့် ရောဝတီဘဏ် အနီး ပေါက်ကွဲမှုမှ သေဆုံး၊ ဒဏ်ရာရရှိသူများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖေဖော်ဝါရီ ၂၂ ရက်နံနက် ၁၁ နာရီခွဲက ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

ထောက်ပံ့ငွေများကို ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာ အောင်သန်းမောင်၊ ပြည်နယ်ဒုတိယ အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်နှင့်အဖွဲ့တို့သည် လားရှိုးမြို့ပြည်သူ့ဆေးရုံတွင်တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး စိုးရိမ်ရလူနာများအတွက် တစ်ဦးလျှင် ငွေကျပ်သုံးသိန်း၊ မစိုးရိမ်ရလူနာများအတွက် တစ်ဦးလျှင် ငွေကျပ် နှစ်သိန်း၊ သာမန်လူနာများအတွက် ငွေကျပ် ငါးသောင်းနှင့် သေဆုံးလူနာ အမျိုးသမီးနှစ်ဦးအတွက် တစ်ဦးလျှင် ငွေကျပ်ငါးသိန်းဖြင့် စုစုပေါင်း ၂၃ ဦးတို့အတွက် ငွေကျပ် ၃၀၅၀၀၀၀ အား လူနာများနှင့် သက်ဆိုင်သူများထံသို့ အရောက်ပေးအပ်ခဲ့သည်။ **(ယာပုံ)**



ထို့အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှလည်း သေဆုံးသူ တစ်ဦးလျှင် ငွေကျပ်သုံးသိန်းဖြင့် လည်းကောင်း၊ ထိခိုက်ဒဏ်ရာရလူနာများအတွက် တစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၆၅၀၀၀၀ ကိုလည်းကောင်း ပေးအပ်ခဲ့ပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှလည်း သေဆုံးသူ အမျိုးသမီးနှစ်ဦးအတွက် တစ်ဦးလျှင် ငွေကျပ်နှစ်သိန်း၊ ပြင်းထန်ဒဏ်ရာရရှိသူ ခြောက်ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှုန်း၊ သာမန်ဒဏ်ရာရရှိသူ ၁၅ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၁ ဒသမ ၅ သိန်းအား လားရှိုးပြည်သူ့ဆေးရုံကြီး၌ ထောက်ပံ့ပေးအပ်ခဲ့သည်။ အလားတူ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့်လည်း သေဆုံး၊ ထိခိုက်၊ ဒဏ်ရာရရှိသူ ၂၃ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၄၆ သိန်းတိတိအား ထောက်ပံ့ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**ဟန်ဌေး(လားရှိုး)**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ထူးခြားသည့်ညအပူချိန်များမှာ နမ့်စန်မြို့နှင့်ဟားခါးမြို့တို့တွင် ၂ ဒီဂရီ စင်တီဂရိတ်စီ၊ ဟဲဟိုးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ သီပေါမြို့၊ ပင်လောင်းမြို့နှင့် မိုင်းယန်းမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ လွိုင်လင်မြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ မချမ်းဘောမြို့တွင် ၀ ဒသမ ၁၂ လက်မဖြစ်သည်။

**မိုး/ဇလ**

## တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးရွာနိုင်သည်။

**မိုး/ဇလ**

# ဦးကိုနီ လုပ်ကြံခံရမှုနှင့်ပတ်သက်၍ ဖမ်းဆီးခံထားရသည့် အောင်ဝင်းထွန်းအား အာမခံပေးလိုက်ကြောင်း သိရ



**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

တရားလွှတ်တော်ရှေ့နေ ဦးကိုနီ လုပ်ကြံခံရမှုနှင့်ပတ်သက်၍ သေနတ်သမား ကြည်လင်းနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်းတို့ကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးသို့ ရုံးထုတ်ခဲ့ပြီး တရားလိုပြ ပြန်ခေါ်သက်သေခြောက်ဦး စစ်ဆေးခဲ့ကြောင်းနှင့် အာမခံလျှောက်ထားသူတစ်ဦး အာမခံရရှိခဲ့ကြောင်း အဆိုပါတရားရုံးမှ သိရှိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့် ပြန်ကြားရေး အရာရှိ ဒုတိယခရိုင် တရားသူကြီး ဦးရဲလွင်က "ဒီကနေ့ ကျွန်တော်တို့ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး တရားလို ရဲအုပ်မိုးနိုင်၊ ရာဇဝတ်ကြီး အမှုအမှတ် ၄၅/၂၀၁၇ တရားခံ ကြည်လင်း(ခေါ်)ဖိုးထူးပါ-၄ ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၃၄/၂၁၂ အရ စွဲဆိုမှုက ပြန်ခေါ်သက်သေအဖြစ် ဦးအောင်စိုး၊ ဦးလှမျိုးအောင်၊ ဦးဇော်မင်းဦး၊ ဦးမျိုးချစ်၊ ဦးမောင်ငွေနဲ့ ဦးစစ်ကဲတို့ ခြောက်ဦးကို စစ်ဆေးခဲ့ပါတယ်၊ ဒီနေ့စစ်ဆေးမှုမှာ အောင်ဝင်းထွန်းကနေ ပြီးခဲ့တဲ့ ရုံးချိန်းတုန်းက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၆ အရ အာမခံလျှောက်ရာမှာ သိန်း ၅၀၀ တန် အာမခံနှစ်ဦးနဲ့ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၆ အရ အာမခံခွင့်ပြုကြောင်း အထူးတရားရုံးက အမိန့်ချမှတ်ခဲ့တာ ရှိပါတယ်၊ အာမခံအနေနဲ့ ရွှေပြည်သာမြို့နယ် ၁၇ ရပ်ကွက် အပိုင်း ၃ ပန်းခြံနေ ဦးအောင်နိုင်ဖြစ်ပြီး နောက်တစ်ဦးက လှိုင်သာယာမြို့နယ် ၁၂ ရပ်ကွက် ဇမ္ဗူအေး ၁ လမ်းနေ ဦးသန်းဆင့် ဖြစ်တယ်၊ နောက်ရုံးချိန်းကတော့ ဖေဖော်ဝါရီ ၂၃ ရက်ကို ချိန်းဆိုထားပါတယ်"ဟု ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ကျောက်မဲမြို့နယ်၌ မိုင်းပေါက်ကွဲမှုကြောင့် နှစ်ဦးဒဏ်ရာရ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ် ကျောက်မဲမြို့ ပိန်းဆပ်ကျေးရွာနေ ဦးခင်မောင်လေး(၄၁ နှစ်)နှင့် ပန်စံကျေးရွာနေ ခန့်စည်သူ (၁၂ နှစ်)တို့သည် ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၃ နာရီက ကျွဲကျောင်းသွားစဉ် မိုင်းပေါက်ကွဲ၍ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

၎င်းတို့ နှစ်ဦးသည် ကျောက်မဲမြို့နယ် ပန်ကွဲကျေးရွာနှင့် ပိန်းဆပ်ကျေးရွာကြား၌ ကျွဲကျောင်းနေစဉ် ပေါက်ကွဲမှု ဖြစ်ပွားခဲ့သဖြင့် ဦးခင်မောင်လေးနှင့် ခန့်စည်သူတို့တွင် မိုင်းစထိမှန်ဒဏ်ရာများ (မစိုးရိမ်ရ)ရရှိခဲ့သဖြင့် ကျောက်မဲမြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# လောက်ကိုင်မြို့နယ်၌ မိုင်းပေါက်ကွဲမှုကြောင့် တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ် လောက်ကိုင်မြို့နယ် တာစင်ကျိုင်းကျေးရွာနေ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရှောက်ဝှာ၏ ကြံခင်း၌ အလုပ်လုပ်ကိုင်သူနှစ်ဦးသည် ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲ ၁၂ နာရီခွဲက ကြံခုတ်နေစဉ် မိုင်းပေါက်ကွဲမှုကြောင့် တစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးရှောက်ဝှာ၏ ကြံခင်းအတွင်း အလုပ်လုပ်နေသည့် ဒိုက်ဦးမြို့နယ် ကြံခင်းစုရွာနေ ဇော်လင်း(၃၆ နှစ်)နှင့် သန်လျင်မြို့နယ် ကရင်ဆိပ်ရွာနေ ထက်လင်းခန့် (၁၉ နှစ်)တို့ နှစ်ဦးသည် ကြံခုတ်၍ ကြံစည်းအား ပစ်ချလိုက်စဉ် ပေါက်ကွဲမှု ဖြစ်ပွားခဲ့သောကြောင့် ထက်လင်းခန့်တွင် ဒဏ်ရာများရရှိကာ သေဆုံးခဲ့ပြီး ဇော်လင်းတွင် ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့၍ လောက်ကိုင်ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ရေတာရှည်မြို့နယ်၌ တရားမဝင်သစ်တန် ၄၀ ကျော် ဖမ်းဆီးရမိ

**ရေတာရှည် ဖေဖော်ဝါရီ ၂၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်သည် ရိုးမသစ်တော ကြိုးဝိုင်းများနှင့် ဆက်စပ်လျက်ရှိပြီး ပွင့်လင်းရာသီ တစ်လျှောက် တရားမဝင်သစ်ခိုးထုတ်မှုများ ကျဆင်းစေရန် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် မကြာခဏ ဖမ်းဆီးရမိလျက်ရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနရုံးမှ သိရသည်။

မြို့နယ်သစ်တော ဦးစီးအရာရှိ ဦးကျော်ဆန်းမိုးနှင့် ဝန်ထမ်းများ၊ သစ်တောလုံခြုံရေး အဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒေသခံပြည်သူများ၏ သတင်းပေးကူညီမှုဖြင့် ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်က စမိုးဘိနယ်၊ အနောက်ဆွာတိုးချဲ့ကြိုးဝိုင်း အတွင်း ရှင်းလင်းဆောင်ရွက်ခဲ့ရာ ကျွန်းခွဲသား ဆိုက်စုံ ၁၃၄ ချောင်း (၀ ဒသမ ၈၁၁၈)တန်၊ ကျွန်းသစ် ၃၃ လုံး ၁၂ ဒသမ ၈၆၅ တန်၊ ပျဉ်းကတိုးသစ် အလုံး ၁၀၀ (၃၂ ဒသမ ၅၁၉ တန်) စုစုပေါင်း ၄၆ ဒသမ ၂၁၅၈ တန်အား ဖမ်းဆီးရမိခဲ့ပြီး **(အောက်ပုံ)** တရားမဝင်သစ် လုပ်ကိုင်သူများကို ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



# တာချီလိတ်မြို့ ရွှေတိဂုံစေတီ၌ ငြမ်းတိုင်ခြေရင်းရှိ အမှိုက်များမှတစ်ဆင့် မီးလောင်

**တာချီလိတ် ဖေဖော်ဝါရီ ၂၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ရွှေတိဂုံဘုရားပေါ်၌ ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၄ နာရီခန့်က ရွှေသင်္ကန်းကပ်လှူရန် ဆင်ထားသော ငြမ်းတိုင်ခြေရင်းရှိ အမှိုက်များမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(ယာပုံ)**

ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၄ နာရီခန့်တွင် တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ ရွှေတိဂုံဘုရားပေါ်တွင် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းနိုင်ဦး ဦးစီးအဖွဲ့နှင့် လူမှုရေးအဖွဲ့များ သွားရောက်ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုဖြစ်စဉ်အား စစ်ဆေးရာ ရွှေတိဂုံဘုရား တနင်္လာနှင့် အင်္ဂါထောင့်ရှိ စေတီတော်အား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန် ဆင်ထားသော ငြမ်းတိုင်၏ ခြေရင်းရှိ အမှိုက်များမှတစ်ဆင့် စတင်မီးလောင်ခဲ့ပြီး ငြမ်းတွင် ကာရံထားသည့် ဖျာတချို့ မီးလောင်ခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မိုရ်၊ ဓာတ်ပုံ-မောင်ယဉ်ကျေး**



# ကလေးနှစ်ဦး ထမင်းအိုးတည်ရာမှ ကျူးတဲခြောက်လုံး မီးလောင်ဆုံးရှုံး

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန် ဆိပ်ကမ်းသာလမ်း အလယ်ကျေးရွာအပိုင်ရှိ ဟွန်ဒါအထည်ချုပ်စက်ရုံနံဘေး ရွှေအိုးဆန်ဂိုဒေါင်ရှေ့တွင် နေထိုင်သည့် ကျူးကျော်တဲများအတွင်း ဖေဖော်ဝါရီ ၂၂ရက် နံနက် ၇ နာရီ ၄၅ မိနစ်က မီးလောင်မှုဖြစ်ပွားရာ ကျူးတဲခြောက်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက်ပိုင်းက ကျူးတဲတွင် နေထိုင်သည့် ကိုကျော်မင်းစိုးနှင့် မသီတာချိုတို့ အလုပ်သွားနေစဉ် တဲတွင်ကျန်ခဲ့သော ခြောက်နှစ်အရွယ်ရှိ မငုဝေဖြိုးနှင့် လေးနှစ်အရွယ်ရှိ မောင်ညီမောင်တို့ ထမင်းအိုးတည်ထားစဉ် ထရံကို မီးစွဲလောင်ရာမှ ကူးစက်၍ မီးလောင်ခြင်းဖြစ်သည်။

မီးလောင်ရာသို့ ရွှေလင်ပန်းမီးသတ်စခန်း၊ လှိုင်သာယာမီးသတ်စခန်းမှ ယာဉ်များဖြင့် ငြိမ်းသတ်ရာ နံနက် ၈ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် မိသားစုဝင် ၂၈ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ပြီး မီးလောင်မှုနှင့် ပတ်သက်၍ မသီတာချိုအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**၁၆၄**

# တရုတ်နိုင်ငံသူ နှစ်ဦး နွားလှည်းနှင့် တိုက်မိ၍ ဒဏ်ရာရ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၃၁ လမ်းရှိ ရတနာပုံဟိုတယ်တွင် တည်းခိုနေသည့် တရုတ်နိုင်ငံသူ နှစ်ဦး ဖေဖော်ဝါရီ၂၁ ရက် နံနက် ၈ နာရီက နွားလှည်းဖြင့် တိုက်မိ၍ ဒဏ်ရာရရှိသွားကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၁ ရက်က Ms.Huang Jing (၃၇ နှစ်) (ပတ်စ်ပို့အမှတ် E38407771) ပါ တရုတ်နိုင်ငံသူ နှစ်ဦးသည် အမရပူရမြို့နယ် ဦးပိန်တံတားအရှေ့ထိပ်၌ ဓာတ်ပုံရိုက်နေစဉ် အမရပူရမြို့နယ် တောင်သမန် ဆီမီးထွန်းကျေးရွာနေ အောင်နိုင်ထွန်း(၁၁ နှစ်)မောင်းနှင်လာသော နွားလှည်းဖြင့် တိုက်မိခဲ့၍ Ms.Huang Jing ပါ နှစ်ဦးတွင် ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့သောကြောင့် မန္တလေးဆေးရုံကြီး၌ ဆေးကုသမှုခံခဲ့ရကြောင်း သိရသည်။

**ကိုရဲ**

# ပခုက္ကူ၌ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ကျော် သိမ်းဆည်းရမိ

**မကွေး ဖေဖော်ဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ဖေဖော်ဝါရီ ၂၀ ရက်က မူဆယ်မြို့မှ ပေးပို့လိုက်သော စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ကျော်အား ဖမ်းဆီးရမိခဲ့ကြောင်း ပခုက္ကူမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မကွေးမြို့ အမှတ် ၁၅ မူးယစ်တပ်ဖွဲ့စုမှ ဒုရဲမှူးလှလွင် ဦးစီးသော ပူးပေါင်းတပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၀ ရက် ည ၇ နာရီခွဲက ပခုက္ကူမြို့ အဝေးပြေးကားကွင်း၌ မူးယစ်ဆေးဝါး သတင်းအရ စောင့်ဆိုင်းနေစဉ် ကားဂိတ်သို့ သီဟစိုး(ခ) ဖိုးသား (၂၃ နှစ်) အမှတ်-၃ ရပ်ကွက် ပခုက္ကူမြို့ နေသူသည် ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး မူဆယ်မြို့မှ ပခုက္ကူမြို့သို့ သွားမည့် ခရီးသည်တင်ယာဉ်ပေါ်တွင် မူဆယ်မြို့မှ ပါလာသည့် ဦးစိုးမင်း အမည်ပါ စောင်ထုပ် လေးထုပ်အား လာရောက်ရွေးယူသဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၉၀(ကာလတန်ဖိုး ငွေကျပ် ၁၉၉၅၀၀၀၀ ခန့်)အား ရှာဖွေတွေ့ရှိခဲ့သည်။

ထိုသို့ ရှာဖွေနေစဉ် ကားဂိတ်အတွင်းသို့ မျိုးသီဟအောင်(၁၉ နှစ်) အမှတ်-၄ ရပ်ကွက် ပခုက္ကူမြို့နေသူနှင့် လူတစ်ဦးတို့မှာ မူးယစ်ဆေးဝါးများ သယ်ဆောင်ရန် ဆိုင်ကယ်ဖြင့် ထပ်မံရောက်ရှိလာသဖြင့် စစ်ဆေးရှာဖွေရာ မျိုးသီဟအောင်အား ဖမ်းဆီးရမိပြီး အတူပါလာသည့် လူတစ်ဦးမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

ယင်းမူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့မှုနှင့် ပတ်သက်၍ သီဟစိုး(ခ)ဖိုးသားနှင့် မျိုးသီဟအောင်တို့အား ပခုက္ကူမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

# အထောက်အထားမဲ့ မော်တော်ယာဉ်နှင့် ဆိုင်ကယ်များ ဖမ်းမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၄၆ စီး၊ သွင်းကုန် ၄၉၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၆၀၊ သွင်းကုန် ၁၈၁ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၁ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၇၄၃ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၁၉၇ သန်းခန့် စုစုပေါင်း တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ ဒသမ ၉၄ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၂၁ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မူဆယ်သို့ သွားရောက်မည့် Toyota Alphard ယာဉ်တစ်စီးနှင့် မိုင်တိုင်အမှတ် ၁၉၅ မိုင် ၆ ဖာလုံ ကောင်းဆာကျေးရွာအနီးတွင် Mark II Blit ယာဉ်တစ်စီးတို့အား မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ စောင်စများဖြင့်ဖုံးအုပ်၍ တရားမဝင်သယ်ဆောင် လာသော ပိတောက်ခွားရွေ ၆၉ တုံး(၁ ဒသမ ၆၁၁၈ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် နှစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃ ဒသမ ၃၃၅ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

အလားတူ ဖေဖော်ဝါရီ ၂၀ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၏ ရှောင်ကွင်းလမ်းများတွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်သွားရောက်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Toyota Noah တစ်စီး ၊ Toyota Alphard တစ်စီး၊ Honda Fit တစ်စီး၊ Suzuki Motorcycle တစ်စီး၊ Honda Motorcycle တစ်စီး စုစုပေါင်း ဆိုင်ကယ်နှင့်ယာဉ် ငါးစီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉ ဒသမ ၅ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်၌ မြို့နယ်ဘောလုံးအဖွဲ့ချုပ် စတင်ဖွဲ့စည်း

**မိုးညှင်း ဖေဖော်ဝါရီ ၂၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ထွက်ပေါ်လာရန် ကြိုးပမ်းလျက်ရှိပြီး ကချင်ပြည်နယ်၌ ပထမဆုံးမြို့နယ် ဘောလုံးအဖွဲ့ချုပ်အဖြစ် မိုးညှင်းမြို့နယ် ဘောလုံးအဖွဲ့ချုပ်ကို ဖွဲ့စည်းခဲ့သည်။

မိုးညှင်းမြို့နယ် ဘောလုံးအဖွဲ့ချုပ်တွင် နာယက လေးဦး၊ အမှုဆောင် ၁၅ ဦးဖြင့် ဖွဲ့စည်းနိုင်ခဲ့ပြီး ဥက္ကဋ္ဌအဖြစ် ဒေါက်တာမောင်မောင်လေးက တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ ထို့ပြင် ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင်လည်း မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ထပ်မံဖွဲ့စည်းနိုင်ခဲ့ပြီး ကရင်ပြည်နယ်၌ ဘားအံမြို့နယ် ဘောလုံးအဖွဲ့ချုပ်၊ ဧရာဝတီတိုင်းဒေသကြီး၌ ဇလွန်၊ မော်လမြိုင်ကျွန်းနှင့် ဖျာပုံမြို့နယ် ဘောလုံးအဖွဲ့ချုပ်တို့ ထပ်မံပေါ်ထွက်ခဲ့သည်။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ အမှုဆောင် ရွှေခေတ် ဘောလုံးသမားဟောင်း ဦးရဲညွန့် ဦးဆောင်သည့် အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီးသို့ ထပ်မံသွားရောက်ခဲ့ပြီး ဇလွန်၊ မော်လမြိုင်ကျွန်းနှင့် ဖျာပုံမြို့နယ်တို့တွင် မြို့နယ်ဘောလုံးအဖွဲ့ချုပ်များ ထပ်မံဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည်။ ဇလွန်မြို့နယ် ဘောလုံးအဖွဲ့ချုပ်တွင် နာယက ၁၀ ဦး၊ အမှုဆောင် ၁၅ ဦး၊ မော်လမြိုင်ကျွန်းမြို့နယ် ဘောလုံးအဖွဲ့ချုပ်တွင် နာယက ခြောက်ဦး၊ အမှုဆောင် ၁၅ ဦး၊ ဖျာပုံမြို့နယ် ဘောလုံးအဖွဲ့ချုပ်တွင် နာယက ငါးဦး၊ အမှုဆောင် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် ရွှေခေတ်ဘောလုံးသမားဟောင်း ဦးတင်အောင်(ဂိုး) ဦးဆောင်သည့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၀ ရက်က ဘားအံမြို့၌ မြို့နယ်ဘောလုံးအဖွဲ့ချုပ် ဖွဲ့စည်းခဲ့ပြီး နာယက လေးဦး၊ အမှုဆောင် ၁၅ ဦးဖြင့် ဖွဲ့စည်းနိုင်ခဲ့ခြင်းဖြစ်သည်။

**ဖိုးသော်ဇင်**

# ကြယ်စင်ဖြိုးနှင့် စိုးလင်းဦးတို့ ဂျပန်လက်ဝှေ့သမားများအား အလဲထိုးအနိုင်ရ

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

သတ္တမအကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ဂျပန်နိုင်ငံ တိုကျိုမြို့ ကိုလခုအန်ခန်းမ၌ ဖေဖော်ဝါရီ ၂၀ ရက် ညနေက ကျင်းပခဲ့ရာ မြန်မာကစားသမားများဖြစ်ကြသော စိုးလင်းဦးနှင့် ကြယ်စင်ဖြိုးတို့အနိုင်ရရှိကာ ထွန်းလွင်မိုးက သရေကျပြီး မင်းထက်အောင်က ရှုံးခဲ့ကြောင်းသိရသည်။

အဆိုပါလက်ဝှေ့ပြိုင်ပွဲကို တွဲဆိုင်း ခုနစ်ဆိုင်းဖြင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ၆၆ ကီလိုတွင် ကြယ်စင်ဖြိုး(မြန်မာ)က ဟီကာရုဟာဆူမီ(ဂျပန်)ကို စတုတ္ထအချီတွင် အလဲထိုးအနိုင်ရရှိပြီး ချမ်ဝုမ်းဟောင်(တောင်ကိုရီးယား)က တိုင်ခီဖူကူဒါ(ဂျပန်)ကို ဒုတိယအချီ၌ အလဲထိုးအနိုင်ရရှိသွားသည်။ ထို့ပြင် ၁၀၀ ကီလိုတွင် စတုတ္ထအချီ၌ လက်ရည်မမျှသဖြင့် ခရစ်ဖိုင်း(ဩစတြေးလျ)က ဒိုင်ပွဲရပ်ဖြင့် ယာဘူ(ဂျပန်)ကို အနိုင်ရရှိသွားသည်။ ၇၀ ကီလိုတွင် စိုးလင်းဦး(မြန်မာ)က ဟာရေယူရာ(ဂျပန်)ကို ဒုတိယအချီ၌ အလဲထိုးအနိုင်ရရှိသွားသည်။ ထိုပွဲအတွက်ဆုများကို ဂျပန်ရုပ်ရှင်မင်းသားကြီး ဆန်နီချီးဘားက ချီးမြှင့်ပေးသည်။ ၇၃ ကီလို ပွဲစဉ်တွင် ဒုတိယအချီ၌ မင်းထက်အောင်(မြန်မာ)က ဆက်လက်မထိုးသတ်နိုင်သဖြင့် ခိုဟီတိုခဲရှိ(ဂျပန်)က အနိုင်ရရှိသွားသည်။ ၆၃ ကီလိုတွင် ထွန်းလွင်မိုး(မြန်မာ)နှင့် ဂျပန်နိုင်ငံ နာမည်ကြီး UFC ကစားသမား ရှူနီချီရှိမိ(ဂျပန်) တို့ပွဲမှာ ဘတစ်ပြန် ကျားတစ်ပြန်ထိုးသတ်ပြီး ပရိသတ်အကြိုက် ဖြစ်ခဲ့ကာ ပူးတွဲသရေကျသွားသည်။

ပြိုင်ပွဲသို့ မြန်မာ ကြည်း၊ ရေ၊ လေ စစ်သံမှူး ဗိုလ်မှူးချုပ်စောမင်းနှင့် မြန်မာပရိသတ်များစွာ လာရောက်အားပေးခဲ့ကြပြီး ယခင်ပွဲများနည်းတူ ရုံပြည့်ရုံလျှံ လာရောက်အားပေးခဲ့ကြသည်။ ယင်းလက်ဝှေ့ပွဲကို အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ်(ဂျပန်)နှင့် မြန်မာမီဒီယာဂရုတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

❑ *ကျောဖုံးမှ*

ယင်းပွဲမှာ မြန်မာ့လက်ရွေးစင်အသင်းအတွက် အာရှဖလား ခြေစစ်ပွဲ အောင်မြင်ရန် အရေးပါနေပြီး မဖြစ်မနေ နိုင်ပွဲရရန် လိုအပ်နေသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားခြေစစ်ပွဲ နောက်ဆုံးပွဲအဖြစ် မတ် ၂၇ ရက်တွင် မကာအိုအသင်းနှင့် အိမ်ကွင်းပွဲ ကစားရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် တစ်ကျော့ပြန် ယှဉ်ပြိုင်ခွင့်ရရန် ကြိုးပမ်းနေပြီး နည်းပြချုပ် ဂက်ဖရိုင်းဒရစ်အနေဖြင့် အောင်မြင်မှုရအောင် စွမ်းဆောင်ပေးရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းသည် လေးပွဲကစားအပြီးတွင် ငါးမှတ်ရထားပြီး ကာဂျစ္စတန်အသင်းက ခုနစ်မှတ်ရထားသည်။ ထို့ကြောင့် မြန်မာအသင်းသည် ကာဂျစ္စတန်အသင်းနှင့် တွေ့ဆုံသည့် ပြန်ကန်ပွဲတွင် မဖြစ်မနေ နိုင်ပွဲရရန် ကစားရမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

# မြန်မာနှင့်ဂျပန် ဘောလုံးအဖွဲ့ချုပ်နှစ်ခုအကြား လူငယ်ဖွံ့ဖြိုးရေး စီမံကိန်းများ မြှင့်တင်ဆောင်ရွက်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

ဂျပန်ဘောလုံးအဖွဲ့ချုပ် (JFA) ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနှင့်ဂျပန် နှစ်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်များအကြား လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းများ မြှင့်တင်ဆောင်ရွက်ရန်အတွက် ဖေဖော်ဝါရီ ၂၀ ရက်က မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF) ဥက္ကဋ္ဌ ဦးဇော်ဇော်ထံ လာရောက်တွေ့ဆုံခဲ့ကြသည်။**(ယာပုံ)** ထိုသို့ တွေ့ဆုံရာတွင် MFF ဥက္ကဋ္ဌနှင့်အတူ MFF တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် နည်းစနစ်ဒါရိုက်တာ ဦးတင်မြင့်အောင်၊ ဂျပန်ဘောလုံးအဖွဲ့ချုပ်မှ နိုင်ငံတကာ ဆက်ဆံရေး တွဲဖက်တာဝန်ခံ မစ္စတာ မက်ဆုနာဂ၊ နည်းပြများဖြစ်သည့် ရိုရှိဒါ အကီရာနှင့် တီရာမိနီအကီရာတို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

မြန်မာနှင့်ဂျပန် နှစ်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်များ ဆွေးနွေးဆုံးဖြတ်ခဲ့မှုများအရ မြန်မာဘောလုံးအကယ်ဒမီများနှင့် ဂျပန် ဘောလုံးအကယ်ဒမီများ အချင်းချင်းအပြန်အလှန် ခြေစမ်းပွဲများ ကစားခြင်း၊ နည်းပြများနှင့် နည်းစနစ်ပိုင်း မျှဝေခြင်း၊ ပူးပေါင်းလေ့ကျင့်ခြင်းများနှင့် ပြိုင်ပွဲများ ကျင်းပခြင်းတို့ အတူတကွဆောင်ရွက်ကြမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ တစ်ဆင့် ဂျပန်-အာဆီယံ နိုင်ငံများ ဘောလုံးဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး၊ ဘောလုံးပွဲတော်များ၊ ပြိုင်ပွဲများ ကျင်းပရေးတို့ကိုလည်း ဆောင်ရွက်မည်ဖြစ်သည်။

"အခုအချိန်မှာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေနဲ့ အကယ်ဒမီတွေ တည်ထောင်ပြီး လူငယ်ကစားသမားပေါ်ထွက်လာရေးအတွက် ဦးစားပေးဆောင်ရွက်နေသလို သက်တမ်းအလိုက်



အမျိုးသား၊ အမျိုးသမီး လူငယ်ပြိုင်ပွဲတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ် လူငယ်ဘောလုံးပြိုင်ပွဲတွေ၊ ဘောလုံးပွဲတော်တွေနဲ့ ဘောလုံးသင်တန်းတွေ ဖွင့်လှစ်ကျင်းပဆောင်ရွက်နေပါတယ်၊ ဂျပန်နိုင်ငံဘောလုံးအဖွဲ့ချုပ်နဲ့လည်း အရင်ကတည်းက ဆက်သွယ်ဆောင်ရွက်နေပေမယ့် ဒီနေ့ ဒီအချိန်မှာတော့ ပိုပြီးပူးပေါင်းဆောင်ရွက်နိုင်မယ့် အခွင့်အရေးရရှိနေပြီ ဖြစ်တဲ့အတွက် ဝမ်းသာမိပါတယ်"ဟု ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောသည်။

မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်သည် လက်ရှိ ဖွင့်လှစ်ထားသည့် အကယ်ဒမီသုံးခုတွင် ဂျပန်ဘောလုံးအဖွဲ့ချုပ်၏ အကူအညီဖြင့် ဂျပန်နည်းပြများ ခန့်အပ်၍ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-MFF**


၂၀၁၈ စာမေးပွဲအနီးကပ် Non-Stop 7days ဖေဖော်ဝါရီ(၂၆) စမယ်...တက်ရင်အောင်မယ်

YVC

ဆရာပိုင်(ပိုင်သချ်ာ)

၉၊၁၀-တန်း နေ့တက်အထူး ဘော်ဒါနှင့်

အဆင့်မြင့်တသင်စိုင်း

မြန်မာ - ဂုဏ်ထူးဦးသိန်းနိုင်
အင်္ဂလိပ် - ဦးနေအုပ်(စိန်ပေါလ်)
- ဦးကျော်ကျော်မိုး
သချ်ာ - ဆရာပိုင်(ပိုင်သချ်ာ)
ရူပ - ဦးမြတ်မင်းခိုင်
ဓာတု - ဦးဟိန်းထက်အောင်
ဇီဝ - Bio ဒေါ်မျိုးမျိုး
ဘောဂ - ဦးသက်ဝင်း(ဘောဂဂုဏ်)

နွေရာသီ (၃) လပြတ်
(စနေ+တနင်္ဂနွေ အထူး)
၇-၈-၉-၁၀ တန်း
သချ်ာသီးသန့်သင်တန်းများ

Essay, Letter, Gramar
အင်္ဂလိပ်စာသင်တန်းများ
မတ်လ(၁၀)ရက်နေ့စမယ်

၁၂၆၊ ဆိပ်ကမ်းသာလမ်း (အောက်)၊ ရန်ကုန်မြို့။ 09-73105201,09-443105201



**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 4C/9592၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃C/၉၆၆၃၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး၊(ရန်ကုန်မြောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4C/9592, BMW.Z3. S/L (4×2)(L)ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှလှမြင့် ၁၂/ကမရ(နိုင်)၀၁၀၁၂၇က(ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ခ/၃၇၆၁ Mitsubishi Canter FE 435C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဌေး ၁၄/ပသရ(နိုင်)၀၁၆၉၃၈က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး၊(ပုသိမ်မြို့)**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သန္တာ(၆)လမ်း၊ အမှတ် ၄၀၉/ခ ရှိ နှစ်ခန်းတွဲခြောက်ထပ်တိုက်၏ ငါးလွှာယာဘက်(ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၉ပေ×၅၄ပေ)ရှိရေမီးစုံတိုက်ခန်း တစ်ခန်းအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား တရားဝင်လက်ရှိပိုင်ဆိုင်သူဒေါ်မီမီဝင်း၁၂/ဗဟန (နိုင်)၀၁၆၆၁၆ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသန်းထိုက်ဇော် ၅/စကန(နိုင်)၁၅၂၂၂၂ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

| | | |
|---|---|---|
| ဒေါ်အေးမြသီတာ | ဒေါ်အေးသန္တာမင်းအောင် | ဒေါ်ဂျူးဂျူးလွင် |
| (LL.B) | (LL.B, D.B.L) | (LL.B) |
| စဥ်-၁၁၉၀၁ | စဥ်-၁၁၉၀၄ | စဥ်-၄၆၄၁၃ |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

ဖုန်း-၀၉-၄၂၁၁၄၀၃၂၉၊ ၀၉-၄၂၀၇၂၄၉၄

**ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း**

ဒီးမော့ဆိုမြို့နယ်၊ ရွှေယောက်ရပ်ကွက် အကွက်အမှတ်(၁) ဦးပိုင် (၁၆/၁)ဧရိယာ(၀.၆၉၂)ကေသည် ဦးပါတီရှိထံမှ ကျွန်တော် ဦးနိုင်ဦးက ဝယ်ယူ၍ (၃-၄-၂၀၁၄) ရက်တွင် စာချုပ်ချုပ် လက်မှတ်ရေးထိုးပါသည်။ မြေကွက်အမှတ်(၂) ဦးပိုင် (၁၉) ဧရိယာ (၀.၂၉၉) ဧက ကို ဒေါ်မေခင်ထံမှ (၈-၉-၂၀၁၄)ရက်နေ့တွင် စာချုပ်ချုပ် လက်မှတ်ရေးထိုးခဲ့ပါသည်။ ယင်းမြေကို ကျွန်တော် ဦးနိုင်ဦး တစ်ဦးတည်းသာ လက်ရှိအကျိုးခံစားကြောင်း တရားရုံး၌ ကျမ်းကျိန်၍ စာချုပ်စာတမ်းမှတ်ပုံတင်ထားပါသည်။ သက်ဆိုင်ရာသို့ မြေငှားဂရန် ရရှိရေးလျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူရှိက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာလိုက်သည်။

**ဦးနိုင်ဦး ၂/လကန(နိုင်)၀၀၂၀၇၃**

**ဝန်ထမ်းအလိုရှိသည်**
**(ပြည်တွင်း၌သာခန့်ထားရန်)**

Power Alliance Energy Group Co.,Ltd မှ စက်သုံးဆီ တင်သွင်းဖြန့်ချိရေးလုပ်ငန်းအတွက် အောက်ပါဝန်ထမ်းများအလိုရှိသည် -

| | |
|---|---|
| ၁။ GM (General Manager) | (၁)ဦး(ကျား) အသက်(၃၅-၄၅)နှစ်ဝန်းကျင် ဘွဲ့ရ၊ သက်ဆိုင်ရာလုပ်ငန်း ကျွမ်းကျင် စီမံအုပ်ချုပ်နိုင်သူ၊ ဆက်ဆံရေးကောင်းမွန်သူ |
| ၂။ Operation Manager | (၁)ဦး(ကျား)အသက်(၃၀-၃၅)နှစ်ဘွဲ့ရ (Management/Account) လုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိသူ၊ ခရီးသွားနိုင်သူ |
| ၃။ Office Manager | (၁)ဦး(မ)၊ အသက်(၃၀-၃၅)နှစ်ဘွဲ့ရ (Management/Account) လုပ်ငန်းအတွေ့အကြုံ(၅)နှစ်ရှိသူ |
| ၄။ Accountant(Senior/Junior) | (၂)ဦး (ကျား၊မ)၊ လုပ်ငန်းအတွေ့အကြုံ(၃)နှစ် အထက်ရှိသူဘွဲ့ရ သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရှိသူ |
| ၅။ Marketing Staff | (၂)ဦး(ကျား၊မ)လုပ်ငန်းအတွေ့အကြုံ(၃)နှစ်အထက်ရှိသူ ဘွဲ့ရရုပ်ရည်သန့်ပြန့်သူ/ဆက်ဆံရေးကောင်းမွန်သူ |
| ၆။Office Staff | (၄)ဦး(ကျား၊မ)၊ ကွန်ပျူတာ စာစီစာရိုက်ရုံးလုပ်ငန်းအတွေ့အကြုံရှိသူ/ဘွဲ့ရရုပ်ရည်သန့်ပြန့်သူ/ ဆက်ဆံရေးကောင်းမွန်သူ၊ ခရီးသွားနိုင်သူ |

လျှောက်ထားလိုသူများသည် (၆)လအတွင်းရိုက်ထားသော လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ သက်ဆိုင်ရာဘွဲ့လက်မှတ် မူရင်း/မိတ္တူ၊ မှတ်ပုံတင် မူရင်း/မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်၊ ရဲစခန်းထောက်ခံစာ၊ သန်းခေါင်စာရင်း မိတ္တူ/အလုပ်သမား မှတ်ပုံတင်များနှင့်အတူ တိုက်(၂)၊ ပထမထပ်၊ ဖျာပုံလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့ ကြော်ငြာပါသည့်ရက်မှ (၂)ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**Power Alliance Energy Group Co.,Ltd**
**Phone-09-2009388, 09-2042219**

**မွေးသက္ကရာဇ် အမှန်**

အမ်းမြို့နယ်၊ ဖက်ချောင်းအုပ်စု၊ ထန်းတောကျေးရွာနေ ဦးစောညွန့်-ဒေါ်အေးချမ်းဖြူတို့၏သား မောင်ဆန်းဝင်းဌေး ၁၁/အမန(နိုင်)၀၆၁၆၂၀၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၃-၁၉၉၇ ဖြစ်ပါကြောင်း။

**ကန့်ကွက်နိုင်ပါသည်**

စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ မြေကွက်အမှတ်(က/၄၈)နှင့် ပတ်သက်သော စာရွက်စာတမ်းများ ပျောက်ဆုံး သွားပါသဖြင့် မြေပေးမိန့် မူရင်းကွဲ ပြန်လည်လျှောက်ထားထုတ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးဝေစိုးဟန်**
**၅/စကန(နိုင်)၁၉၄၄၈၃**
**ဖုန်း-၀၉-၇၈၆၁၇၉၃၉၈**

**ပြည်ထဲရေးဝန်ကြီးဌာန**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင်အသုံးပြုရန် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ပရိဘောဂများကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာပုံစံရောင်းချမည့်ရက်မှာ ၂၃-၂-၂၀၁၈ ရက်မှ ၈-၃-၂၀၁၈ ရက်အထိ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာပုံစံနောက်ဆုံးတင်သွင်းရမည့်ရက်မှာ ၉-၃-၂၀၁၈ ရက် ၁၆း၀၀နာရီ ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာပုံစံများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရုံးအမှတ် (၄၅)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၅၁၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
**ဘိလပ်မြေစက်ရုံ(နေပြည်တော်)**
**လေလံတင်ဒါခေါ်ယူခြင်း**

၁။ ဘိလပ်မြေစက်ရုံ(နေပြည်တော်)၌ အသုံးမလိုတော့သည့် အောက်ဖော်ပြပါပစ္စည်းအဟောင်းများကို လေလံတင်ဒါစနစ်ဖြင့် လေလံတင်ရောင်းမည်ဖြစ်ပါ၍ လေလံတင်ဒါတင်သွင်းလိုသည့် လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | သံမဏိဘောစေ့အဟောင်း | ၂၂.၀၀တန် |
| (ခ) | သံတိုသံစအဟောင်း | ၁၅.၅၀တန် |
| (ဂ) | စက်ဆီ၊ ချောဆီအပျက် | ၂၈ ပီပါ |
| (ဃ) | ဘက်ထရီအဟောင်း | ၆၀ လုံး |
| (င) | တာယာအဟောင်း | ၂၁၁ လုံး |
| (စ) | ပီနန်အိတ်ခွံအဟောင်း | ၂၀၀ ပိဿာ |
| (ဆ) | Copper Wire အဟောင်း | ၈၂ ပေါင် |
| (ဇ) | ဆီပေပါခွံအဟောင်း | ၁၈၉ လုံး |

၂။ လေလံတင်ဒါပုံစံများကို ၂၆-၂-၂၀၁၈ရက်မှ ၈-၃-၂၀၁၈ရက်အထိ ဘိလပ်မြေစက်ရုံ(နေပြည်တော်)အရောင်းဌာနခွဲ၊ မြို့တော်ခန်းမ၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်ထုတ်ယူနိုင်ပြီး လေလံတင်ဒါများကို ၁၉-၃-၂၀၁၈ ရက် ညနေ ၄ နာရီ နောက်ဆုံးထားပေးသွင်းရမည်။

(အသေးစိတ်သိရှိလိုပါက-ဖုန်း-၀၆၇-၃၄၃၂၁၁၂၊ ၀၉-၂၅၄၀၈၀၅၄၂

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါသည်**

စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ မြေကွက်အမှတ် (က/၁၂၉)နှင့် ပတ်သက်သော စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် မြေပေးမိန့် မူရင်းကွဲ ပြန်လည်လျှောက်ထားထုတ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးစိုးဝင်း**
**၅/ခဥတ(နိုင်)၀၄၇၃၃၃**
**ဖုန်း-၀၉-၄၀၀၈၈၈၇၃၃၊**
**၀၉-၇၈၇၉၂၂၅၇၇**

# နိုင်ဂျီးရီးယားရှိ မိန်းကလေးကောလိပ်တစ်ခုအား ဘိုကိုဟာရမ်စစ်သွေးကြွများတိုက်ခိုက်

**အဘူဂျာ ဖေဖော်ဝါရီ ၂၂**

နိုင်ဂျီးရီးယားနိုင်ငံရှိ မိန်းကလေးကောလိပ်တစ်ခုအား ဘိုကိုဟာရမ်စစ်သွေးကြွအုပ်စုက ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အဆိုပါတိုက်ခိုက်မှုကို စုံစမ်းစစ်ဆေးရန် နိုင်ဂျီးရီးယားသမ္မတ မိုဟာမက်ဒူဘူဟာရီက ၎င်း၏အစိုးရအဖွဲ့ဝင်များအား မကြာသေးမီက ညွှန်ကြားခဲ့ကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီး မန်ဆာဒန်အလီ၊ နိုင်ငံခြားရေးဝန်ကြီး ဂျီအိုဖာရီအွန်ယာမာ၊ သတင်းအချက်အလက်နှင့် ယဉ်ကျေးမှုဝန်ကြီး လိုင်မိုဟာမက်တို့အား အခင်းဖြစ်ပွားရာ နိုင်ငံအရှေ့မြောက်ပိုင်း ယိုဘီပြည်နယ် ဒက်ပ်ချီရွာရှိ အစိုးရမိန်းကလေးနည်းပညာကောလိပ်တိုက်ခိုက်ခံရမှုနှင့် ပတ်သက်ပြီး စုံစမ်းရန် သမ္မတက ညွှန်ကြားထားကြောင်း သိရသည်။

အဆိုပါကောလိပ်အား ချက်ချင်းထိန်းချုပ်ပြီး ပျောက်ဆုံးနေသော ကျောင်းသူများကို ကယ်ဆယ်ရန် သမ္မတက စစ်တပ်နှင့် အခြားလုံခြုံရေးတပ်ဖွဲ့များကို ညွှန်ကြားထားကြောင်း ဝန်ကြီးက ပြောခဲ့သည်။

အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် အနည်းဆုံးကျောင်းသူ ၄၆ ဦး ပျောက်ဆုံးနေပြီး အခြားသတင်းများအရ အနည်းဆုံးကျောင်းသူ ၁၃ ဦးပျောက်ဆုံးနေဆဲဖြစ်ကြောင်း တာဝန်ရှိသူများက ပြောခဲ့သည်။

ဘိုကိုဟာရမ်အကြမ်းဖက်သမားများသည် လွန်ခဲ့သည့်လေးနှစ်က ယိုဘီပြည်နယ်အနီး ဘော်နိုပြည်နယ် ချီဘော့မြို့ရှိ မိန်းကလေးအလယ်တန်းကျောင်းတစ်ကျောင်းမှ မိန်းကလေး ၂၇၆ဦးအား ပြန်ပေးဆွဲပြီး အစိုးရနှင့် ဘိုကိုဟာရမ်စစ်သွေးကြွများ ညှိနှိုင်းမှုလုပ်နေစဉ်အတွင်း မိန်းကလေး ၁၀၇ ဦးသာ ပြန်လည်လွတ်မြောက်လာခဲ့သည်။

နိုင်ဂျီးရီးယားအရှေ့မြောက်ပိုင်းတွင် အစ္စလာမ့်နိုင်ငံတည်ထောင်ရန် ဘိုကိုဟာရမ်စစ်သွေးကြွများက ၂၀၀၉ ခုနှစ်ကတည်းက ကြိုးစားခဲ့ပြီး လူပေါင်း ၂၀၀၀၀ခန့်ကို သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



# အကျဉ်းသားများလွတ်မြောက်ရန် ထောင်ကားကို တိုက်ခိုက်ခဲ့သူအား အသေပစ်သတ်



**အဘူဂျာ ဖေဖော်ဝါရီ ၂၂**

ယမန်နေ့က နိုင်ဂျီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းပြည်နယ်၌ အကျဉ်းသားများလွတ်မြောက်ရန် ကြိုးစားခဲ့သည့် တိုက်ခိုက်ရေးသမားနှစ်ဦးအား အကျဉ်းထောင်လုံခြုံရေးများက ပစ်သတ်လိုက်ကြောင်း၊ အဆိုပါ တိုက်ခိုက်မှုအတွင်း အခြားသူများလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

တရားရုံးတွင် အမှုစစ်ဆေးရန် အကျဉ်းသား ၁၈ ဦးတင်ဆောင်လာသော ထောင်ကားတစ်စီးကို တိုက်ခိုက်ပြီး အကျဉ်းသားများ လွတ်မြောက်ရန် ကြိုးစားသူခဲ့သူများအား ပစ်သတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုက်ခိုက်မှုများအတွင်း အကျဉ်းသားများ လွတ်မြောက်ရန် ကြိုးစားသူနှစ်ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့ပြောခွင့်ရပုဂ္ဂိုလ် ကော်ဒီလီယာနွယ်ဝီက ပြောခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုနှင့်ပတ်သက်ပြီးစုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်းသိရပြီး အကျဉ်းသား ၁၈ ဦးလုံး လွတ်မြောက်ခြင်းမရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ပြောခွင့်ရပုဂ္ဂိုလ် နွယ်ဝီက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# စီးပွားရေးအစီရင်ခံစာ၌ တရုတ်နှင့် ဂျပန်ကို ထရန့်အပြစ်တင်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၂**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ဗုဒ္ဓဟူးနေ့တွင် ၎င်း၏ပထမဆုံးစီးပွားရေး အစီရင်ခံစာကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အစီရင်ခံစာ၌ ထရန့်က နိုင်ငံတကာ ကုန်သွယ်မှုသည် တရုတ်နိုင်ငံကဲ့သို့သော အချို့နိုင်ငံများကြောင့် ပိုမိုတင်းမာလာခဲ့ပြီး ယင်းနိုင်ငံများသည် လွတ်လပ်သည့်ဈေးကွက်ကို အနေအထားပျက်ယွင်းအောင် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ထရန့်သည် ဂျပန်နိုင်ငံ၏ မော်တော်ယာဉ် ဈေးကွက်နှင့် ပတ်သက်၍ ၎င်းစိတ်ကသိ ကအောက်ဖြစ်ရမှုကိုလည်း ဖော်ပြခဲ့သည်။

ဂျပန်နိုင်ငံသည် တင်ပို့ကုန်များကို ပိတ်ဆို့တားဆီးမှုမျိုးစုံ လုပ်ဆောင်ခဲ့ကာ အမေရိကန် မော်တော်ယာဉ်များနှင့် အစိတ်အပိုင်းများ ရောင်းချမှုကို ကန့်သတ်ခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

တင်ပို့လာသည့်ကားများကို ပိတ်ဆို့တားဆီးမှုများသည် အမှန်တကယ်မဟုတ်ကြောင်းနှင့် နိုင်ငံ၏ လုံခြုံဘေးကင်းရေးစံနှုန်း သတ်မှတ်ချက်များသည် ကုန်သွယ်ရေးဆိုင်ရာ အတားအဆီး တစ်ခုသဖွယ်ရှုမြင်ခံနေရကြောင်း ပြောကြားခဲ့သည်။

ထရန့်သည် နိုဝင်ဘာလအတွင်း ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ မတိုင်မီ ကုန်သွယ်ရေးဆိုင်ရာမညီမျှမှုများနှင့် ပတ်သက်၍ တရုတ်နှင့် အခြားနိုင်ငံများကို ဖိအားပေးသွားရန် ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




# ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်းအား အာဏာရပါတီမှ ဖယ်ရှားလိုက်ကြောင်း တရားရုံးက ထုတ်ဖော်ပြောကြား

**အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂၂**

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း နာဝပ်ဇ်ရှာရစ်အား အာဏာရ ပါကစ္စတန်မွတ်စလင် လိဂ်ပါတီ၏ခေါင်းဆောင်အဖြစ်မှ အရည်အချင်းမပြည့်မီသောကြောင့် ဖယ်ရှားလိုက်ကြောင်း ပါကစ္စတန်တရားရုံးချုပ်က ယမန်နေ့က ထုတ်ဖော်ပြောကြားလိုက်သည်။

ပါကစ္စတန်နိုင်ငံတရားသူကြီးချုပ် မီယန်ဆာကွတ်နီဆာဦးဆောင်သော တရားရုံးချုပ်တရားသူကြီး အဖွဲ့ဝင်သုံးဦးသည် ပါလီမန်မှ အတည်ပြုခဲ့သော ၂၀၁၇ ခုနှစ် ရွေးကောက်ပွဲဥပဒေကို ဆန့်ကျင်ပြီး အထက်ပါအတိုင်း ဆုံးဖြတ်ချက်ချခဲ့ခြင်း ဖြစ်ကြောင်း အူရဒူဒန်ယာရုပ်မြင်သံကြားက ဖော်ပြခဲ့သည်။

နိုင်ငံတော်၏ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရည်အချင်းမပြည့်ဝသူတစ်ဦးသည် မည်သည့် အစိုးရစာချုပ်စာတမ်းကိုမျှ လက်မှတ်ရေးထိုးနိုင်ခွင့် မရှိကြောင်း၊ ထို့ကြောင့် အစိုးရအဖွဲ့သို့မဟုတ် လွှတ်တော်က တစ်စုံတစ်ယောက်ကို အမည်စာရင်းတင်သွင်း ရွေးချယ်ရန် လိုအပ်ကြောင်း တရားသူကြီးချုပ်က ပြောကြားခဲ့သည်။

နိုင်ငံတော်၏ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ် နာဝပ်ဇ်ရှာရစ်သည် ၎င်း၏ပိုင်ဆိုင်မှုကို ထုတ်ဖော်ကြေညာရန် ပျက်ကွက်ခဲ့ပြီး အဂတိလိုက်စားမှုဖြင့် အမြင့်ဆုံးတရားရုံးတွင် တရားစွဲဆိုခံထားရသောကြောင့် အရည်အချင်းမပြည့်မီကြောင်း သတ်မှတ်ခံခဲ့ရခြင်းဖြစ်သည်။

ပါကစ္စတန်ရွေးကောက်ပွဲကို မတ်လ ၃ ရက်တွင် ကျင်းပရန် အမြင့်ဆုံးတရားရုံးက ဆုံးဖြတ်ထားကြောင်း သတင်းများတွင် ဖော်ပြသည်။ နာဝပ်ဇ်ရှာရစ်၏ရှေ့နေဖြစ်သူ ဖိုင်ဆယ်ချောင်ဒရီက ဆီးနိတ်မဲများအတွက် အာဏာရပါတီထဲတွင် ကိုယ်စားလှယ်လောင်းမရှိကြောင်း သုံးသပ်ထားသည်။

**ဆင်ဟွာ**

# နိုင်ငံတကာ သတင်းတိုထွာ

## အိန္ဒိယနိုင်ငံ အစားအစာထုတ်လုပ်ရေး စက်ရုံတစ်ခု၌ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွား

**နယူးဒေလီ ဖေဖော်ဝါရီ ၂၂**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ပန်ဂျပ်ပြည်နယ် ရက်ဂျ်ပူရဒေသ ရှမ်ဘူမြို့ရှိ အစားအစာထုတ်လုပ်ရေးစက်ရုံတစ်ခုတွင် ယမန်နေ့က ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူလေးဦးသေဆုံးခဲ့ပြီး ၁၁ ဦး ဆေးရုံတင်ခဲ့ရကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အဆိုပါအစားအစာထုတ်လုပ်ရေးစက်ရုံတစ်ခုမှ အမိုးနီးယား ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခဲ့ကြောင်း၊ ယိုစိမ့်ထွက်လာသော ဓာတ်ငွေ့အား ရှူရှိုက်မိပြီးနောက် ဒေသခံလေးဦးသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူများကို ဒေသတွင်းဆေးရုံတစ်ရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောခဲ့သည်။ အဆိုပါမတော်တဆမှုကို စုံစမ်းလျက်ရှိကြောင်း အဆိုပါရဲတပ်ဖွဲ့တစ်ဦးက ဆက်လက်ပြောကြားခဲ့သည်။ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ရပ်များသည် အိန္ဒိယနိုင်ငံတွင် ဖြစ်လေ့ဖြစ်ထရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ မက်ဒရာပရာဒေ့ရှ်ပြည်နယ်မြို့တော် ဘိုပယ်၌ ၁၉၈၄ ခုနှစ်က အမေရိကန်အခြေစိုက် ယူနီယမ်ကာဗိုက်ကုမ္ပဏီ၏ ပိုးသတ်ဆေးစက်ရုံမှ မီသိုင်းအိုင်ဆိုဆိုင်ယာနိုက် ဓာတ်ငွေ့နှင့် အခြား ဓာတုဓာတ်ငွေ့များယိုစိမ့်မှု ဖြစ်ပွားခဲ့ရာ လူ ၄၀၀၀ ခန့် သေဆုံးခဲ့ပြီး ကမ္ဘာ့အဆိုးရွားဆုံး မတော်တဆမှုတစ်ခု ဖြစ်ခဲ့သည်။

**ဆင်ဟွာ**

## နီပေါနိုင်ငံ၌ အိန္ဒိယနိုင်ငံသားသုံးဦးကို လက်နက်မှောင်ခိုမှုဖြင့် ဖမ်းဆီး

**ခတ္တမန္ဒူ ဖေဖော်ဝါရီ ၂၂**

နီပေါနိုင်ငံတောင်ပိုင်း ရူတာဟတ်ခရိုင်၌ လက်နက်မှောင်ခိုတင်သွင်းမှုဖြင့် အိန္ဒိယနိုင်ငံသား သုံးဦးအား သက်ဆိုင်ရာ နီပေါအာဏာပိုင်များက ဖမ်းဆီးခဲ့ကြောင်း အကြီးတန်းရဲအရာရှိတစ်ဦးက မကြာသေးမီက ပြောခဲ့သည်။

နီပေါရဲတပ်ဖွဲ့၏ သတင်းရရှိချက်အရ ရာတာဟတ်ခရိုင်ဂေါ်အာစည်ပင်သာယာရေးနယ်မြေရှိ ဟိုတယ်တစ်ခုအား ဝင်ရောက်စီးနင်းခဲ့ရာ အိန္ဒိယနိုင်ငံသားသုံးဦးကို လက်နက်မှောင်ခိုတင်သွင်းမှုဖြင့် ဖမ်းဆီးနိုင်ခဲ့ကြောင်း ရဲမှူး ရာဂျာဘီနော့ဒ် ပေါ့ခ်ဟာရဲလ်က ပြောခဲ့သည်။

လက်နက်မှောင်ခိုမှုဖြင့် ဖမ်းမိသည့် တရားခံများသည် အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်မှဖြစ်ပြီး စုံစမ်းမေးမြန်းမှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း၊ တရားခံများအား ရဲစခန်းသို့ ပို့ဆောင်ထားကြောင်း ပေါ့ခ်ခါရဲလ်က ပြောခဲ့သည်။

လက်နက်မှောင်ခိုမှုဖြင့် ဖမ်းဆီးရမိခဲ့သည့် အိန္ဒိယနိုင်ငံသားများထံမှ မောင်းပြန်ပစ္စတိုများနှင့် လက်နက်ခဲယမ်းများကို သိမ်းဆည်းနိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထိုသို့ဖမ်းဆီးခဲ့ခြင်းအပေါ် အိန္ဒိယနိုင်ငံမှ မည်သည့်မှတ်ချက်မျှ ပြုပြောကြားခြင်းမျှမရှိသေးကြောင်း သိရသည်။

**ဆင်ဟွာ**

# ရုရှားအနေနဲ့ တကယ့်အင်အားကြီးနိုင်ငံဖြစ်လာဖို့ ဒီထက်ပိုကောင်းတဲ့အချိန် မရှိတော့ပြီ

**တင်လင်းအောင်**

ရုရှားနိုင်ငံဟာ သူ့ရဲ့နိုင်ငံရေး၊ စစ်ရေးနဲ့ စီးပွားရေးတွေကို အကောင်အထည်ဖော်ဖို့ဆိုတာ ဒီထက်ပိုကောင်းတဲ့အချိန်မရှိတော့ပါဘူးလို့ ကာတင်တက္ကသိုလ်မှ လေ့လာစောင့်ကြည့်သူတစ်ဦးက ဆိုပါတယ်။

ရုရှားနိုင်ငံဟာ အနောက်နိုင်ငံတွေအတွက်တော့ ပဟေဠိဆန်တဲ့ ပုစ္ဆာတစ်ပုဒ်ပါပဲ။ အနောက်နိုင်ငံတွေ အလိုရှိသလို အင်အားနည်းမယ့်ပုံစံမျိုးလည်း မတွေ့ရပါဘူး။ ထို့အတူ အနောက်နိုင်ငံတွေကြောက်လောက်အောင်လည်း ခြိမ်းခြောက်နိုင်စွမ်း မရှိပါဘူး။

ဒါဆို ရုရှားနိုင်ငံကို ကမ္ဘာ့အင်အားကြီးနိုင်ငံ တစ်နိုင်ငံအဖြစ် ဘယ်လိုသတ်မှတ်မလဲ။ ရုရှားနိုင်ငံဟာ ယခင်ဆိုဗီယက် ပြည်ထောင်စုကြီးအဖြစ် ပြန်လည်ဝင်စားတာလည်း မဟုတ်ပါဘူး။ ဒါကြောင့် ကမ္ဘာ့အသိုင်းအဝိုင်းရဲ့ အမြင့်ဆုံးမှာ ရှိတဲ့ အမေရိကန်ကို ယှဉ်ပြိုင်ဖို့ပြန်လည်မွေးဖွားလာခြင်းလည်း မဟုတ်သလို၊ ထိုသို့လုပ်ဖို့လည်း မရည်ရွယ်။

သို့သော် ရုရှားနိုင်ငံဟာ ကမ္ဘာ့ဩဇာအာဏာကို ထိန်းသိမ်းဖို့ အမေရိကန်ပြည်ထောင်စုရဲ့အဓိက မဟာဗျူဟာအရ စိုးရိမ်စရာကောင်းတဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ ဆက်လက်ရပ်တည်လျက်ရှိပါတယ်။

ရုရှားနိုင်ငံဟာ သူ့ရဲ့ဆက်ဆံရေးအရ ရင်းနှီးတဲ့နိုင်ငံတွေဖြစ်ပါတယ်။ သို့သော်လည်း သူတို့ရဲ့ စီးပွားရေးဆက်ဆံမှုတွေကတော့ အတော့်ကိုမညီမညာဖြစ်နေတာ၊ တစ်ဖက်စောင်းနင်းဖြစ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ အာရှအလယ်ပိုင်းနဲ့ အာရှ ပစိဖိတ်တစ်ဝန်းမှာ သူတို့နှစ်နိုင်ငံဟာ မသိမသာ ကိုယ့်ဟန်ပန် အမူအရာနဲ့ကိုယ်၊ ကိုယ့်စနစ်နဲ့ကိုယ် အားပြိုင်လျက်ရှိပါတယ်။

သူတို့နိုင်ငံနှစ်နိုင်ငံဟာ လုံခြုံရေးနဲ့ နည်းဗျူဟာပိုင်းမှာ သူတို့ရဲ့ ရည်မှန်းချက်တွေပေါက်ရောက်အောင်မြင်ဖို့ဆိုရင် ညှိနှိုင်းဖို့တော့ လိုဦးမှာဖြစ်ပါတယ်။


တရုတ်နိုင်ငံကဲ့သို့ပဲ ရုရှားနိုင်ငံဟာလည်း သူ့ရဲ့အမျိုးသားအကျိုးစီးပွားနဲ့ အချုပ်အခြာကို စိန်ခေါ်လာတဲ့ မည်သည့် ဘေးအန္တရာယ်ကိုမဆို ခုခံကာကွယ်ပြီးတော့ သူ့ရဲ့လုပ်ပိုင်ခွင့်နည်းဗျူဟာကို အများဆုံးရရှိအောင် လုပ်ဆောင်ရာမှာ ရုရှားမှာ အခုလောက်ကောင်းတဲ့အချိန်မရှိတော့ပါဘူး။ အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်ဟာ ယခင်အစိုးရရဲ့ အဓိကကျတဲ့ နိုင်ငံရေးဆုံးဖြတ်ချက်တွေအပေါ် ပြန်လည်သုံးသပ်နေတဲ့အချိန်အခါလည်း ဖြစ်သလို နိုင်ငံတကာထက် ပြည်တွင်းကို ဦးစားပေးပြင်ဆင်မှုတွေ၊ သုံးသပ်ချက်တွေလုပ်ဆောင်နေတာကို ပိုပြီးဦးစားပေး ဆောင်ရွက်နေတဲ့ အချိန်အခါလည်း ဖြစ်ပါတယ်။

ပြယုဂ်တစ်ခုဖြစ်ပါတယ်။ ၎င်းရဲ့နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးနဲ့ ယုတ်စွအဆုံး အားကစားဆိုင်ရာ အောင်မြင်မှု၊ ကျရှုံးမှုတွေပါမကျန်၊ ရိုးရာတန်ဖိုးကို ကာကွယ်တာတွေ၊ အနောက်နိုင်ငံတွေရဲ့လူနေထိုင်မှုပုံစံတွေကို ဝေဖန်တာတွေစတဲ့နေရာပါမကျန် ပူတင်ဟာ ရုရှားနိုင်ငံရဲ့ထင်ရှားတဲ့ ဥပမာတစ်ခုဖြစ်ပါတယ်။

ပူတင်ဟာ ရုရှားနိုင်ငံကို တစ်မိုးအောက်တစ်ယောက်ဖြစ်စေချင်တာပါ။ ထို့အတူပဲ ရုရှားနိုင်ငံဟာ တခြားနိုင်ငံတွေနဲ့ အင်အားကိုရယူပြီး ပေါင်းစည်းလုပ်ကိုင်ဆောင်ရွက်တာတွေဟာ တခြားကမ္ဘာ့အစိတ်အပိုင်းတွေအတွက်လည်း ကောင်းမွန်တဲ့ အကျိုးစီးပွားတွေ ယူဆောင်လာမှာပဲ ဖြစ်ပါတယ်။

ရုရှားနိုင်ငံနဲ့ ပတ်သက်တဲ့ အကြီးဆုံးမေးခွန်းတစ်ခုကတော့ ခေတ်သစ် ရုရှားဟာ ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံအနေနဲ့ ဖြစ်လာမှာလားဆိုတာပဲဖြစ်ပါတယ်။ အဲဒီအဖြေနဲ့ ပတ်သက်ပြီး တကယ်တိကျတဲ့အဖြေတော့ မရှိသေးပါဘူး။

သို့သော် ရုရှားနိုင်ငံမှာ ကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်စေမယ့် အချက်



သိပ်မရှိပါဘူး။

စစ်အေးဖြစ်ပွားတာဟာ လူမှုစီးပွားရေးဆိုင်ရာ စနစ်တွေ အားပြိုင်လို့ ပေါ်ပေါက်လာတဲ့ အကြောင်းတရားဖြစ်ပြီး ဒါဟာ နည်းဗျူဟာ ယှဉ်ပြိုင်မှုတွေပဲဖြစ်ပါတယ်။ အဲဒီလိုမျိုး အခုအခါမှာတော့ မဖြစ်တော့ပါဘူး။

ရုရှားနိုင်ငံဟာ တရုတ်နိုင်ငံမှာရှိတဲ့ စီးပွားရေးပုံစံမျိုးမရှိဘဲ အမေရိကန်နဲ့ စီးပွားရေးဆက်ဆံမှုဟာလည်း ရောထွေးနေပါတယ်။ ယူကရိန်းပဋိပက္ခဖြစ်ပြီးတဲ့နောက်မှာ ရုရှားနိုင်ငံရဲ့ စီးပွားရေးဟာ အဲဒါကပဲ ရုရှားနိုင်ငံရဲ့ ဘူမိစီးပွားရေးအရ ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်စေမယ့် အချက်တစ်ချက်ပဲဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်မှာပဲ ရုရှားနိုင်ငံရဲ့ လက်နက်တင်ပို့မှုဟာ အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံအထိရှိပါတယ်။ နိုင်ငံတကာက လက်နက်မှာယူမှုဟာ အမေရိကန်ဒေါ်လာ ၄၅ ဘီလီယံအထိရှိပါတယ်။ ကမ္ဘာ့လက်နက် ဈေးကွက်မှာလည်း ရုရှားနိုင်ငံဟာ အရေးပါတဲ့နေရာက ရပ်တည်လျက်ရှိပါတယ်။

> **“၂၀၁၇ ခုနှစ်မှာပဲ ရုရှားနိုင်ငံရဲ့ လက်နက်တင်ပို့မှုဟာ အမေရိကန် ဒေါ်လာ ၁၇ ဘီလီယံအထိ ရှိပါတယ်၊ နိုင်ငံတကာက လက်နက်မှာယူမှုဟာ အမေရိကန်ဒေါ်လာ ၄၅ ဘီလီယံအထိ ရှိပါတယ်၊ ကမ္ဘာ့လက်နက်ဈေးကွက်မှာလည်း ရုရှားနိုင်ငံဟာ အရေးပါတဲ့နေရာက ရပ်တည်လျက်ရှိ”**




နယ်ပယ်ကို ကမ္ဘာ့အင်အားကြီးနိုင်ငံတွေအထိ ပေါက်မြောက်အောင် အင်အားချဲ့ဖို့ ကြိုးစားနေတယ်ဆိုရင် မမှားပါဘူး။

တရုတ်နိုင်ငံဟာ ရုရှားနိုင်ငံရဲ့ စစ်လက်နက်ဆိုင်ရာ မဟာမိတ်နိုင်ငံတစ်နိုင်ငံအနေနဲ့ ရပ်တည်လျက်ရှိပါတယ်။ တရုတ်နိုင်ငံနဲ့ ရုရှားနိုင်ငံတို့ဟာ အနောက်ဆန့်ကျင်၊ အမေရိကန်ဆန့်ကျင်တဲ့ ပုံစံမျိုးနဲ့ ဖွဲ့စည်းတည်ဆောက်ထားခြင်း မဟုတ်ဘဲ၊ အင်အားကြီးနိုင်ငံနှစ်နိုင်ငံအဖြစ် သူတို့ကိုယ်ပိုင်ဟန်နဲ့ သူတို့ရပ်တည်လျက်ရှိတာဖြစ်ပါတယ်။

လွန်ခဲ့တဲ့ ဆယ်စုနှစ်က ရုရှားနိုင်ငံနဲ့ တရုတ်နိုင်ငံဟာ အလွန်ကိုပဲ စစ်ရေး

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ ဗလာဒီမာပူတင်အတွက် အတွေ့အကြုံအရရော၊ ဩဇာတိက္ကမအရရော၊ ပြည်တွင်း လူကြိုက်များမှုအရရော၊ ထို့အတူ ကမ္ဘာအပေါ် လွှမ်းမိုးဖို့ရော အစစအရာရာမှာ ယှဉ်ပြိုင်ဘက်တွေ မဟုတ်ပါဘူး။

ရိုးစင်းတဲ့ လက်တွေ့ဆန်တာလေးတစ်ခုပဲပြောရမယ်ဆိုရင် မီဒီယာတွေ ပုံနှိပ်ဖော်ပြခဲ့တဲ့ မည်သည့် ရုရှားအကြောင်းကိုပဲ လေ့လာကြည့်ကြည့် သို့တည်းမဟုတ် ရုရှားနိုင်ငံနဲ့ ပတ်သက်တဲ့ မည်သည့် ဆောင်းပါးကိုပဲကြည့်ကြည့် ပူတင်ကို သိပ်မကြိုက်တဲ့သူ မရှိဘူးဆိုတာကို တွေ့ရမှာပဲဖြစ်ပါတယ်။

ပူတင်ဟာ ရုရှားနိုင်ငံရဲ့ထင်ရှားတဲ့ အလက်တွေရှိပါတယ်။ တစ်ခုကတော့ သဘာဝအရင်းအမြစ်တွေ ဖြစ်ပြီး နောက်တစ်ခုကတော့ စွမ်းအင်အလုံးနဲ့အထည်နဲ့ရှိနေတာပါ။

ရုရှားနိုင်ငံမှာ သိပ္ပံနည်းကျကမ္ဘာ့အဆင့်မီလုပ်ဆောင်နိုင်စွမ်းတွေရှိပါတယ်။ ရုရှားဟာ အမေရိကန်နိုင်ငံပြီးလျှင် ဒုတိယအကြီးဆုံး စစ်ရေးဆိုင်ရာ အင်အားကြီးနိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါတယ်။ ရုရှားနိုင်ငံမှာ ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်တွေရှိသလို ကမ္ဘာ့အရေးတွေလည်း ရှိပါတယ်။

တရုတ်နိုင်ငံကဲ့သို့ပဲ ရုရှားနိုင်ငံမှာ ပွင့်လင်းတဲ့ ဈေးကွက်စီးပွားရေးကို အခြေခံတဲ့ အနောက်လစ်ဘရယ်ပုံစံကို ဖြစ်စေတဲ့ နိုင်ငံရေးအားပြိုင်မှုပုံစံတွေ တင်းကျပ်တဲ့ပိတ်ဆို့မှုတွေနဲ့ ရင်ဆိုင်ခံစားနေရပါတယ်။ အခုအခါမှာတော့ ရုရှားနိုင်ငံရဲ့ စီးပွားရေးဟာ ပြန်လည်နိုးထလာတဲ့ အခြေအနေရောက်ရှိနေပါပြီ။

ရုရှားနိုင်ငံရဲ့ စွမ်းအင်တင်ပို့မှုဟာလည်း မြင့်တက်နေဆဲရှိပါတယ်။ လွန်ခဲ့တဲ့ ၂၀၁၇ ခုနှစ်က ရုရှားနိုင်ငံရဲ့ စွမ်းအင်ထုတ်လုပ်မှုအကြီးဆုံး ဂါ့ဇ်ပရွန်းဟာ အမေရိကန်ဒေါ်လာ ၁၀၃ ဒသမ ၆ ဘီလီယံထုတ်လုပ်တင်ပို့နိုင်ခဲ့ပါတယ်။ ယခုနှစ် တင်ပို့မှုကတော့ အမေရိကန်ဒေါ်လာ ၁၀၈ ဘီလီယံအထိ ရောက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်။

ဂါ့ဇ်ပရွန်းဟာ ဥရောပတစ်ခုတည်းမှာပဲ စွမ်းအင်ဈေးကွက်ရဲ့ ၃၄ ဒသမ ၇ ရာခိုင်နှုန်းထိန်းချုပ်ထားနိုင်ပါတယ်။

သို့သော်လည်း ကမ္ဘာ့စီးပွားရေးချဲ့ထွင်မှုမှာတော့ ထင်သလောက်ခရီးမပေါက်သော်လည်း အမေရိကန်နဲ့ တွဲမလုပ်ချင်တဲ့ သူတွေအတွက် ရုရှားနိုင်ငံဟာ တကယ့်ကောင်းမွန်တဲ့ အခွင့်အလမ်းတစ်ခုပဲဖြစ်ပါတယ်။ တရုတ်နိုင်ငံဟာ ရုရှားရဲ့ နျူကလီးယားနဲ့ စစ်လက်နက်ဆိုင်ရာနည်းဗျူဟာတွေကိုလည်း လိုအပ်လျက်ရှိဆဲပါပဲ။

ပူတင်ရဲ့လက်ထက်မှာ ရုရှားနိုင်ငံရဲ့ စစ်ဘက်ဆိုင်ရာစွမ်းဆောင်နိုင်မှုတွေကို အလှမ်းကွာနေတဲ့ အနောက်နိုင်ငံတွေရဲ့ စွမ်းဆောင်နိုင်မှုတွေနဲ့ ရင်းနှီးကျွမ်းဝင်အောင် လုပ်ဆောင်လျက်ရှိပါတယ်။ ၂၀၁၃ မှ ၂၀၁၇ ခုနှစ်အထိ ရုရှားနိုင်ငံရဲ့ ကာကွယ်ရေးအသုံးစရိတ်ဟာလည်း ကမ္ဘာ့ထိပ်တန်းသုံးနိုင်ငံစာရင်းမှာ ပါဝင်လျက်ရှိပါတယ်။ ဥရောပမှာ ရုရှားနိုင်ငံဟာ ကာကွယ်ရေးအသုံးစရိတ်ပိုင်းနဲ့ အဓိကစစ်အသုံးအဆောင်တွေဝယ်ယူတဲ့နေရာမှာ ကြီးမြင့်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ နိဂုံးချုပ်ပြောရမယ်ဆိုရင်ရုရှားနိုင်ငံဟာ အဓိက ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်လာသလို ဖြစ်လာဖို့လည်း အလားအလာကောင်းတွေရှိတဲ့ နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါတယ်။ ရုရှားနိုင်ငံဟာဆိုခဲ့ပါအတိုင်း အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်ဖို့ အချက်အလက်တွေ အတော်များများနဲ့ ကိုက်ညီတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ရေနံ၊ စစ်လက်နက်ပစ္စည်းပိုင်းမှာလည်း ကမ္ဘာ့ထိပ်တန်းမှာရှိပါတယ်။အကယ်၍ စီးပွားရေးမှာသာ အားကောင်းလာခဲ့ပါက လုံးဝဖြစ်ဖို့ သေချာသလောက်ပဲဆိုတာ ရေးသားလိုက်ရပါတယ်။ ။

**ကိုးကား - ချန်နယ်နယူးအေးရှ**

## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၀၉)

# အဂတိမှ ကင်းစင်စေ



ဦးဟန်ညွန့် (ဥပဒေ)

**အညွှန်းကိန်း**

အဂတိကင်းစင်ဖို့ အညွှန်းကိန်းများအကြောင်း ပြီးခဲ့သည့်အပတ်က တင်ပြခဲ့ပါပြီ။ အဂတိအခြေခံကဘာလဲ။ ဘာကြောင့် အဂတိဖြစ်ရသလဲ။ အဂတိလိုက်စားမှု၏ အဓိပ္ပာယ်ကဘာလဲ။ ဗုဒ္ဓဘာသာဝင်တွေက ဘယ်လိုဖွင့်ဆိုသလဲ။ လူ့လောကဓမ္မတာ အနေကြာခဲ့သော အဂတိတရားကင်းပျောက်ပါ့မလား။ ဘယ်လိုထိန်းကြပါ့မလဲ။ သရုပ်ခွဲကြည့်ကြစို့။

**ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ**

ကျေးဇူးရှင်ပါမောက္ခချုပ် ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ ဆရာတော်က အဂတိလေးပါး မလိုက်စားခြင်း တရားတော်အား အောက်ပါအတိုင်း ဟောကြားထားသည်-

"အဂတိတရား မလိုက်စားခြင်းဟာ လူတွေရဲ့ကိုယ်ကျင့်တရားမှာ အရေးကြီးတဲ့ (HUMAN DIGNITY) လို့ ခေါ်တဲ့လူရဲ့ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်နိုင်တဲ့ တရားဖြစ်လို့ အင်မတန်မှ အရေးကြီးတယ်"

"အဂတိလိုက်တဲ့ ပုဂ္ဂိုလ်ရဲ့ဂုဏ်သိက္ခာတွေဟာ လဆုတ်ရက်မှာ ထွက်တဲ့လလိုပဲ၊ တစ်နေ့တခြား ယုတ်လျော့သေးသိမ်၊ ပျောက်ကွယ်သွားနိုင်တယ်၊ ဒါအရေးကြီးတယ်၊ လူရယ်လို့ဖြစ်လာလို့ရှိရင် အဂတိလိုက်စားလိုက်ရင် လူ့ရဲ့ဂုဏ်သိက္ခာဟာ ညှိုးနွမ်းပျက်ပြယ်ပြီး မကျန်တော့ဘူးလို့ ပြောတာ"

"အဂတိမလိုက်စားရင်ဖြင့် လဆန်းရက်မှာ ထွက်တဲ့လဟာ တဖြည်းဖြည်း ဝင်းပထွန်းလင်းတောက်ပြောင်လာသလို အဂတိမလိုက်စားတဲ့ ပုဂ္ဂိုလ်ရဲ့ဂုဏ်သိက္ခာဟာ တိုးတက်မြင့်မားစေတယ်"

"အဂတိလိုက်စားတယ်ဆိုတာ ဓမ္မလမ်းကြောင်းကနေ သွေဖည်သွားတဲ့ ကိုယ်ကျင့်တရားပျက်ပြားတဲ့ လမ်းကို လိုက်တာ၊ အဓမ္မလမ်းကြောင်းကို သွားနေတာ၊ ဒုစရိုက် ၁၀ ပါးကို ကျူးလွန်စေတာ"

(၁) ဆန္ဒာဂတိ- လောဘသံယောဇဉ်ရှိတဲ့အတွက် အဂတိလိုက်ခြင်း

(၂) ဒေါသာဂတိ- မုန်းတဲ့အတွက် အဂတိလိုက်ခြင်း

(၃) မောဟာဂတိ- အမှားအမှန်ကို မသိ

(၄) ဘယာဂတိ- ကြောက်တဲ့အတွက် အဂတိလိုက်ခြင်း

ဒါကြောင့် ဓမ္မလမ်းကြောင်းထက်မှာ မတ်မတ်ခိုင်ခိုင်ရပ်တည်ပြီး လူ့ရဲ့ဂုဏ်သိက္ခာတိုးတက်စေအောင်၊ အပါယ်ကျသောဘေးမှ လွတ်နိုင်အောင် ကုသိုလ်တရားတွေ ပွားများနိုင်အောင်၊ သမထဝိပဿနာကမ္မဋ္ဌာန်းကို ပွားများပြီး ဒီအဂတိတရားတွေကို ဖြစ်စေတဲ့ လောဘ၊ ဒေါသ၊ မောဟတရားတွေကို အမြစ်မှ ပယ်ရှား၍ ကောင်းကျိုးအဖြာဖြာ ရနိုင်ကြပါစေသော်"


**အဂတိလိုက်စားမှုဆိုသည်မှာ**

အဂတိလိုက်စားမှုဆိုသည်မှာ- လုပ်ပိုင်ခွင့်အာဏာရှိသူက ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ တစ်စုံတစ်ရာကို ပြုလုပ်ရန် ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန်၊ တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သော အခွင့်အရေးကို မမှန်မကန် ပိတ်ပင်ရန်သော်လည်းကောင်း၊ သက်ဆိုင်သူထံမှ တံစိုးလက်ဆောင်ကို မိမိအတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးအတွက်သော်လည်းကောင်း၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ ပေးခြင်း၊ လက်ခံခြင်း၊ ရယူခြင်း၊ ရယူရန်အားထုတ်ခြင်း၊ ကမ်းလှမ်းခြင်း၊ ကတိပြုခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဆွေးနွေးခြင်းအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြုလုပ်ခြင်းကို ဆိုသည်။

**[အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၃(က)]**

**တံစိုးလက်ဆောင်ဆိုသည်မှာ**

တံစိုးလက်ဆောင်ဆိုရာတွင် အဂတိလိုက်စားမှု အလို့ငှာ အဖိုးစားနား သို့မဟုတ် ထိုက်သင့်သည့် တန်ဖိုးမပေးဘဲ လက်ခံခြင်း သို့မဟုတ် ပေးခြင်းပြုသော ငွေကြေး၊ ပစ္စည်း၊ လက်ဆောင်၊ ဝန်ဆောင်ခ၊ ဧည့်ခံပြုစုခြင်းနှင့် တရားမဝင်သော အခြားအကျိုးခံစားခွင့်များလည်း ပါဝင်သည်။




အဂတိလိုက်စားခြင်းအပေါ် ရှုမြင်သုံးသပ်သည့် အညွှန်းကိန်း (၂၀၁၆)

**[အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ၃(ခ)]**

**နောက်ခံသမိုင်း(အကျဉ်း)**

(၁) ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Convention Against Corruption UNCAC) ကို ပြဋ္ဌာန်းထားရှိသည်။

(၂) အဆိုပါကွန်ဗင်းရှင်းကို ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက် အမှတ် ၅၈/၄ ဖြင့် ၃၁-၁၀-၂၀၀၃ ရက်စွဲနေ့တွင် ပြဋ္ဌာန်းသည်။

(၃) ၁၄-၁၂-၂၀၀၅တွင် အာဏာသက်ဝင်သည်။

(၄) မြန်မာနိုင်ငံက အဆိုပါကွန်ဗင်းရှင်းကို ၂-၁၂-၂၀၀၅တွင် ၁၃၇ နိုင်ငံမြောက်အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးပြီး ၂၀-၁၂-၂၀၁၂တွင် အတည်ပြုခဲ့သည်။

(၅) မြန်မာနိုင်ငံသည် ကွန်ဗင်းရှင်းအတည်ပြုခြင်း အပြုသဘောလုပ်ဆောင်ချက်များဆောင်ရွက်ခြင်း ပြုလုပ်ပါသည်။

(၆) ယခုအခါ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ(၂၀၁၃)ကိုပြဋ္ဌာန်းပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် တာဝန်များထမ်းဆောင်လျက်ရှိနေပြီဖြစ်ပါသည်။

**အကောင်အထည်ဖော်ခြင်း**

မြန်မာနိုင်ငံသည် ကွန်ဗင်းရှင်းအကောင်အထည်ဖော်ခြင်းနှင့် သုံးသပ်မှုဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။ ကွန်ဗင်းရှင်းတွင် အခန်း(၈)ခန်း အပိုဒ် (၇၁) ပိုဒ်ဖော်ပြပါရှိပေသည်။

**ဥပဒေမူဘောင်**

ဥပဒေမူဘောင်အတွင်း လိုက်နာဆောင်ရွက်ခြင်းသည် အဓိကအခန်းကဏ္ဍတစ်ရပ် ဖြစ်ပေသည်။ ယခုအခါ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအား "စတုတ္ထအကြိမ်" ပြင်ဆင်သည့် ဥပဒေကြမ်းကို ရေးဆွဲတင်ပြခဲ့ပြီး ဖြစ်ပေသည်။ အများပြည်သူသိရှိ လေ့လာအကြံပြုနိုင်ပါရန် ဖိတ်ခေါ်ပြီးဖြစ်ပါသည်။

**စာတမ်းဖတ်ပွဲ**

"အဂတိလိုက်စားမှုတွန်းလှန်ဖို့ ကိုယ်ကျင့်သိက္ခာမြှင့်တင်စို့" (Promote Integrity to Counter Corruption) စာတမ်းဖတ်ကြား ဆွေးနွေးပွဲကိုလည်း ရန်ကုန်မြို့တွင် ၂၀၁၈ခုနှစ် ဇန်နဝါရီ ၂၂ရက်နှင့် ၂၃ရက်နေ့များတွင် ကျင်းပခဲ့ပြီး ဖြစ်ပါသည်။

**၂၀၁၈လုပ်ငန်းစီမံချက်**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၏ ၂၀၁၈ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစီမံချက် (2018 Action Plan) အား ရေးဆွဲခဲ့ပြီး စီမံချက်အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ပါသည်။

**မဟာဗျူဟာစီမံကိန်း**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၀)နှင့် ကော်မရှင် ကျင့်ဝတ်ရေးဆွဲရေးများကိုလည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

**ပညာပေးခြင်း**

ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေးသည် အဓိကကျသောကဏ္ဍတစ်ရပ်တွင် ပါဝင်ပါသည်။ ထို့ကြောင့် ပညာပေးခြင်း၊ အသိပညာပေးဟောပြောဆွေးနွေးခြင်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများ၏ အကူအညီရယူခြင်းဖြင့် အဂတိကင်းစင်ရေးလုပ်ငန်းစဉ်များ တိုးတက်ဆောင်ရွက်နိုင်ပါမည်။

**သက်သေ၊ သတင်းပေး**

သက်သေ၊ သတင်းပေးနှင့် တိုင်ကြားသူတို့အား ဥပဒေမူဘောင်အတွင်း အကာအကွယ်ပေးခြင်းမှာလည်း လိုအပ်ပေသည်။ ဥပဒေမူဘောင်အတွင်း တတ်စွမ်းသမျှ ဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။

**ပူးပေါင်းဆောင်ရွက်ခြင်း**

အဂတိလိုက်စားမှုကို ပြည်သူအများစု၏ ဘုံရန်သူအဖြစ် သတ်မှတ်ပြီးပါက ပြည်သူအများကပူးပေါင်းဆောင်ရွက်ပြီး နည်းလမ်းစုံဖြင့် ဆောင်ရွက်ကြမည်မှာ သေချာပါသည်။ ပြည်တွင်းပြည်ပအဖွဲ့အစည်းများကပါ ကူညီပူးပေါင်းဆောင်ရွက်ကြရပေမည်။

**တာဝန်ယူမှု၊ တာဝန်ခံနိုင်မှု**

မှားယွင်းသောလုပ်ဆောင်ချက်များ၊ ကျင့်ဝတ်နှင့်မညီသော ဆောင်ရွက်မှုများ၊ ဥပဒေနှင့်မညီသော အလွဲသုံးစားယိုဖိတ်မှုများ၊ အနိုင်အထက်ပြုကျင့်မှုများသည် ပြည်သူအများလက်မခံ။ ရွံမုန်းသော လုပ်ရပ်ဆိုးများ ဖြစ်ပေသည်။ တာဝန်ရှိအဖွဲ့အစည်းများ၊ ဝန်ထမ်းများက တာဝန်ယူမှု၊ တာဝန်ခံမှုများ ပီပြင်လာလေလေ အဂတိကင်းစင်လာလေလေ ဖြစ်ပေမည်။

**စောင့်ကြည့်လေ့လာအကဲဖြတ်**

အဂတိကင်းစင်ဖို့ ပြည်သူအများပါဝင်စို့။ ဘယ်သူဘယ်ဝါ၊ ဘယ်ဌာန၊ ဘယ်အဖွဲ့အစည်းသည် အဂတိလိုက်စားနေပါကြောင်း ရဲဝံ့ပြတ်သားစွာ စောင့်ကြည့်လေ့လာ၊ အကဲဖြတ်၊ ဖော်ထုတ်ကြရပေမည်။ လိုအပ်သောအကြံကောင်း ဉာဏ်ကောင်းများပါ ပေးအပ်ကူညီသင့်ပါသည်။

**စေတနာ**

(၁) အဂတိကင်းစင်စေကြောင်း ပြည်သူအပေါင်းက ကြွေးကြော်နေကြပါပြီ။

(၂) တစ်ယောက်တစ်လက်၊ တစ်တပ်တစ်အားဖြင့် ခရီးသွားနေသည့်ပမာ ဖြစ်ပါသည်။

(၃) "စုစည်းညီညွတ်မှ ခရီးပန်းတိုင်သို့ ရောက်ကြမည်သာ"ဟုတွေးမိသော ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

> **"အဂတိလိုက်စားမှုကို ပြည်သူအများစု၏ ဘုံရန်သူအဖြစ် သတ်မှတ်ပြီးပါက ပြည်သူအများက ပူးပေါင်းဆောင်ရွက်ပြီး နည်းလမ်းစုံဖြင့် ဆောင်ရွက်ကြမည်မှာ သေချာပါသည်။ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများကပါ ကူညီပူးပေါင်းဆောင်ရွက်ကြရပေမည်"**

---

## တနင်္သာရီတိုင်းဒေသကြီး JMC-S ၏ လုပ်ငန်းဆိုင်ရာများဆွေးနွေးညှိနှိုင်း

**ထားဝယ် ဖေဖော်ဝါရီ ၂၂**

တနင်္သာရီတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ( JMC-S) ၏လုပ်ငန်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်ကထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တနင်္သာရီတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ( KNU မြိတ်-ထားဝယ်ခရိုင်စီးပွားရေးတာဝန်ခံ) ဒုဥက္ကဋ္ဌ (၁) ပဒိုဘီးလယ်က "တိုင်းရင်းသားလူမျိုးများ ဥမကွဲသိုက်မပျက်နေထိုင်ခဲ့သည်မှာ နှစ်ပေါင်းများစွာရှိပြီဖြစ်ကြောင်း၊ ပြည်တွင်းစစ်ကြောင့် နိုင်ငံရေးမငြိမ်မသက်မှုများ ဖြစ်နေသောကြောင့် ၂၀၁၂ခုနှစ်အရပ်သားအစိုးရလက်ထက်၌ တိုင်းရင်းသားလက်နက်ကိုင်များအား ငြိမ်းချမ်းရေးကမ်းလှမ်း ခဲ့ပြီး မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား အကောင်အထည်ဖော်ခဲ့ကြောင်း၊နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းဖြင့် ဖြေရှင်းဆောင်ရွက်ရန် KNU အဖွဲ့မှလည်း နားလည်သဘောပေါက်လာခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပပြီး ဒီမိုကရေစီ ပြည်ထောင်စုသို့ ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ သို့မှသာ ပြည်တွင်းစစ်များရပ်စဲပြီး ငြိမ်းချမ်းရေးလမ်းကြောင်းသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း"ပြောသည်။

ထို့နောက် ကော်မတီဒုဥက္ကဋ္ဌ (၂) ဖာသာသိန်းခင်နှင့် အဖွဲ့ဝင်များက NCA အကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကြောင်း၊ JMCအဆင့်ဆင့်၏ လုပ်ငန်းလမ်းညွှန်အကြောင်း ၊ နှစ်ဖက်လေးစားလိုက်နာရမည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာကျင့်ဝတ် (CoC) အကြောင်း၊ တိုင်ကြားမှုလုပ်ငန်းစဉ်အကြောင်း၊ JMC-S (တနင်္သာရီ)၏ လုပ်ငန်းစဉ်များ အကြောင်းများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီအတွင်းရေးမှူး(၁)စောဒူးနာ(KNU တပ်မဟာ-၄၊ ရင်း-၁၀ရင်းမှူး) က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။



ခရိုင် (မြန်/ဆက်)

# စိန်ခေါ်မှုများနှင့် ရှေ့ခရီး

## မြင့်ထွေး(ဟိုတယ် / ခရီး)

*ယမန်နေ့မှ အဆက်*

မြန်မာနိုင်ငံတွင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များရှိ လေဆိပ်များကို အပြည်ပြည်ဆိုင်ရာလေဆိပ်အဖြစ် သတ်မှတ်ထားသဖြင့် အဆိုပါလေဆိပ်များကိုသာ နိုင်ငံတကာမှ ပျံသန်းဆိုက်ရောက်ရပ်နားရပါသည်။ နိုင်ငံတကာခရီးသွားဧည့်သည့်များအနေဖြင့် အချိန်သက်သာမှုရှိစေရန်အတွက် ခရီးစဉ်ဒေသများသို့ တိုက်ရိုက် သွားရောက်လိုကြသော်လည်း အခွင့်အရေးမရှိခြင်းကြောင့် နိုင်ငံတကာလေကြောင်းလိုင်းများ လျော့နည်းကာ ခရီးသည်များမှာလည်း မျှော်မှန်းသလောက်ဝင်ရောက်မှုမရှိခြင်း ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာလေဆိပ်အဖြစ် သတ်မှတ်ဆောင်ရွက်နိုင်ရန်အတွက် လေယာဉ်ပြေးလမ်းအရှည်၊ လေယာဉ်ဆီဖြည့်မှုစနစ်၊ လေယာဉ်ကွင်း၏ ခံနိုင်ရည်ဝန်နှင့် အခြားသောအခြေခံအဆောက်အအုံများ လိုအပ်သည်ဖြစ်ရာ နိုင်ငံတကာခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်လိုမှုကို ရည်မျှော်ပါက ခရီးစဉ်ဒေသများရှိ လေယာဉ်ကွင်းများကို အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းအဖြစ် အဆင့်မြှင့်တင်သတ်မှတ်ရန် လိုအပ်မည် ဖြစ်ပါသည်။

**ဟိုတယ်ယဉ်ကျေးမှု**

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော ခရီးသည်များမှာ ဟိုတယ်အခန်းခဈေးနှုန်းများ ကြီးမြင့်ကြောင်း ညည်းတွားတတ်ကြသည်။ ဈေးကွက်စီးပွားရေးစနစ်တွင် ဈေးကွက်ဝေစုရရှိရေးအတွက် ဈေးကွက်ယှဉ်ပြိုင်မှုသည် အရေးကြီးလှသော်လည်း အချို့က ဈေးကွက်များအပေါ်တွင် တင်းတင်းမာမာ နေနိုင်ကြသည်။ ထိုသို့ နေနိုင်ကြသည်ကလည်း နောက်ခံအင်အား တောင့်တင်းမှုကြောင့်လည်းပါသည်။ ခရီးသွားဧည့်သည်များတွင် အချို့ကငွေကြေးတတ်နိုင်သည့် ဧည့်သည်များရှိသလို၊ အချို့က ပုံမှန်သုံးစွဲနိုင်သူများဖြစ်ကာ အချို့က ချွေတာစုဆောင်းကာ လာရောက် လည်ပတ်ကြသူများဖြစ်ကြသည်။ ဈေးကွက်စီးပွားရေးစနစ်ဖြစ်၍ ဈေးနှုန်းကိုထိန်းချုပ်ရန်မဖြစ်နိုင်၊ ဝယ်လိုအားတက်လာလျှင် ရောင်းလိုအား တက်လာမည်၊ ဝယ်လိုအားကျလျှင် ရောင်းလိုအားကျမည်မှာ သီအိုရီအရ မှန်ကန်သော်လည်း မြန်မာနိုင်ငံ၏ ဟိုတယ်ယဉ်ကျေးမှုဝန်းကျင်၌ သိသာထင်ရှားစွာ မတွေ့ရ။ ရင်းနှီးမြှုပ်နှံမှု များများဖြင့် နိုင်ငံတကာဈေးကွက်၌ Luxury Tourist ဈေးကွက်ကို ရရှိထားသော ဟိုတယ်များအနေဖြင့် ရာသီချိန်အပိုင်းအခြားလေးကိုကြည့်၍သာ အခိုက်အတန့် ဈေးနှုန်း အနည်းငယ်လျှော့ချပေးသည်ကိုသာ တွေ့ရသည်။ ဝယ်လိုအားများများရရှိရေးကို ရည်မျှော်၍ အလယ်အလတ်အဆင့် တည်းခိုနေထိုင်နိုင်သော Budget Hotel များ၊ Eco-Lodge များကို စည်းကမ်းနှင့်အညီ များများတည်ဆောက်ခြင်းဖြင့် ဈေးကွက်ယှဉ်ပြိုင်မှုကိုဖြစ်စေကာ ဟိုတယ်အခန်းခဈေးနှုန်းများ လျော့ကျလာစေပြီး ခရီးသွားဧည့်သည်များအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုကို ဖြေလျှော့စေလိမ့်မည်ဖြစ်ပါသည်။

**အပြည်ပြည်ဆိုင်ရာရေဆိပ်**

နိုင်ငံတကာသို့ လှည့်လည်သွားလာနေသော ခရီးသွားဧည့်သည်များသည် လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်းဖြင့် သွားလာလျက်ရှိရာ မြန်မာနိုင်ငံသို့ Ocean Cruise များဖြင့်လာရောက်သော ခရီးသည်များအတွက် ရန်ကုန်မြို့တွင် သီလဝါအပြည်ပြည်ဆိုင်ရာ ရေဆိပ်တစ်ခုသာ ရှိပါသည်။ မြန်မာနိုင်ငံ၏ တောင်ဘက်စွန်းတွင်ရှိသော တနင်္သာရီတိုင်းဒေသကြီးသည် Ocean Cruise များအတွက် အလွန်နှစ်ခြိုက်စွဲလမ်းနိုင်စေသော သဘာဝပထဝီဝင်အနေအထားကို ပိုင်ဆိုင်ထားသဖြင့် ကော့သောင်းမြို့အနီးတွင် အပြည်ပြည်ဆိုင်ရာရေဆိပ်တစ်ခု စနစ်တကျတည်ဆောက် ဖြစ်ပေါ်ပါက ဒေသတွင်းရှိ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုကောင်းမွန်စေမည့်အပြင် ခရီးသွားလုပ်ငန်းဖြင့် တိုင်းဒေသကြီးတစ်ခုလုံး တစ်ဟုန်ထိုး တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

**သဘာဝဘေးအန္တရာယ်များ**

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန် ရုန်းကန်ကြိုးစားနေရသော မြန်မာနိုင်ငံအဖို့ ခရီးသွားကာလ မရောက်မီ ကြုံတွေ့ခဲ့ရသော $H_1N_1$၊ $H_1N_5$ ရောဂါများ၊ မြေငလျင်များ၊ မုန်တိုင်းများ၊ ရေလွှမ်းမိုးမှုများ၊ မီးလောင်မှုများသည် ခရီးသွားလုပ်ငန်းအပေါ် များစွာအနှောင့်အယှက်ဖြစ်စေခဲ့ပါသည်။ မြန်မာနိုင်ငံပုံရိပ်ကောင်းမွန်စေရန်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ မိတ်ဖက်အသင်းအဖွဲ့များမှ ခရီးသွားမြှင့်တင်မှု လုပ်ငန်းဆောင်တာမှန်သမျှကို အားထုတ်ဆောင်ရွက်နေချိန်တွင် သဘာဝဘေးအန္တရာယ်များ၏ ဆင့်ကဲဆင့်ကဲ ရိုက်ခတ်ဖြစ်ပေါ်လာခဲ့ခြင်းက ခရီးသွားအရှိန်အဟုန်ကို ဇက်ဆွဲသလိုတန့်စေခဲ့သည်။ ပြည်ပနိုင်ငံများ၏ ယုံကြည်မှု ပြန်လည်ရရှိရေးအတွက် ခရီးသွားအလွှာပေါင်းစုံအသီးသီးမှ ပြန်လည်အားထုတ် ကြိုးစားရုန်းကန်ခဲ့ရသည်။ ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများတွင်ပါ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင်သွားရောက်၍ ခရီးစဉ်မြှင့်တင်ခြင်းကို မျိုးစုံကြိုးစားခဲ့ကြသည်။ ထိုသို့ ဆောင်ရွက်ခဲ့မှုများကြောင့် မြန်မာ့ခရီးသွားအပေါ် အတန်သင့်ယုံကြည်စိတ်ချမှု တည်ဆောက်နိုင်ခဲ့ပြီး ခရီးသွားရာသီအတွက်မျှော်လင့်ချက် ပိုမိုထားရှိခဲ့ကြပါသည်။

**ရှေးမှုမပျက်**

ခရီးသွားလုပ်ငန်းအနေဖြင့် သဘာဝကို သဘာဝအတိုင်းထား ရှိခြင်း၊ ရှေးဟောင်းအမွေအနှစ်များကို ရှေးမှုမပျက်ထားရှိခြင်း၊ စနစ်တကျထိန်းသိမ်းခြင်းများဖြင့် နိုင်ငံတကာမှ ခရီးသွားဧည့်သည်များကို ပြသရယူခြင်း ဖြစ်ပါသည်။ သဘာဝ ထုံးကျောက်လိုဏ်ဂူများ၊ ကျောက်စက်ပန်းဆွဲများ၊ လင်းနို့လိုဏ်ဂူများတွင် ခေတ်ပေါ်လက်ရာဘုရားများ ထုဆစ်ဖန်တီးထားရှိခြင်း၊ ရွှေသင်္ကန်း၊ ရွှေဆေး၊ ဆီဆေး၊ ရေဆေးများ သုတ်ခြင်း၊ ကွန်ကရစ်လျှောက်လမ်းများ၊ လှေကားများ ခေတ်မီစွာ ဆောက်လုပ်ခြင်း၊ လျှပ်စစ်မီးများ ထိန်လင်းအောင်ထွန်းညှိခြင်း စသည့် ပြုပြင်ဖန်တီးပြောင်းလဲတည်ဆောက်ခြင်းများသည် သဘာဝအရင်းအမြစ်များကို ပျက်စီးဆုံးရှုံးစေရုံသာမက ခရီးသွားလုပ်ငန်းအပေါ် ထိခိုက်စေပါသည်။

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ပျက်စီးဆုံးရှုံးမှုမရှိစေသည့် ထိန်းသိမ်းမှုအထောက်အပံ့လုပ်ငန်းရပ်များအား ရေးရိုးစွဲဆန်စွာ စွဲကိုင်ထားပြီး ပြုလုပ်မှုမှန်သမျှကို ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲကြီးကြီးဖြင့် ကန့်ကွက်တတ်ကြသရွေ့ တိုးတက်မှုအရိပ်အရောင်မှာတောက်ပစွာပေါ်ထွက်လာနိုင်မည် မဟုတ်ပါ။



**ကိုယ်ကျိုးစီးပွား**

ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်းမှ ပုဂ္ဂိုလ်များသည် နိုင်ငံ၏ သဘာဝအရင်းအမြစ်များကို ချစ်ခင်မြတ်နိုးကြသည်။ ထိန်းသိမ်းကာကွယ်လိုကြသည်။ အိမ်နီးချင်းနိုင်ငံများကဲ့သို့ မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်များ ပိုမိုတိုးတက်ဝင်ရောက်စေလိုကြသည်။ ခရီးသွားလုပ်ငန်းကြောင့် နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအကျိုးခံစားရရှိသည်ကို သိရှိနားလည်ကြသည်။ နောက်ဆုံးနိုင်ငံရေးကောင်းမွန်မှုအပေါ် အထောက်အကူပြုနိုင်သည်ကို လက်ခံကြပါသည်။ နိုင်ငံအတွင်းရှိ ပြည်သူလူထု၏ တစ်ဦးချင်းဝင်ငွေမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိစေသည်ကို သိရှိနားလည်ကြသော်လည်း အချို့မှာနိုင်ငံတော်အကျိုးထက် မိမိအကျိုးစီးပွားကို ပိုမို အလေးထားဆောင်ရွက်လာကြသည်။ ကိုယ်ကျိုးစီးပွားကို ရည်မျှော်၍ အခွင့်အလမ်းများကို ကြိုတင်စီမံကာ ရည်ရွယ်ချက်ရှိရှိ ကြံစည်ခြင်း၊ အကြံပြုခြင်း၊ မသိမသာတွန်းအားပေးခြင်း၊ တစ်ဖက်လှည့်ဖြင့် တိုက်ခိုက်ခြင်း၊ ပညာပြခြင်းများဖြင့် ပဋ္ဌလက်ဆန်ဆန်ဆောင်ရွက်ကြခြင်းများကြောင့် ခရီးသွားလှေကြီးမှာ ဖြောင့်ဖြောင့်ဖြူးဖြူး မရွေ့လျားနိုင်ဘဲ လူးလူးလွန့်လွန့်နှင့် ရှေ့မရောက်နိုင်ဖြစ်နေသည်ကို တွေ့ရပါသည်။

**ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ**

ခရီးသွားလုပ်ငန်းအတွက်အရေးပါသော ဟိုတယ်တစ်လုံးတည်ဆောက်ရာတွင်လည်းကောင်း၊ ဟိုတယ်လုပ်ငန်းဆောင်ရွက်ခွင့် လိုင်စင်လျှောက်ထားရာတွင် လည်းကောင်း၊ ထောက်ခံချက်များ များပြားခြင်း၊ ဌာနဆိုင်ရာအသီးသီး၏ ထောက်ခံမှုရရှိရန်တင်ပြရခြင်းများကြောင့် အဆိုပါလုပ်ငန်းစဉ်များတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် ချာချာလည်အောင်ရှုးသွားစေနိုင်ပါသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်တစ်ခုတည်းဖြင့် အဆုံးအဖြတ်ပြုနိုင်သော်လည်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရန်အတွက် ဌာနအသီးသီး၏ ကိုင်ဆွဲထားသော လုပ်ထုံးလုပ်နည်း၊ မူဝါဒများ၊ ညွှန်ကြားချက်များသည် ရင်းနှီးမြှုပ်နှံလိုမှုကို ကုန်ခန်းစေနိုင်သည်။ တိုင်းဒေသကြီး၊ ပြည်နယ်တို့မှ ဌာနဆိုင်ရာများပါဝင်သောအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ပြီး အဆိုပါအဖွဲ့မှ ကွင်းဆင်းစစ်ဆေးကာ ဟိုတယ်တစ်လုံး၏ စံချိန်စံညွှန်းများနှင့်အညီ စားပွဲတစ်လုံးတွင် ညှိနှိုင်းဆွေးနွေး၊ အဖြေရှာဆုံးဖြတ် အတည်ပြုခြင်းဖြင့် တစ်ထိုင်တည်းပြီးမြောက်နိုင်ပြီး ရင်းနှီးမြှုပ်နှံလိုသူလုပ်ငန်းရှင်အပေါ် အားပေးကူညီပံ့ပိုးရာ ရောက်သည့်အပြင် ဟိုတယ်အခန်းများ တိုးတက်များပြားလာခြင်းဖြင့် ဈေးနှုန်းကြီးမြင့်မှုကို လျော့ကျစေပါမည်။

ဟိုတယ်ဆိုသည်မှာ လာရောက်တည်းခိုသောဧည့်သည်များအား တည်းခိုရေး၊ စားသောက်ရေး၊ ဖျော်ဖြေရေး၊ ကျန်းမာရေး စသည့်ဝန်ဆောင်မှုများ ပေးအပ်ရသည်ဖြစ်ရာ ဟိုတယ်လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသည်နှင့် ဟိုတယ်လုပ်ငန်းနှင့် တစ်ဆက်တစ်စပ်တည်းပါဝင်သည့် အရက်အဖျော်ယမကာရောင်းချရေး၊ Spa၊ KTV၊ Massage၊ Wellness Center၊ Fitness Center စသည်တို့မှာ ဟိုတယ်အဆင့်အတန်းနှင့် လျော်ညီစွာထည့်သွင်းပါရှိသော လုပ်ငန်းများဖြစ်သဖြင့် ဟိုတယ်လိုင်စင်ခွင့်ပြုသည်နှင့် အဆိုပါလုပ်ငန်းများကိုပါ တစ်ပါတည်းပါဝင်သွားနိုင်ရေးအတွက် အထက်ပါလုပ်ငန်းလိုင်စင်များကို ကိုင်တွယ်ထားသောဌာနများအနေဖြင့် မိမိတို့၏ ကိုင်စွဲထားသောလုပ်ပိုင်ခွင့်များကို သက်ဆိုင်ရာဌာနသို့ ပေါင်းကူးပေးလိုက်ခြင်းဖြင့် ဌာနအသီးသီးသို့ လိုင်စင်ရယူလျှောက်ထားနေရသည့် ရှုပ်ထွေးသောလုပ်ငန်းစဉ်များကို လျော့ကျစေနိုင်မည် ဖြစ်ပါသည်။

**တရားမဝင်မှု**

ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီဆောင်ရွက်နေသော ဟိုတယ်၊ တည်းခိုခန်း၊ ကုမ္ပဏီ၊ ဧည့်လမ်းညွှန်များရှိသကဲ့သို့ တရားမဝင်ဆောင်ရွက်နေသူများလည်း ရှိပါသည်။ ဥပဒေမဲ့ဆောင်ရွက်နေမှုများသည် ဥပဒေနှင့်အညီ ဆောင်ရွက်နေသူများအပေါ် ထိခိုက်နစ်နာစေသကဲ့သို့ ခရီးသွားလုပ်ငန်းကိုလည်း ထိခိုက်စေပါသည်။ ဥပဒေမဲ့ ဆောင်ရွက်ချက်များအား ထိန်းသိမ်းကြပ်မတ်နိုင်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန တာဝန်ခံများရှိနေရာ တာဝန်ခံများက တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့နှင့် နီးကပ်စွာ ချဉ်းကပ်ပူးပေါင်း အဖြေရှာကာ ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ရန်လိုအပ်ပါသည်။

**ရခိုင်ပြည်နယ်အရေး**

ခရီးသွားရာသီစတင်တော့မည့် အချိန်ကာလနှင့်တိုက်ဆိုင်စွာ ရခိုင်ပြည်နယ်ကိစ္စဖြစ်ပေါ်လာခဲ့ပါသည်။ ဖြစ်ပေါ်ခဲ့သောအခြေခံနေရာသည် နိုင်ငံတကာခရီးသွားဧည့်သည်များ ဝင်ရောက်ထွက်ခွာသော ဝင်ပေါက်ထွက်ပေါက်မဟုတ်သည့်အပြင် ခရီးသည်များ သွားရောက်လည်ပတ်လေ့ရှိသော ခရီးစဉ်ဒေသလည်း မဟုတ်ပါ။ သို့ရာတွင် အချို့ပြည်ပနိုင်ငံများနှင့် တစ်ဖက်နိုင်ငံမှ သတင်းအမှားများကိုကျယ်ပြန့်စွာ ဖြန့်ချိဆောင်ရွက်ခဲ့သော လူမှုကွန်ရက်များ၊ မီဒီယာများကြောင့် နိုင်ငံတကာမှ အာရုံစိုက်မှုကိုခံခဲ့ရ၍ လာရောက်လည်ပတ်မည့် ခရီးသွားဧည့်သည်များ၏ ခရီးစဉ်များကို ပြောင်းလဲမှုများ ဖြစ်စေခဲ့သည်။

ဖြစ်ပေါ်ခဲ့ရာ နေရာနှင့်ဝေးကွာလွန်းသည့် ခရီးသွားများသွားရောက်လည်ပတ်လေ့ရှိရာ စစ်တွေ၊ မြောက်ဦး၊ သံတွဲ၊ ငပလီများသို့ ခရီးသည်ဝင်ရောက်မှုလျော့နည်းခဲ့ရသလို အချို့ခရီးစဉ်များကို ပယ်ဖျက်ခဲ့ကြောင်း သိရှိခဲ့ရသည်။ ထို့အတူပင် အဆိုပါဒေသနှင့် မည်သို့မျှသက်ဆိုင်မှုမရှိသော တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ အေးချမ်းသာယာလှပသော ခရီးစဉ်ဒေသများတွင်ပါ အဆိုပါ ရိုက်ခတ်မှုကြောင့် မျှော်မှန်းသလောက် ခရီးသည်ဝင်ရောက်မှု မရှိခဲ့ချေ။ ရခိုင်ပြည်နယ် အခြေအနေပေါ် အမြတ်ထုတ်ဆောင်ရွက်ခဲ့ကြသော ပြည်ပမီဒီယာများကြောင့် နိုင်ငံရေးအခက်အခဲတစ်ခုကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသကဲ့သို့ ခရီးသွားလုပ်ငန်းအပေါ်တွင်လည်း သက်ရောက်မှုများစွာ ခံစားခဲ့ရသည်။

သဘာဝဘေးဒဏ်များကို အချိန်တိုအတွင်း စနစ်တကျ အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ပြီး ပွင့်လင်းရာသီတွင် နိုင်ငံတကာဧည့်သည်များ ပိုမိုတိုးတက်ဝင်ရောက်လာစေရန်ဖြင့် ဟိုတယ် / ခရီးအပါအဝင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၊ ဌာနဆိုင်ရာများ၊ မိတ်ဖက်အသင်းအဖွဲ့များမှ နည်းလမ်းမျိုးစုံ ကြိုးစားမြှင့်တင်တည်ဆောက်နိုင်ခဲ့မှုကြောင့် ယခုရာသီတွင် ခရီးသည်များပိုမိုဝင်ရောက်လာကြမည်ဟု ယုံကြည်မျှော်လင့်ခဲ့သော်လည်း ရည်ရွယ်ချက်ရှိရှိ ကြိုတင်စီစဉ်ဆောင်ရွက်ခဲ့သော ရခိုင်အရေးကြောင့် ခရီးသွားလုပ်ငန်းအဖို့ မျှော်မှန်းသည်ထက် အနည်းငယ်လျော့နည်းခဲ့ရသည့်အခြေအနေကို ကြုံတွေ့နေရသည်။ ဤသို့ ခရီးသွားပုံရိပ်ထိခိုက်စေမှုသည် ကျွန်တော်တို့ မြန်မာနိုင်ငံသားများ၏ တစ်ဦးချင်း ခံယူချက်၊ ဆောင်ရွက်ချက်များ၊ ကွဲပြားနေခြင်းကြောင့်ဟု ထင်မြင်မိပါသည်။ ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံအား နိုင်ငံတကာအလယ်တွင် မျက်နှာငယ်စေရန် ဂျာနယ်၊ ရုပ်မြင်သံကြား၊ လူမှုကွန်ရက်များဖြစ်သော Facebook၊ Youtube၊ twitter များဖြင့် နည်းလမ်းမျိုးစုံ တိုက်ခိုက်နေချိန်တွင် ကျွန်တော်တို့တစ်တွေကတော့ ကိုယ်ရေးကိုယ်တာများအတွက်သာ Facebook ကို အသုံးပြုနေကြခြင်း၊ Facebook တွင် တစ်ဦးနှင့်တစ်ဦး တိုက်ခိုက်ဆဲဆိုနေကြခြင်းဖြင့်သာ တစ်လွဲဆံပင်ကောင်း ခဲ့ကြသည်။ နိုင်ငံရေးအမြင်၊ ခရီးသွားအမြင်ဖြင့် သတင်းအမှန်များကို နည်းလမ်းမျိုးစုံအသုံးပြုကာ စုစုစည်းစည်းညီညီညွတ်ညွတ်နှင့် နိုင်ငံတကာက သိရှိရန် ဦးတည်ချက်ထား၍ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ဆောင်ရွက်မှု အားနည်းခဲ့သည်ကို တွေ့ရသည်။

**သန့်ရှင်းမှုနှင့် သာယာလှပမှု**

မကြာသေးခင်က သီလဝါဆိပ်ကမ်းသို့ ဆိုက်ရောက်လာသော ကမ္ဘာလှည့်အပျော်စီး သင်္ဘောပေါ်တွင် လိုက်ပါလာသည့် ခရီးသည်များကို ကြိုဆိုခဲ့ရသည်။ ကမ္ဘာ့နိုင်ငံများသို့ လည်ပတ်လာခဲ့သော ခရီးသည်များ မြန်မာ့မြေပေါ်သို့ခြေချမိသည်နှင့် ဦးစွာတွေ့ရမည့် မြင်ကွင်းက စိတ်ချမ်းမြေ့စရာလုံးဝမရှိ။ သီလဝါဆိပ်ကမ်းမှထွက်ခွာသည်နှင့် လမ်းဘေးတွင် အမှိုက်ပုံကြီးက ဟည်းထနေပြီး ဆိုးရွားပြင်းထန်လှသော အနံ့အသက်များက နိုင်ငံအသီးသီးမှ ဧည့်သည်များကို ပျူပျူ ငှာငှာကမ်းလင့်ကြိုဆိုနေသည်။ နိုင်ငံတကာသို့ လှည့်လည်သွားလာနေသော ဇိမ်ခံကမ္ဘာလှည့် အပျော်စီးသင်္ဘောကြီးပေါ်မှ ဧည့်သည်များက အဆိုပါအမှိုက်ပုံကြီးကို တဖျတ်ဖျတ်ဓာတ်ပုံရိုက်ကြသည်။ ကျွန်တော်တော့ ရှက်သည်။ ပြည်ပနိုင်ငံများတွင် သန့်ရှင်းသပ်ရပ်မှု၊ စည်းကမ်းရှိမှု၊ သာယာလှပမှုများကို နိုင်ငံရပ်ခြားရောက်ဖူးသူတိုင်း၊ ယနေ့ခေတ် Online ကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြသူများအားလုံး တွေ့ကြုံသိရှိကြမည်ဖြစ်သည်။ ကျွန်တော်တို့တွင်တော့ ပလက်ဖောင်းဘေး၊ လမ်းဘေးတို့တွင် ကျင်ကြီး၊ ကျင်ငယ်အနံ့ဆိုးများ၊ အမှိုက်များ၊ ရေမြောင်းပုပ်အနံ့များဖြင့် ပြည့်စုံနေသော မြို့တော်ကြီးက လက်မထောင်ကာဂုဏ်ယူဝင့်ကြွားလျက်ရှိသည်။ သန့်ရှင်းသာယာမှု ကင်းမဲ့ခြင်းများနှင့် အနံ့အသက်ဆိုးများက ခရီးသွားလုပ်ငန်းကို ရေပုပ်မြောင်းအတွင်းသို့ ဆွဲချနေခြင်းနှင့် တူလှသည်။

**စည်းချက်ညီလက်တွဲကြပါစို့**

တစ်နှစ်တာအတွက် ခရီးသွားရာသီကား ဝင်ရောက်နေပြီဖြစ်ပါသည်။ စောင့်စားမျှော်လင့်ခဲ့ရသော နှင်းပွင့်များ၊ ရောင်စုံပန်းများက ခရီးသွားလုပ်ငန်းနယ်ပယ်ရှိ ပတ်သက်ဆက်နွှယ်သူအားလုံးကို ရင်ထဲအထိရောက်အောင် အေးမြချမ်းမြေ့လိမ့်မည်ဟု မရဲတရဲယုံကြည်မှုကို ဖြစ်စေပါလိမ့်မည်။ သို့ရာတွင် သံသယကင်းကင်းဖြင့် စိတ်တုံးတုံးချရန် ခက်ခဲမည်ဖြစ်သလို သက်ပြင်းလည်း အခါခါချနေရလိမ့်မည်ဟုလည်း ထင်မိသည်။ ၂၀၁၇ ခုနှစ်ကိုတော့ မောပန်းစွာ တထင့်ထင့်ကျော်ဖြတ်ခဲ့ပြီး ဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် ပြည်ပဧည့်သည် ၃ ဒသမ ၅ သန်း ဝင်ရောက်ရန် မျှော်မှန်းခဲ့ရာ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ တစ်နှစ်တာအတွင်း ၃ ဒသမ ၄ သန်းကျော်ဝင်ရောက်ခဲ့သည်။ အတိအကျအားဖြင့် ၃၄၄၃၀၂၇ ဦးဖြစ်ပြီး၊ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၁၈ ရာခိုင်နှုန်းတိုးတက်ခဲ့ပါသည်။ မူလမျှော်မှန်းချက်အားပြည့်မီရန် အနည်းငယ်သာလိုသည်။ ဒီထက်မကလည်း ဝင်ရောက်လာနိုင်ခြေရှိပါလျက် တင်ပြခဲ့သော စိန်ခေါ်မှုများနှင့် လုံးထွေးရုန်းကန်ရင်း ၂၀၁၇ ခုနှစ်ကိုတော့ ဒီမျှနှင့် ကျေနပ်ခဲ့ရသည်။ ၂၀၁၈ ခုနှစ်တွင်တော့ ကျွန်တော်တို့ခရီးသွားနယ်ပယ်မှ ဆက်စပ်ဆက်နွှယ်သူများအားလုံး ယခုထက်ပိုမိုကောင်းမွန်သည့် ပူးပေါင်းညှိနှိုင်းကြိုးစားမှုနှင့် ပြောင်းလဲဖြေလျှော့ဆောင်ရွက်မှုများဖြင့် ဆက်လက်ရှေ့ဆက်သွားကြဖို့ ပိုမိုလုံ့လစိုက်ထုတ်ကြရပါဦးမည်။ စိန်ခေါ်မှုများကိုလည်း နိုင်ငံရေးအမြင်၊ ခရီးသွားအမြင်များဖြင့် ရေတို၊ ရေရှည်ကျယ်ကျယ်ပြန့်ပြန့်တွေးတောစဉ်းစားဆင်ခြင်၍ အတူတကွ သတ္တိရှိရှိ ရင်ဆိုင်ကာ လက်တွဲကျော်ဖြတ်ကြရပါဦးမည်။ ။

# အနီမို့အမြင့်အတက်အကျတွေကြားက ပေါ်ဂ်ဘာရဲ့ဦးတည်ရာကို မျှော်ကြည့်ခြင်း

အောင်က

**ဘောလုံးလောကမှာတော့ ဆိုရိုးစကားတစ်ခုရှိတယ်လို့ ပြောရမယ်။ အဲဒါက ဘယ်အရာမှ ပုံသေသတ်မှတ်လို့မရဘူးဆိုတာပါပဲ။ အမြဲတမ်းကောင်းတဲ့ကစားသမားမရှိသလို အမြဲတမ်းနိုင်တဲ့ အသင်းလည်း မရှိပါဘူး။ မန်ယူအသင်း ကစားသမားပေါ့ဂ်ဘာ။ မန်ယူအသင်းကို ပြောင်းရွှေ့ခဲ့စဉ်က အဲဒီအချိန်ရဲ့ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၈၉သန်းနဲ့ ပြောင်းခဲ့တာ ဖြစ်တယ်။ အဲဒီအချိန်တုန်းကတော့ သူ့ရဲ့ပြောင်းရွှေ့ကြေးဟာ အမြင့်ဆုံးဖြစ်ခဲ့တယ်။ သူ့ရဲ့ သတင်းကလည်း ကမ္ဘာ့မီဒီယာတွေပေါ်မှာတော့ အလွှမ်းမိုးနိုင်ဆုံးလည်း ဖြစ်ခဲ့တယ်။ မန်ယူအသင်းပရိသတ်တွေလည်း ပျော်ရွှင်လို့မဆုံးနိုင်အောင် ဖြစ်ခဲ့ကြတယ်။**





**စံချိန်တင်ခဲ့သူ**

သူဟာ ဥရောပရဲ့ အမြင့်ဆုံး ဇာတ်ခုံပေါ်ကို မန်ယူနဲ့အတူ ရောက်ခဲ့တယ်။ ဒါကြောင့်လည်း သူနဲ့ပတ်သက်တဲ့ အရာတိုင်းကို အင်္ဂလန်မီဒီယာတွေသာမက ကမ္ဘာ့မီဒီယာတွေကပါ မျက်စိဒေါက်ထောက် ကြည့်နေခဲ့ကြတယ်။ သူဟာအသင်းကို ရောက်ခါစခြေစွမ်းကလည်း မန်နေဂျာမော်ရင်ညိုရဲ့အကြိုက်သာမက ပရိသတ်တွေရဲ့အကြိုက်လည်း ဖြစ်ခဲ့တယ်။ အထူးသဖြင့် ယူရိုပါလိဂ်မှာတော့ သူ့ရဲ့ခြေစွမ်းတွေက အံ့မခန်းရှိခဲ့တာကြောင့် ဝေဖန်ရေးဆရာတွေတောင် လက်မှိုင်ချခဲ့ရတယ်လို့ ပြောရမယ်။

ဒါပေမယ့် အခုတော့ပေါ့ဂ်ဘာရဲ့ သတင်းတွေဟာ အင်္ဂလန်မြေမှာတော့ ဝေဖန်စရာတွေအဖြစ်တွေ့နေရသလို ဘောလုံးရေးရာကျွမ်းကျင်သူတွေရဲ့အဓိက ပြောချင်စရာကောင်းတဲ့ သားကောင်ဘဝကိုရောက်နေတယ်လို့တောင်ပြောရမယ်။ ပြင်သစ်ကနေလာတဲ့သတင်းတွေမှာတော့ မော်ရင်ညိုအနေနဲ့ ၄-၂-၃-၁ ကစားကွက်နဲ့ကစားတဲ့အခါ ပေါ့ဂ်ဘာဟာ ကွင်းလယ်အတွင်းပိုင်း အထူးသဖြင့် ကွင်းလယ်ခံစစ်မှူးအဖြစ် ကစားစေခြင်းဟာ သူ့ရဲ့ခြေစွမ်းကို ပိုမိုလျော့ကျစေခဲ့တယ်လို့လည်း ဆိုပါတယ်။ သူဟာ ဂျူဗင်တပ်စ်အသင်းမှာ ခြေစွမ်းပြနိုင်ခဲ့စဉ်ကကွင်းလယ်မှာ လွတ်လပ်စွာကစားခွင့်ရခဲ့တာတွေကြောင့်လို့လည်း ဆိုထားပါတယ်။

**ဝေဖန်မှုရဲ့သားကောင်**

ဒါကြောင့်လည်း ပေါ့ဂ်ဘာရဲ့ဘဝက ကစားချင်တာနဲ့ ကစားရတာ မကိုက်ညီတဲ့အနေအထားမှာရှိနေတယ်လို့ ပြောရမယ်။ ဒ့ါအပြင် ဒဏ်ရာပြဿနာကလည်း ရှိနေပြန်တော့ ပုံမှန်ပွဲထွက်ခွင့် မရလာခြင်းကြောင့် ကြံ့ခိုင်မှုနဲ့ခြေစွမ်းကလည်း ကျလာခဲ့တယ်လို့ ပြောရမယ်။ ပေါ့ဂ်ဘာအတွက်ကတော့ ဒီနှစ်ရာသီဟာ အောင်မြင်မှုတွေ မတောက်ပနိုင်တဲ့ရာသီတစ်ခုလို့ ပြောရမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ပြီးခဲ့တဲ့ရာသီကမှ မန်ယူအသင်းကို ပြောင်းလာခဲ့တဲ့ပေါ့ဂ်ဘာဟာ အခုအချိန်မှာတော့ သူ့ကို ဥရောပအလယ်မှာထင်ပေါ်စေဖို့အတွက် မြေတောင်မြှောက်ပေးခဲ့တဲ့ ဂျူဗင်တပ်စ်အသင်းကို စွန့်ခွာလာရတာကိုတောင် နောင်တရသလိုဖြစ်နေတယ်ဆိုတဲ့ အပြောမျိုးတွေကြားနေရပြီ။

ကစားသမားတစ်ယောက်အနေနဲ့ ထိပ်တန်းအသင်းကြီးတစ်သင်းမှာ ပုံမှန်ကစားခွင့်မရသလို ခြေစွမ်းမပြနိုင်ဘူးဆိုရင်တော့များသောအားဖြင့် ရောင်းထုတ်ခံရဖို့ နီးစပ်တယ်လို့ ပြောရမယ်။ အခုတော့ပေါ့ဂ်ဘာလည်း အဲဒီကိန်းဆိုက်နေပြီလို့ ဆိုရမလိုပါပဲ။ သူ့ရဲ့ အနာဂတ်နဲ့ပတ်သက်ပြီး ထင်ကြေးတွေ၊ ကောလာဟလတွေကြားနေရပြီ။ ဒါကြောင့် သူ့အနေနဲ့ ဘယ်အသင်းကို ပြောင်းရွှေ့မလဲဆိုတာကလည်း စဉ်းစားစရာကောင်းတဲ့အချက်ထဲမှာ ပါနေတယ်။ သူ့လိုကစားသမားတစ်ဦးက ပုံမှန်အားဖြင့်တော့ ပြောင်းမယ်ဆိုရင်တောင် လက်ရှိသူကစားနေတဲ့ မန်ယူအသင်းထက် မနိမ့်တဲ့အသင်းကိုသာ ပြောင်းဖို့စဉ်းစားနိုင်တယ်။ ဘယ်အသင်းတွေဖြစ်မလဲ။

**လျှော့တွက်လို့မရသူ**

စဉ်းစားရမှာကသူ့ရဲ့လက်ရှိခြေစွမ်း။ ကမ္ဘာ့နည်းပြတော်တော်များများကတော့ သူ့ရဲ့ခြေစွမ်းကို နှစ်သက်နေကြဆဲ။ မော်ရင်ညိုတောင် သူ့ရဲ့ကစားကွက်နဲ့ ပေါ့ဂ်ဘာအံမဝင်လို့ ခြေစွမ်းမပြနိုင်ပေမယ့် ပေါ့ဂ်ဘာရဲ့ ခြေစွမ်းကိုတော့ အထင်မသေးရဲဘူး။ ပေါ့ဘာကလည်း မန်ယူအသင်းမှာနေတဲ့ အချိန်မှာ အမြင့်ဆုံးဂိုးတွေ သွင်းယူပေးနိုင်ခြင်းမရှိပေမယ့် သူ့ရဲ့ခြေစွမ်းက မဆိုးရွားခဲ့ဘူး။ သူဟာမန်ယူအသင်းနဲ့ ကစားခဲ့တဲ့ ၇၄ ပွဲမှာ ၁၂ ဂိုးသွင်းယူပေးပြီး ဂိုးရရှိဖို့ ၁၆ ကြိမ်တိုင်ပံ့ပိုးပေးခဲ့တယ်။ ဒ့ါအပြင် အခွင့်အရေးဖန်တီးပေးနိုင်မှု၊ ဘောလုံးပေးပို့ရမှာတိကျမှုမှာလည်း မန်ယူအသင်းရဲ့ အခြားကစားသမားတွေထက် ကောင်းတယ်။ ဒါကြောင့်လည်း သူဟာထိပ်တန်းအသင်းကြီး တစ်သင်းသင်းမှာသာကစားပြီး အံ့ဝင်မှုရှိခဲ့မယ်ဆိုရင် ကမ္ဘာ့ထိပ်တန်းအကောင်းဆုံး ကစားသမားတစ်ဦးအဖြစ်တောင် တွေ့မြင်ရနိုင်တယ်။

**ဘယ်ကိုသွားမလဲ**

လက်ရှိအချိန်မှာတော့ သူ့အနေနဲ့ ပြောင်းရွှေ့ဖို့အဖြစ်နိုင်ဆုံးအသင်းကို ရွေးပါဆိုရင် အများကြီးမရှိနိုင်ဘူး။ အဲဒီထဲမှာမှ နံပါတ်တစ်လို့ ပြောရတာက ရီးရဲမက်ဒရစ်လို့ပြောရမယ်။ ရီးရဲမက်ဒရစ်အသင်းဟာ ပေါ့ဂ်ဘာ မန်ယူအသင်းကို မပြောင်းရွှေ့ခင်ကတည်းက ခေါ်ယူဖို့ စိတ်ဝင်စားနေခဲ့တဲ့အသင်းဖြစ်တယ်။ ရီးရဲမက်ဒရစ်အသင်းဟာ နှစ်တိုင်း ဥရောပကိုအကောင်းဆုံး စိုးမိုးဖို့ဆိုရင် ငယ်ရွယ်တဲ့ထိပ်တန်းကစားသမားတွေရှိနေဖို့လိုတယ်လို့ ပြောရမယ်။ ရီးရဲမက်ဒရစ်အသင်းရဲ့ ဒီနှစ်ရာသီကိုပဲကြည့် လူကာမိုဒရစ်နဲ့ တိုနီခရူးစ်တို့ဟာ အကောင်းဆုံးကစားသမားတွေဆိုတာမှန်ပေမယ့် တစ်ခါတစ်ရံပွဲဆက်တွေများလာတဲ့အခါမျိုးတွေမှာ ခြေစွမ်းတွေကျလာတာကို တွေ့ရတယ်။ ဒ့ါအပြင် မိုဒရစ်ရဲ့အသက်ဆိုရင်လည်း ၃၃နှစ်ပြည့်တော့မယ်။ ဒါကြောင့် ရီးရဲမက်ဒရစ်အသင်းအနေနဲ့ သူ့ရဲ့နေရာမှာ အစားထိုးဖို့ဆိုရင် ပေါ့ဂ်ဘာကတော့ အကောင်းဆုံးလို့ ပြောရမယ်။

နောက်ပေါ့ဂ်ဘာပြောင်းရွှေ့ဖို့ဖြစ်နိုင်တာက ဂျူဗင်တပ်စ်။ ဂျူဗင်တပ်စ်အသင်းဟာပေါ့ဂ်ဘာအတွက်တော့ အောင်မြင်မှုတွေ အခြေတည်ခဲ့တဲ့နေရာလို့ပြောရမယ်။ မန်ယူအသင်းကနေ မထင်ပေါ်တဲ့ကစားသမားတစ်ဦးကတော့ ဥရောပရဲ့ စံချိန်တင်ကစားသမားဘဝရောက်ခဲ့တဲ့နေရာ။ သူ့အတွက် အရာတိုင်းက အသစ်မဟုတ်ဘူး။ အသားကျနေပြီးသားလို့ ပြောရမယ်။ ဂျူဗင်တပ်စ်မှာစတင်ကစားခွင့်ရခဲ့တဲ့ လေးနှစ်အတွင်း နှစ်တိုင်းစီးရီးအေဆုဖလားရရှိခဲ့တယ်။ ချန်ပီယံလိဂ်ဗိုလ်လုပွဲကိုလည်း ရောက်ခဲ့တယ်။ ဒါကြောင့် သူ့အနေနဲ့ မန်ယူအသင်းကနေထွက်ခွာမယ်ဆိုရင် သူ့ရဲ့အောင်မြေဖြစ်တဲ့ ဂျူဗင်တပ်စ်ကတော့ မဖြစ်မနေကို ထည့်သွင်းစဉ်းစားရမယ့်အချက်လို့ပြောရမယ်။

ပေါ့ဂ်ဘာတို့လို ထိပ်တန်းနာမည်ကြီး ကစားသမားတွေဟာ အနိမ့်အမြင့်အတက်အကျတွေကြားမှာတော့ အစဉ်အမြဲရုန်းကန်နေရတယ်လို့တော့ပြောရမယ်။ ဒါကြောင့် ရာသီကုန်မှာ ဖြစ်တည်လာနိုင်တဲ့ ပေါ့ဂ်ဘာရဲ့အနာဂတ်အရေးကိုတွေးရင်း ဘယ်လဲပေါ့ဂ်ဘာလို့သာ မေးလိုက်ချင်မိပါတယ်။ ။

# အခွန်တိမ်းရှောင်မှုကြောင့် ဆန်းချက်ဇ်အား စပိန်တရားရုံးတစ်ရုံးမှ ထောင်ဒဏ် ချမှတ်

ထက်အောင်



မန်ယူအသင်း တောင်ပံတိုက်စစ်ကစားသမား အလက်ဇီဆန်းချက်ဇ်သည် ဘာစီလိုနာအသင်းတွင် ကစားခဲ့စဉ်အတွင်း အခွန်တိမ်းရှောင်မှု ပြုလုပ်ခဲ့ခြင်းကြောင့် စပိန်နိုင်ငံတရားရုံးတစ်ခုက ဆန်းချက်ဇ်အား ထောင်ဒဏ် ၁၆ လ ချမှတ်လိုက်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ချီလီကစားသမား ဆန်းချက်ဇ် (၂၉ နှစ်)သည် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ဘာစီလိုနာအသင်းတွင် ပါဝင်ကစားခဲ့သူဖြစ်သည့် တောင်ပံ တိုက်စစ်ကစားသမား ဆန်းချက်ဇ်သည် ၂၀၁၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ပုံရိပ်အသုံးပြုမှု မူပိုင်ခွင့်မှ ရရှိခဲ့သော ဝင်ငွေယူရိုတစ်သန်းအတွက် အခွန်တိမ်းရှောင်ခဲ့သည်ဟု စွပ်စွဲခံရကာ စစ်ဆေးမှုများနှင့် ရင်ဆိုင်ခဲ့ရပြီးနောက် ယခုကဲ့သို့ အမိန့်ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။

သို့သော်လည်း ဆန်းချက်ဇ်က စပိန်နိုင်ငံသို့ ပေးသွင်းရန်ရှိသည့် အခွန်ငွေများအား ပေးချေသွားမည်ဟု အစိုးရရှေ့နေနှင့် သဘောတူညီမှု ရယူနိုင်ခဲ့ခြင်းကြောင့် ထောင်ဒဏ်ချမှတ်ခံခဲ့ရသော်လည်း ထောင်ဒဏ်အား အမှန်တကယ် ကျခံရမည်မဟုတ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

လီယွန်နယ်မက်ဆီ၊ ခရစ္စတီယာနိုရော်နယ်ဒို၊ မော်ရင်ညို၊ ရီကာဒိုကာဗယ်လ်ဟိုတို့သည်လည်း စပိန်နိုင်ငံတွင် အခွန်တိမ်းရှောင်သည်ဟူသော စွပ်စွဲချက်ကြောင့် စစ်ဆေးခံရမှုများနှင့် ကြုံတွေ့ခဲ့ရသည်။

ပြီးခဲ့သည့် ဇန်နဝါရီ ၂၂ ရက်တွင် အာဆင်နယ်အသင်းမှ မန်ယူသို့ ပြောင်းရွှေ့လာခဲ့သူ ဆန်းချက်ဇ်သည် ယခုနှစ် ဘောလုံးရာသီတွင် မန်ယူအသင်းအတွက် စုစုပေါင်း ၅ ပွဲပါဝင်ကစားပြီးချိန်တွင် တစ်ဂိုးသွင်းယူထားသူဖြစ်သည်။

# ချယ်လ်ဆီးသို့ တိုက်စစ်မှူး ဂျရူးပြောင်းရွှေ့ခဲ့ခြင်းကို ပြင်သစ်အသင်း နည်းပြ ထောက်ခံပြောဆို

ထက်အောင်



ပြင်သစ်တိုက်စစ်မှူး အိုလီဗာဂျရူးအနေဖြင့် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းသည် မှန်ကန်သည့် ဆုံးဖြတ်ချက်ဖြစ်ကြောင်း ပြင်သစ်လက်ရွေးစင် အသင်းနည်းပြ ဒီဒီယာဒေရှောင့်က မှတ်ချက်ပြုပြောဆိုလိုက်သည်။

ပြီးခဲ့သည့် နွေရာသီဈေးကွက် ကာလအတွင်း အာဆင်နယ်အသင်းသို့ တိုက်စစ်မှူး လာကာဇက်တီ ပြောင်းရွှေ့လာပြီးနောက် ပုံမှန်ကစားခွင့်ဆုံးရှုံးခဲ့ရသူ တိုက်စစ်မှူး ဂျရူး(၃၁နှစ်)သည် ပြီးခဲ့သည့် ဇန်နဝါရီ ၃၁ ရက်တွင် အာဆင်နယ်အသင်းမှ ချယ်လ်ဆီးသို့ ဖော်ပြခြင်းမရှိသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ပြောင်းရွှေ့ကာ ၁၈ လ သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သူ ဖြစ်သည်။ တိုက်စစ်မှူး ဂျရူးသည် ချယ်လ်ဆီးအသင်းအတွက် စုစုပေါင်း သုံးပွဲပါဝင်ကစားပြီးချိန်တွင် တစ်ဂိုးသွင်းယူပေးထားသူ ဖြစ်သည်။

တိုက်စစ်မှူး ဂျရူးသည် အာဆင်နယ်အသင်းတွင် ရှိနေစဉ်အတွင်း ပုံမှန်ပွဲကစားရမှုမရှိသောကြောင့် လာမည့် ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် ပြင်သစ်လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံရရေးနှင့်ပတ်သက်၍ မေးခွန်းထုတ်မှုများ ထွက်ပေါ်လာခဲ့သည်။

ချယ်လ်ဆီးအသင်းသို့ တိုက်စစ်မှူး ဂျရူးပြောင်းရွှေ့ခဲ့ခြင်းနှင့်ပတ်သက်၍ နည်းပြဒေရှောင့်က "ဂျရူးအတွက် ကျွန်တော် ပျော်ရွှင်မိပါတယ်၊ ကျွန်တော်က ဂျရူးကို ဘယ်အသင်းမှာနေတာ ထက်ဘယ်အသင်းကို ပြောင်းရွှေ့သင့်တယ်ဆိုတာမျိုး ပြောလို့မရပါဘူး၊ ဒါက သူကိုယ်တိုင်ဆုံးဖြတ်ရမှာပါ၊ ဒါပေမယ့် ချယ်လ်ဆီးကို ပြောင်းရွှေ့ဖို့ ဆုံးဖြတ်ခဲ့ခြင်းက မှန်ကန်တယ်လို့ ထင်ပါတယ်" ဟု ပြောဆိုခဲ့သည်။

တိုက်စစ်မှူး ဂျရူးသည် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၀ ရက်တွင် ဘာစီလိုနာအသင်းအား အိမ်ကွင်း၌ လက်ခံကစားခဲ့သော ချန်ပီယံလိဂ်ပွဲစဉ်တွင် အရန်စာရင်းတွင်သာ ပါဝင်ခဲ့ပြီး လူစားဝင်ကစားခဲ့ရခြင်း မရှိခဲ့ပေ။ သို့သော်လည်း နည်းပြ ဒေရှောင့်က တိုက်စစ်မှူး ဂျရူးအနေဖြင့် အာဆင်နယ်အသင်းတွင် ရှိနေစဉ်ကထက် ချယ်လ်ဆီးအသင်းတွင် ပိုမိုတောက်ပနိုင်မည့် အခွင့်အရေး ရရှိလာမည်ဟု ယုံကြည်ထားကြောင်း ပြောဆိုခဲ့သည်။

# ဆာလတ်ရဲ့တိုက်စစ်အားနဲ့ အိမ်ကွင်းမှာ နိုင်ပွဲရှာမယ့် လီဗာပူး




ပရီမီယာလိဂ်ပွဲစဉ် ၂၈ ကို ဖေဖော်ဝါရီ ၂၄ ရက်နဲ့ ၂၅ ရက်နေ့တွေမှာ ကျင်းပဖို့ရှိနေပါတယ်။ ယခုအပတ်ပွဲစဉ်မှာတော့ အသင်းကြီးများဖြစ်ကြတဲ့ မန်ယူနဲ့ချယ်လ်ဆီးတို့ ထိပ်တိုက်တွေ့ဆုံမှုက ပရီမီယာလိဂ်ပရိသတ်တွေကို ဖမ်းစားနိုင်မှာပါ။ ချယ်လ်ဆီးကွင်း၌ မန်ယူတို့ ရှုံးနိမ့်ခဲ့တာကြောင့်လည်း ယခု မန်ယူကွင်းမှာတော့ မန်ယူတို့ အနိုင်ရဖို့ ကြိုးစားမှာပါ။ ဒါ့အပြင် ဂိုးသွင်းအားကောင်းနေတဲ့ လီဗာပူးအသင်းကလည်း အလယ်အလတ်အဆင့်မှာ ရှိနေတဲ့ ဝက်စ်ဟမ်းကို အိမ်ကွင်းမှာ ဂိုးပြတ်အနိုင်ယူကစားမလားဆိုတာ စောင့်ကြည့်ရမှာပါ။

## လက်စတာ Vs စတုတ်

| | | | | |
|---|---|---|---|---|
| ပကျော့ | စတုတ် | ၂ | ၂ | လက်စတာ |

လက်စတာအသင်းဟာ မန်းစီးတီးကို အရှုံးကြီးထားပြီး ရမှတ်ဆုံးရှုံးခဲ့တာကြောင့် ဒီပွဲကိုတော့ အားစိုက်ကစားလိမ့်မယ်။ လက်စတာအသင်းရဲ့ အိမ်ကွင်းရလဒ်ကတော့ အားရစရာကောင်းတယ်။ နောက်ဆုံးအိမ်ကွင်း ငါးပွဲကို ကြည့်မယ်ဆိုရင်လည်း ဆွမ်ဆီးနဲ့တစ်ပွဲသာ တစ်ဂိုးစီသရေနဲ့သရေကျခဲ့ပြီး ကျန်လေးပွဲလုံးက နိုင်ခဲ့တယ်။ စတုတ်အသင်းရဲ့ လက်ရှိခြေစွမ်းက ကျနေတယ်။ အဝေးကွင်းရလဒ်တွေကလည်း ဆိုးရွားလွန်းတယ်။ စတုတ်အဝေးကွင်းမှာ ရုန်းကန်ရမယ်။ လက်စတာဂိုးမပြတ်နိုင်ပေမယ့်နိုင်မယ်။

## ဘရိုက်တန် Vs ဆွမ်ဆီး

| | | | | |
|---|---|---|---|---|
| ပကျော့ | ဆွမ်ဆီး | ၀ | ၁ | ဘရိုက်တန် |

ဘရိုက်တန်အသင်းဟာ အိမ်ကွင်းအားနဲ့ အနိုင်ကစားဖို့ ကြိုးစားလိမ့်မယ်။ ဘရိုင်တန်ဟာ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်း ငါးပွဲမှာအရှုံးဆိုလို့ တစ်ပွဲပဲရှိတယ်။ ဘရိုက်တန်အသင်းဟာ ဆွမ်ဆီးနဲ့ ရမှတ်တစ်မှတ်သာ ကွာတာကြောင့် ဂရုစိုက်ကစားမှာလည်း သေချာတယ်။ ဆွမ်ဆီးအသင်းတန်းဆင်းဇုန်အထက် တစ်မှတ်အကွာနဲ့ရှိနေပြီး တန်းဆင်းဇုန်ကနေ အသည်းအသန်တက်လာရတဲ့အသင်းဖြစ်တာကြောင့် ဒီပွဲဟာ ဆွမ်ဆီးအသင်းအတွက်လည်းမရှုံးရဖို့ကြိုးစားလိမ့်မယ်။ အနိုင်အရှုံးပြတ်သားဖို့ခက်မယ်။

## မန်ယူ Vs ချယ်လ်ဆီး

| | | | | |
|---|---|---|---|---|
| ပကျော့ | ချယ်လ်ဆီး | ၁ | ၀ | မန်ယူ |

မန်ယူအသင်းဟာ ဒီနှစ်ရာသီမှာကစားခဲ့တဲ့ အိမ်ကွင်း ၁၃ ပွဲမှာဆိုရင် အရှုံးတစ်ပွဲပဲ ရှိပါတယ်။ ဒါဟာမန်ယူအသင်းဟာအိမ်ကွင်းမှာတော့ ရှုံးခဲ့တဲ့အသင်းလို့လည်း သတ်မှတ်ရမှာ ဖြစ်ပါတယ်။ မန်ယူအသင်းအနေနဲ့ ဒုတိယနေရာမှာ ဆက်လက်ရှိနေရေးအတွက်အနိုင်ကစားမယ်။ ချယ်လ်ဆီးနည်းပြကွန်တီကလည်း အဓိကပြိုင်ဘက်မန်ယူအသင်းကို မရှုံးဖို့ကစားသမားတွေကို အားစိုက်ကစားစေလိမ့်မယ်။ မန်ယူအိမ်ကွင်းမှာကပ်နိုင်မယ်။ ဂိုးများနိုင်တယ်။

## ဝက်ဖို့ဒ် Vs အဲဗာတန်

| | | | | |
|---|---|---|---|---|
| ပကျော့ | အဲဗာတန် | ၃ | ၂ | ဝက်ဖို့ဒ် |

ဝက်ဖို့ဒ်အသင်းဟာ ပထမအကျော့မှာ အဲဗာတန်ကို ရှုံးခဲ့တာကြောင့် အိမ်ကွင်းမှာတော့ အနိုင်ရဖို့ကြိုးစားကစားလိမ့်မယ်။ ဝက်ဖို့ဒ်အသင်းရဲ့ခြေက အိမ်ကွင်းမာတယ်။ အဲဗာတန်အသင်းရဲ့အဝေးကွင်းခြေစွမ်းကတော့ ညံ့တယ်။နောက်ဆုံးအဝေးကွင်း ငါးပွဲမှာနိုင်ပွဲ လုံးဝမရှိဘူး။ သရေ တစ်ပွဲနဲ့ အရှုံး လေးပွဲရရှိထားတယ်။ အဲဗာတန်အသင်းအဝေးကွင်းမှာ ရုန်းကန်ရမယ်။ ဝက်ဖို့ဒ်အိမ်ကွင်းမှာကပ်နိုင်မယ်။

## ဘန်လေ Vs ဆောက်သမ်တန်

| | | | | |
|---|---|---|---|---|
| ပကျော့ | ဆောက်သမ်တန် | ၀ | ၁ | ဘန်လေ |

ဘန်လေအသင်းဟာနောက်ဆုံးအိမ်ကွင်း ငါးပွဲမှာအနိုင်တစ်ပွဲပဲရှိတယ်။ ဒါပေမယ့် နောက်ဆုံးအိမ်ကွင်းပွဲစဉ်မှာတော့ မန်စီးတီးလို့ ထိပ်တန်းအသင်းကြီးကို သရေကစားထားနိုင်ပါတယ်။ ဒီပွဲကိုဘန်လေအသင်းအနေနဲ့ အမှတ်ရဖို့ အားစိုက်ကစားလိမ့်မယ်။ ဆောက်သမ်တန်အသင်းအနေနဲ့ လက်ရှိအချိန်မှာ တန်းဆင်းဇုန်ကို ရောက်နေတော့ နိုင်ပွဲတွေလိုအပ်နေတယ်။ တစ်ပွဲနိုင်တာနဲ့တန်းဆင်းဇုန်ကလွန်နိုင်တာကြောင့် ဒီပွဲကိုအနိုင်ကစားမယ်။ ဆောက်သမ်တန်ကပ်နိုင်မယ်။

## ဘုန်းမောက် Vs ကာဆယ်

| | | | | |
|---|---|---|---|---|
| ပကျော့ | ကာဆယ် | ၀ | ၁ | ဘုန်းမောက် |

ဘုန်းမောက်အသင်းရဲ့လက်ရှိခြေကကောင်းနေတယ်။ အိမ်ကွင်းခြေကလည်းမာတယ်။ နောက်ဆုံးကစားထားခဲ့တဲ့ အိမ်ကွင်း အိမ်ကွင်းငါးပွဲမှာလည်း အနည်းဆုံး နှစ်ဂိုးတော့သွင်းယူထားနိုင်တယ်။ ဒီပွဲမှာလည်း ဘုန်းမောက်ဟာ အိမ်ကွင်းအားနဲ့ ရုန်းလိမ့်မယ်။ နယူးကာဆယ်အသင်းကတော့ မန်ယူအသင်းနဲ့နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ အနိုင်ကစားထားနိုင်တာကတော့ ချီးကျူးစရာပါ။ ဒါပေမယ့်နယူးကာဆယ်ရဲ့ အဝေးကွင်းခြေက ညံ့တယ်။ ဘုန်းမောက်အသင်း အိမ်ကွင်းမှာနိုင်မယ်။ ဂိုးများနိုင်တယ်။

## ဝက်စ်ဘရွန်း Vs ဟက်ဒါဖီးလ်

| | | | | |
|---|---|---|---|---|
| ပကျော့ | ဟက်ဒါဖီးလ် | ၁ | ၀ | ဝက်စ်ဘရွန်း |

တန်းဆင်းဇုန်အောက်ဆုံးက ဝက်စ်ဘရွန်းအသင်းဟာ ဒီပွဲဟာ မန်နေဂျာအလန်ပါဂျူးကအတွက်တော့ အရေးပါတဲ့ပွဲလည်းဖြစ်တယ်။ ဒီပွဲသာရှုံးခဲ့ရင်တော့ အလန်ပါဂျူးအတွက်အသင်းကနေ ထွက်ခွာဖို့တောင်ရှိလာနိုင်တယ်။ ဒါကြောင့် ဒီပွဲကိုနိုင်ဖို့ အပြင်းအထန် ရုန်းကန်လိမ့်မယ်။ ဟက်ဒါဖီးအသင်းအနေနဲ့ အဝေးကွင်းမှာတော့ ရုန်းကန်ရတတ်တယ်။ ဝက်စ်ဘရွန်းအသင်း ကပ်နိုင်ပေမယ့် ဂိုးမများနိုင်ဘူး။

## လီဗာပူး Vs ဝက်စ်ဟမ်း

| | | | | |
|---|---|---|---|---|
| ပကျော့ | ဝက်စ်ဟမ်း | ၁ | ၄ | လီဗာပူး |

ချန်ပီယံလိဂ်မှာ ပေါ်တိုအသင်းကို ငါးဂိုးတောင် သွင်းယူထားခဲ့တဲ့ လီဗာပူးအသင်းရဲ့ နိုင်ပွဲတွေကို ရပ်တန့်နိုင်ဖို့ကတော့ မလွယ်သေးပါဘူး။ လီဗာပူးအသင်းဟာ ထိပ်ဆုံးလေးသင်းထဲမှာဆက်လက်ရှိနေဖို့အတွက် ဒီပွဲကိုအားစိုက်ကစားလိမ့်မယ်။ ဝက်စ်ဟမ်းအသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းက ကျဆင်းနေပြီး အဝေးကွင်း ရလဒ်ပိုင်းတွေလည်း ဆိုးနေတယ်။ လီဗာပူး အိမ်ကွင်းမှာ ဂိုးပြတ်နိုင်မယ်။

## ပဲလေ့စ် Vs စပါး

| | | | | |
|---|---|---|---|---|
| ပကျော့ | စပါး | ၁ | ၀ | ပဲလေ့စ် |

ပဲလေ့စ်အသင်းဟာ ကစားသမားတွေ ဒဏ်ရာပြဿနာတွေနဲ့ ရုန်းကန်နေရပြီး နိုင်ပွဲတွေ ပျောက်ဆုံးနေတယ်။ စပါးအသင်းနဲ့ ကစားရမယ့် ဒီပွဲမှာလည်း အိမ်ကွင်းမှာနိုင်ပွဲရှာဖို့တော့ မလွယ်သေးဘူး။ ချန်ပီယံလိဂ်နဲ့အက်ဖ်အေဖလားတို့မှာ သရေရလဒ်တွေနဲ့ကျေနပ်ခဲ့ရတဲ့ စပါးဟာ ဒီပွဲကိုတော့ အနိုင်ရဖို့ကြိုးစားလိမ့်မယ်။ စပါးအသင်းအဝေးကွင်းမှာ ပဲလေ့စ်ကို အနိုင်ကစားလိမ့်မယ်။

## ဒေဝါလီခံခဲ့ရသည်ဆိုသည့် သတင်းအား အေစီမီလန်အသင်းပိုင်ရှင် ငြင်းဆို

အီတလီ စီးရီးအေကလပ် အေစီမီလန်အသင်းပိုင်ရှင် ယုံဟောင်လီက သူသည် အကြွေးများကြောင့် ဒေဝါလီခံခဲ့ရပြီဟု သတင်းများထွက်ပေါ်နေခြင်းကို ငြင်းဆိုလိုက်သည်။

ပြီးခဲ့သည့်နှစ်အတွင်း အေစီမီလန်အသင်းအား ဘာလူစကိုနီထံမှ ဝယ်ယူခဲ့သူ စီးပွားရေးလုပ်ငန်းရှင် လီသည် အကြွေးများ ပြန်လည်ပေးဆပ်ခြင်း မရှိသောကြောင့် ဒေဝါလီခံခဲ့ရကာ ပိုင်ဆိုင်သည့်ပစ္စည်းများကို လေလံတင်ရောင်းချပြီး အကြွေးငွေများအတွက် ပြန်လည်ပေးဆပ်ရမည်ဟု ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက သတင်းများ ထွက်ပေါ်လာခဲ့သည်။

အီတလီနေ့စဉ်ထုတ်သတင်းစာ တစ်စောင်ဖြစ်သည့် Corriere della Sera က စီးပွားရေးလုပ်ငန်းရှင်လီသည် အေစီမီလန်အသင်းအား ယူရို သန်း ၇၄၀ ဖြင့် ဝယ်ယူရာတွင် ဘဏ်များမှ ချေးငွေများ ချေးယူခဲ့ကြောင်း၊ လီသည် Zhuhai Zhongfu ကော်ပိုရေးရှင်းမှ ၎င်းပိုင်ဆိုင်သော ရှယ်ယာ ၁၁ ဒသမ ၃၉ ရာခိုင်နှုန်းကို ရောင်းချကာ ဘဏ်တစ်ခု၏ ချေးငွေကို ပြန်လည်ပေးဆပ်ခဲ့ကြောင်း၊ သို့သော်လည်း အခြားဘဏ်များ၏ ချေးငွေများကို ပြန်လည်ဆပ်ခြင်းမရှိသောကြောင့် တရားစွဲဆိုခံခဲ့ရကာ ဒေဝါလီခံကြောင်း ကြေညာခဲ့ရခြင်းဖြစ်သည်ဟု ရေးသားဖော်ပြခဲ့သည်။

အဆိုပါ သတင်းများနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းရှင် လီက "တာဝန်ယူမှုမရှိတဲ့ သတင်းအချို့ကြောင့် ကျွန်တော့်ရဲ့ အသင်း၊ ကုမ္ပဏီ၊ မိသားစုနဲ့ကျွန်တော့်ရဲ့ ဂုဏ်သတင်းကို ထိခိုက်စေပါတယ်၊ ကျွန်တော့်ရဲ့ပိုင်ဆိုင်မှုတွေက လုံခြုံစွာရှိနေပါတယ်၊ ကျွန်တော့်ရဲ့အသင်းကရော ကုမ္ပဏီပါ လုပ်ငန်းတွေကို ပုံမှန်အတိုင်း လုပ်ကိုင်နေတယ်"ဟု ပြောဆိုခဲ့သည်။

အေစီမီလန်အသင်းသည် ယခုနှစ် စီးရီးအေပြိုင်ပွဲတွင် ပွဲစဉ် ၂၅ ကစားပြီးချိန်၌ ရမှတ် ၄၁ မှတ်ဖြင့် အဆင့် ၇ နေရာတွင် ရပ်တည်နေသည့်အသင်း ဖြစ်သည်။ **ထက်အောင်**




**အေစီမီလန်အသင်းအား ဘာလူစကိုနီထံမှ ဝယ်ယူခဲ့သူ စီးပွားရေးလုပ်ငန်းရှင်လီသည် အကြွေးများ ပြန်လည်ပေးဆပ်ခြင်း မရှိသောကြောင့် ဒေဝါလီခံခဲ့ရကာ ပိုင်ဆိုင်သည့်ပစ္စည်းများကို လေလံတင်ရောင်းချပြီး အကြွေးများအတွက် ပြန်လည်ပေးဆပ်ရမည်ဟု ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက သတင်းများ ထွက်ပေါ်လာခဲ့**

# တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ရင်းနှီးမြှုပ်နှံမှုများဖြစ်လာရေး အလုပ်ရုံဆွေးနွေး

**မော်လမြိုင် ဖေဖော်ဝါရီ ၂၂**
မွန်ပြည်နယ်တွင်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်သော လုပ်ငန်းများအနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပေါ်လာစေရေးအတွက် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို မော်လမြိုင်မြို့ ရာမညဟိုတယ်၌ ဖေဖော်ဝါရီ ၁၉ ရက်နှင့် ၂၀ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြသည်။

"ခိုင်မာအားကောင်းတဲ့ ပတ်ဝန်းကျင်ဆိုင်ရာ စီမံအုပ်ချုပ်မှုတွေ မရှိဘဲနဲ့ စီးပွားရေးဖွံ့ဖြိုးဖို့ အလျင်အမြန်လုပ်နေခြင်းက လက်ရှိ ပတ်ဝန်းကျင်ဆိုင်ရာပြဿနာတွေကို ပိုမိုကြီးထွားလာစေမှာဖြစ်ပါတယ်၊ ဒါကြောင့် နိုင်ငံအတွင်း စီးပွားရေးပွင့်လင်းလာတာနဲ့အမျှ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ၊ စက်မှုလုပ်ငန်းတွေ၊ မြို့ပြတိုးချဲ့မှုတွေ တိုးလာတယ်၊ နောက်ဆက်တွဲအနေနဲ့ လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှုတွေ ကြုံလာရပြီး ဘေးအန္တရာယ်ရှိတဲ့ ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုတွေ ရှိလာတာကြောင့် ခုလို အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ပါတယ်"ဟု မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှူး ဦးစိုးနိုင်က ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်လာသူများက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ အပြန်အလှန်ဆွေးနွေးခြင်း၊ အတွေးအခေါ်အသိအမြင်များ ဖလှယ်ခြင်း၊ ဘုံသဘောတူညီချက်များနှင့် မတူကွဲပြားမှုများကို ဖော်ထုတ်ပြီး ရရှိလာသည့်အကျိုးဆက်များကို တာဝန်ယူမှု၊ တာဝန်ခံမှု အားကောင်းစွာဖြင့် ဆောင်ရွက်ရန် စသည်တို့ကို ဆွေးနွေးခဲ့ပြီး ဆွေးနွေးပွဲမှတစ်ဆင့် အပြန်အလှန် နားလည်ယုံကြည်မှုများ တိုးလာစေရန် ရည်ရွယ်ထားသည်ဟုလည်း သိရသည်။

မြန်မာနိုင်ငံသည် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကဏ္ဍအလိုက် လူမှုဘဝဖွံ့ဖြိုးရေးအတွက် သဘာဝသယံဇာတ အရင်းအနှီးများအပေါ် မှီခိုနေလျက်ရှိကြောင်း၊ နိုင်ငံသည် မတူကွဲပြားသော ဂေဟစနစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝသယံဇာတများ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံအဖြစ် တည်ရှိသော်လည်း အကြောင်းရင်းများစွာတို့ကြောင့် သဘာဝအရင်းအနှီးများသည် ခြိမ်းခြောက်ခံနေရမှုများနှင့် ကြုံတွေ့နေရကြောင်း ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှူးက ပြောသည်။



မွန်ပြည်နယ်တွင် ၁၉၉၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၉ ခု (တန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၅၅၀၀ ကျော်)နှင့် ပြည်တွင်းနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၂၇ ခု (တန်ဖိုး ကျပ်သန်းပေါင်း ၇၉၄၅၆၇ ကျော်) ရှိကြောင်း ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီရုံးမှ သိရသည်။ **ခိုင်သက်အိမ်**

# လျှပ်စစ်ဘေးအန္တရာယ်ဆိုင်ရာများ ပညာပေးဟောပြောပြီး ဇာတ်တိုက်လေ့ကျင့်

**မြင်းခြံ ဖေဖော်ဝါရီ ၂၂**
လျှပ်စစ်ယိုစိမ့်မှုများဖြစ်ပါက လူတို့၏ အသက်အန္တရာယ်ထိခိုက်မှုအနည်းဆုံးဖြစ်အောင် နေထိုင်ရန် နည်းလမ်းများနှင့် အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများကို အများပြည်သူ သိရှိလာစေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းကို မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ မြင်းခြံဒီဂရီကောလိပ် ဟောပြောပွဲခန်းမ၌ ဖေဖော်ဝါရီ ၂၀ ရက်က ပြုလုပ်ခဲ့သည်။

လျှပ်စစ်ဘေးအန္တရာယ်အကြောင်း ဟောပြောပွဲတွင် မြင်းခြံဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာမောင်မောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးအေးမင်းသူက လျှပ်စစ်ဘေးအန္တရာယ်ဆိုင်ရာများအကြောင်း၊ လျှပ်စစ်ဘေးအန္တရာယ် ကျရောက်ပါက ဆောင်ရွက်ရမည့် နည်းလမ်းများ၊ လျှပ်စစ်ယိုစိမ့်မှုခတ်ချိန်တွင် တုံ့ပြန်ရမည့်အစီအစဉ်များကို Projector ဖြင့် ပြသ၍ အသေးစိတ် ရှင်းလင်းဟောပြောသည်။



ထို့နောက် လျှပ်စစ်ဘေးအန္တရာယ်ကြောင့် ထိခိုက်မှုများနည်းပါးရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဆောင်ရွက်ကြရာ လျှပ်စစ်ဘေးအန္တရာယ်မှ လတ်တလောလွတ်မြောက်ရန် (ဝပ်၊ ကာ၊ ထိုင်) အနေအထားများ လက်တွေ့လေ့ကျင့်ခြင်း၊ လျှပ်စစ်ယိုစိမ့်ခတ်ပြီးနောက် ဘေးသင့်သည့်လူနာများကို ရှာဖွေခြင်း၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်း၊ ရှေးဦးသူနာပြုနည်းဖြင့် ကုသခြင်းများကို မီးသတ်ဦးစီးဌာနဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းများ ပူးပေါင်းပါဝင်၍ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြင်းခြံဒီဂရီကျောင်းအုပ်ကြီးနှင့် ပါမောက္ခ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုကူညီရေးအသင်းနှင့် ပရဟိတအဖွဲ့များမှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ရွှေတချောင်းမြောင်းပေါင်လမ်းအတိုင်း မန္တလေး-မတ္တရာ ကားလမ်းသစ်ဖောက်လုပ်မည်

**မတ္တရာ ဖေဖော်ဝါရီ ၂၂**
မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေး-မိုးကုတ်လမ်း၏ မန္တလေး-မတ္တရာ လမ်းပိုင်းမှာ ယာဉ်သွားလာမှုများပြားပြီး ယာဉ်ကြောကျပ်တည်းပိတ်ဆို့မှုများ မကြာခဏဖြစ်ပေါ်လျက်ရှိသည့်အတွက် ရွှေတချောင်းမြောင်းပေါင်လမ်းမှ တိုးချဲ့၍ မန္တလေး-မတ္တရာ ကားလမ်းဖောက်လုပ်ရန် တိုင်းဒေသကြီး လမ်းဦးစီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မန္တလေး-မတ္တရာ လမ်းသစ်ဖောက်လုပ်ရန်အတွက် ကွင်းဆင်းစစ်ဆေးမှုများကို တိုင်းဒေသကြီးလမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမောင်မောင်ညွှန့်နှင့်အဖွဲ့က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစွမ်းထက်ဝေတို့နှင့်အတူ ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်းက ဆောင်ရွက်ခဲ့ပြီးနောက် ကွင်းဆင်းစစ်ဆေးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ညွှန်ကြားရေးမှူးက မန္တလေးမြို့ မတ္တရာမြို့အမှတ်(၄)ရပ်ကွက် သံတံတားအထိ ကွင်းဆင်းကြည့်ရှုပြီးဖြစ်ကြောင်း၊ အဆိုပါ သံတံတားမှ ရွှေတချောင်းမြောင်းပေါင်အတိုင်း မန္တလေး-မိုးကုတ် ကားလမ်းဆုံရာအထိကို ယာဉ်ငယ်များသွားလာနိုင်သည့် မြို့ရှောင်လမ်းအဖြစ် ဖောက်လုပ်ရန်ဖြစ်ကြောင်း၊ ယာဉ်ငယ်များ သွားလာနိုင်ရေးအတွက် လမ်းဧရိယာမှာ ၄၅ ပေ အကျယ် လိုအပ်မည်ဖြစ်ကြောင်း ဆွေးနွေးပြီး တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဌေးဦးက ဌာန၏ သတ်မှတ်ချက်အရ ဆည်မြောင်းပေါင်များ၏ မြောင်းပေါင်နယ်နိမိတ်သည် မြောင်းအလယ်မှ ဘေးဘယ်၊ ညာ ပေ ၁၀၀ အကျယ်စီ ရှိရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ဖောက်လုပ်မည့် လမ်းကြောင်းတစ်လျှောက်ရှိ ဘုရားစေတီများ၊ အဆောက်အအုံများ၊ ဥယျာဉ်ခြံမြေများကို အသေးစိတ် စာရင်းကောက်ယူနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ ဆက်လက် ဆောင်ရွက်လျက်ရှိပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီက မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းကာ ဥယျာဉ်ခြံမြေနှင့် အဆောက်အအုံများ၊ ဘုရားစေတီများနှင့်ပတ်သက်၍ မြေအမျိုးအစား၊ ပိုင်ဆိုင်မှု အထောက်အထား၊ မြောင်းပေါင်ဧရိယာနှင့် အသစ်တိုးချဲ့ဖောက်လုပ်မည့် လမ်းဧရိယာတို့ကို စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး (မတ္တရာ)**

# အုတ်ဖုတ်ရန်အတွက် ထန်းပင်များကို ထင်းအဖြစ်အသုံးများလာ

**ဆားလင်းကြီး ဖေဖော်ဝါရီ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်သည် တမာ၊ ထနောင်း၊ မန်ကျည်း၊ ထန်းပင်စသည့် အပူပိုင်းဒေသများ၌ ပေါက်ရောက်လေ့ရှိသော သဘာဝပေါက်ပင်များ အများဆုံးရှိနေခဲ့သော မြို့လေးတစ်မြို့ဖြစ်ကာ ပထဝီအနေအထားအရ ကုန်းကျသော မြေနေရာဖြစ်သဖြင့် အဆိုပါအပင်များမှအပ အခြားသော သီးပင်၊ စားပင်များမှာ နှစ်ကာလကြာရှည်စွာ ရှင်သန်ခြင်းမရှိဘဲ နှစ်အနည်းငယ်သာ ရှင်သန်နိုင်သည်။

လက်ရှိအချိန်တွင် သဘာဝပေါက်ပင်များဖြစ်သော တမာ၊ ထနောင်း၊ မန်ကျည်း၊ ထန်းပင် စသော အပင်များမှာလည်း ဆားလင်းကြီးမြို့နယ်အတွင်း၌ တဖြည်းဖြည်းနည်းပါးလာလျက်ရှိကြောင်း၊ ထန်းပင်များမှာ ထန်းလုပ်သား ရှားပါးလာခြင်းနှင့် ထန်းဖြင့်လုပ်သော လူအသုံးအဆောင်များနေရာတွင် အခြားပစ္စည်းများက အစားထိုးနေရာယူလာခြင်းတို့ကြောင့် ထန်းပင်များကို အုတ်ဖုတ်ရာတွင် ထင်းအဖြစ်သုံးရန် ခုတ်လှဲရောင်းချမှုများလာလျက်ရှိကြောင်း သိရသည်။

ထန်းတောပိုင်ရှင်တစ်ဦးက "ထန်းတက်သမားကလည်း ရှားပါး၊ ထန်းလက် ဝယ်ယူအသုံးပြုသူကလည်း နည်းပါးလာတော့ ထန်းပင်ကို အုတ်ထင်းမီးအဖြစ် အသုံးပြုဖို့ တစ်ပင်ကို တစ်သောင်းကျပ်နဲ့ ရောင်းစားရပါတယ်၊ ဝယ်ယူသူတွေကလည်း ထန်းပင်ရင့်မှသာ ဝယ်ယူပြီး နုနေရင်တော့ မဝယ်ပါဘူး၊ ကျွန်တော်တို့လည်း စားဝတ်နေရေး အဆင်မပြေလို့သာ ရောင်းရတာပါ"ဟု ပြောသည်။

ထန်းပင်ဝယ်ယူသော အုတ်ဖုတ်လုပ်ငန်းလုပ်သူများမှာလည်း အခြားသော ထင်းများကို အသုံးပြုရန် ဈေးကြီးခြင်းနှင့် ဝယ်ယူအသုံးပြုရန် ရှားပါးလာခြင်းတို့ကြောင့် နှစ်ရှည်ပင်ကြီးများဖြစ်သော ထန်းသားကိုသာ ထင်းမီးအဖြစ် အသုံးပြုရန် ဝယ်ယူရခြင်းဖြစ်ကြောင်း ပြောသည်။



ဆားလင်းကြီးမြို့နယ်အတွင်းမှ သက်တမ်းရင့် ထန်းပင်ကြီးများကို ထင်းအဖြစ်သုံးရန် ခုတ်လှဲရောင်းချနေခြင်းကြောင့် ထန်းပင်များ မရှိတော့ပါက မြို့နယ်၏ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုများ ဖြစ်လာမည်ကိုလည်း ဒေသခံအချို့က စိုးရိမ်မှုများရှိနေကြကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

# ဆိပ်ကမ်းသာပန်းခြံ သာယာလှပရေးဆောင်ရွက်

**ကော့သောင်း ဖေဖော်ဝါရီ ၂၂**
ထိုင်း-မြန်မာနယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့သည် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ ဝင်ထွက်လည်ပတ်ရာ မြို့တစ်မြို့ဖြစ်သည်နှင့်အညီ မြို့သာယာလှပရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မြို့ကျက်သရေဆောင် ဆိပ်ကမ်းသာပန်းခြံအတွင်း LED ဖောင်းကြွစာလုံးဆိုင်းဘုတ် အစားထိုးလဲလှယ်ခြင်းကို ဖေဖော်ဝါရီ ၂၀ ရက်က ဆောင်ရွက်ခဲ့သည်။

ကော့သောင်းမြို့သို့ ရေလမ်းခရီးမှ ဝင်ရောက်ပါက မြို့ကျက်သရေဆောင် ပြည်တော်အေးစေတီတော်နှင့် ကမ်းနားလမ်းရှိ ဆိပ်ကမ်းသာပန်းခြံကို စတင်မြင်တွေ့ရမည်ဖြစ်ရာ အဆိုပါ ဆိပ်ကမ်းသာပန်းခြံ သာယာလှပစေရေးအတွက် ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့က ပန်းခြံအတွင်း ပန်းအလှပင်များ ပြုစုပျိုးထောင်ခြင်း၊ ခေတ်မီ LED လျှပ်စစ်မီးများ တပ်ဆင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ **ကျော်စိုး(ကော့သောင်း)**




# ဆေးလိပ်ငွေ့ကင်းစင်နယ်မြေသတ်မှတ်ရေး အသိပေးဆွေးနွေး

**ကွမ်းလုံ ဖေဖော်ဝါရီ ၂၂**
ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်နယ်တစ်ခွင် အစီအစဉ်အရ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ်တွင် ဆေးလိပ်ငွေ့ကင်းစင်နယ်မြေများ သတ်မှတ်နိုင်ရေးအတွက် ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးတွင် သင်းအုပ်ဆရာတော် ဦးအောင်မျိုးလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသိန်းမြို့က ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်နယ်တစ်ခွင်အစီအစဉ်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကွမ်းလုံမြို့နယ်၌ ဆေးလိပ်ငွေ့ကင်းစင်နယ်မြေများ သတ်မှတ်ရန် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ရပ်ကျေး အုပ်ချုပ်ရေးမှူးများ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြပြီး လူစည်ကားရာနေရာများဖြစ်သည့် တံတားဦး စေတီတော်၊ လူမျိုးပေါင်းစုံ နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း၊ 'ဝ'နှစ်ခြင်းခရစ်ယာန် ဘုရားကျောင်းနှင့် ဟိုလီနှစ်ခြင်းခရစ်ယာန် ကျောင်းတို့ကို ဆေးလိပ်ငွေ့ကင်းစင်နယ်မြေများအဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။ **မိုင်းခိုင်ဇော်(ပြန်/ဆက်)**

# တစ်ဦးချင်းမော်တော်ယာဉ်တင်သွင်းခွင့် Free Permit ကို ရပ်ဆိုင်းခဲ့သည့်အတွက် ပြည်သူများနစ်နာနေကြောင်း တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ပြောကြား

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**
ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် မော်တော်ယာဉ်တင်သွင်းခွင့် Free Permit ကို ရပ်ဆိုင်းခဲ့သည့်အတွက် ရန်ကုန်မြို့နေပြည်သူများအနေဖြင့် အလွန်ပင်နစ်နာကြောင်း လသာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနိုင်က ပြောကြားသည်။

ယခင်က ရန်ကုန်နေပြည်သူအများစုအနေဖြင့် မော်တော်ယာဉ်ကို စလစ်ဖြင့်တင်သွင်းခြင်းနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် မော်တော်ယာဉ်တင်သွင်းခြင်းဟူ၍ အစီအစဉ်နှစ်ရပ်ရှိခဲ့ပြီး လူပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့် တင်သွင်းသောအခါတွင် ပြည်သူလူထုအနေဖြင့် သက်သက်သာသာ တင်သွင်းခွင့်ရရှိခဲ့သည့်အတွက် အဆင်ပြေခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း လွန်ခဲ့သော နှစ်နှစ်ခန့်မှစ၍ Free Permit ဖြင့် တင်သွင်းခြင်းကို ရပ်ဆိုင်းခဲ့ခြင်းဖြစ်ပြီး ထိုသို့ရပ်ဆိုင်းခဲ့သော်လည်း အခြား တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မော်တော်ယာဉ်တင်သွင်းခွင့် ဆက်လက်ရရှိခဲ့ရာ အကျိုးဆက်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မော်ဒယ်တူ၊ အကွာရာတူ၊ ကားချင်းတူသော်လည်း သိန်း ၇၀ မှ သိန်း ၁၀၀ ကြား ဈေးပိုများနေခြင်းကို တွေ့ရသောကြောင့် ရန်ကုန်နေပြည်သူလူထုအတွက် အလွန်ပင် နစ်နာကြောင်း ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က ပြောကြားသည်။

ထို့ပြင် မော်တော်ယာဉ်ဥပဒေပုဒ်မ ၄၅ အရ အများပြည်သူပိုင်ဆိုင်ရာ လမ်းများပေါ်တွင် မှတ်ပုံတင်ထားသော မည်သည့်မော်တော်ယာဉ်မဆို မောင်းနှင်ခွင့်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကားများကို အမြောက်အမြားတွေ့ရှိနေရကြောင်း၊ ယင်းသို့ဖြစ်နေခြင်းကိုလည်း ဥပဒေအရ တားဆီး၍ရနိုင်မည်မဟုတ်ဘဲ အခြားတိုင်းဒေသကြီးများတွင် မှတ်ပုံတင်ထားသော မော်တော်ယာဉ်များ ဖြစ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် အဆိုပါမော်တော်ယာဉ်များ၏ မှတ်ပုံတင်ကြေး၊ ဘီးခွန်အစရှိသော အခွန်အခများ နစ်နာဆုံးရှုံးလျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြည်သူများအနေဖြင့် အဆိုပါကားများကို တင်သွင်းခွင့်မရခြင်းက အစိုးရရော ပြည်သူပါ နှစ်ဖက်စလုံး နစ်နာနေသည်ကို တွေ့ရှိရပါကြောင်း လွှတ်တော်ကိုယ်စားလှယ်က ဆက်လက်ပြောကြားသည်။



ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ယခု ၂၀၁၈ ခုနှစ်အတွင်း၌ ရန်ကုန်တိုင်းဒေသကြီးအတွင်း မော်တော်ယာဉ်တင်သွင်းခွင့်မူဝါဒကို တိုင်းဒေသကြီးအစိုးရမှ ပြန်လည်စိစစ်သုံးသပ်လျက်ရှိကြောင်းနှင့် အသစ်ကျင့်သုံးမည့် မော်တော်ယာဉ်တင်သွင်းခွင့် ဆောင်ရွက်မည့် အစီအစဉ်သစ်ကို တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်သူတို့ထံ အချိန်မီ ကြိုတင်အသိပေးပြီးမှ ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

လက်ရှိအချိန်တွင် မြန်မာတစ်နိုင်ငံလုံး၌ မော်တော်ယာဉ်အစီးရေပေါင်းမှာ ၈ ဒသမ ၈ သိန်းကျော် ရှိကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း မှတ်ပုံတင်ထားသော ကားအစီးရေမှာ ငါးသိန်းခန့်ရှိကြောင်း သိရသည်။

**သတင်း- ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

# ချင်းအမျိုးသားနေ့အခမ်းအနား ဟားခါးမြို့၌ စည်ကားစွာ ကျင်းပ

**ဟားခါး ဖေဖော်ဝါရီ ၂၂**
ဖေဖော်ဝါရီ ၂၀ ရက်တွင်ကျရောက်သော နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့ အခမ်းအနားကို ဟားခါးမြို့ ဝမ္မသူးမောင်အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ချင်းအမျိုးသားနေ့အခမ်းအနား ဖွင့်ပွဲတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ချင်းအမျိုးသားနေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဟန်ဝင်းအောင်နှင့် မြို့မိမြို့ဖ ဦးရှုန်မန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က အခမ်းအနားမုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားတက်ရောက်သူများက မြန်မာနိုင်ငံတော်အလံအား အလေးပြုကြပြီး ဟားခါးနှစ်ခြင်းအသင်းတော်မှ သင်းအုပ်ဆရာ သိက္ခာတော်ရဆရာတော် ဒေါက်တာစတီဗင်လျန်ဟုပ်လိန်းက ချင်းအမျိုးသားနေ့ပွဲတော်အတွက် ဆုတောင်းပေးကာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှပေးပို့သော သဝဏ်လွှာကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖတ်ကြားသည်။

ထို့နောက် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်က ချင်းပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်အတွင်း လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖြစ်ထွန်းရေး၊ ဒီမိုကရေစီစနစ် ပိုမိုထွန်းကားရေးနှင့် ချင်းလူမျိုးများအကြား အပြန်အလှန်ယုံကြည်သင့်မြတ်မှုမှသည် တစ်နိုင်ငံလုံး အမျိုးသားပြန်လည်ရင်ကြားစေ့ရေးသို့ ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်အတွင်းရှိ မြို့နယ် ကိုးခုစလုံး အချိုးညီညီ ဖွံ့ဖြိုးတိုးတက်ပြီး ချင်းမျိုးနွယ်စု တစ်ခုနှင့် တစ်ခုကြားတွင်လည်း ယုံကြည်မှုနှင့် ချစ်ခင်လေးစားမှု ပိုမိုတိုးတက်ခိုင်မြဲအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ လက်ရှိအစိုးရ တာဝန်ယူဆောင်ရွက်နေသည့် ငါးနှစ်သက်တမ်းအတွင်း ချင်းပြည်နယ်ကို ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးပြည်နယ်စာရင်းမှ ရုန်းထွက်လွတ်မြောက်နိုင်အောင် အခြေခံအုတ်မြစ်ကောင်းများ ချမှတ်နိုင်ရန် သန္နိဋ္ဌာန်ချမှတ်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပွင့်လင်းမြင်သာမှုရှိပြီး ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်လာရေး၊ လာဘ်ပေးလာဘ်ယူမှု လျော့နည်း ပပျောက်ရေး၊ စွမ်းဆောင်ရည်မြင့်မားသည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေး စသည်တို့အတွက်လည်း ကြိုးပမ်းဆောင်ရွက်နေ၍ ချင်းတစ်မျိုးသားလုံးကလည်း ဝိုင်းဝန်းပူးပေါင်း လက်တွဲကူညီပေးကြရန်လိုကြောင်း အမှာစကားပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့ အထိမ်းအမှတ် ဌာနဆိုင်ရာပြခန်းများ၊ ရိုးရာယဉ်ကျေးမှုအသုံးအဆောင်ပစ္စည်းများ ပြခန်း၊ ရိုးရာဂျပ်ခုတ်လုပ်ငန်း သရုပ်ပြခန်းများကို ကြည့်ရှုလေ့လာကြပြီး ဝမ္မသူးမောင်အားကစားကွင်း၌ ကျင်းပသည့် ချင်းရိုးရာဘွဲ့တိုင်(ခ) အထွတ်အမြတ်တိုင် စိုက်ထူပွဲနှင့် ခွေါင်ကြဲပွဲသို့ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## မြစိမ်းရောင်အတိုးငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်

**စလင်း ဖေဖော်ဝါရီ ၂၂**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာ ၅၁ ရွာအနက် အရှေ့ကန်ဘောင်ကျေးရွာ၌ ရွာတွင်းလမ်း အရှည် ၂၂၀၀ တွင် အကျယ် ၁၂ ပေ ကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် တောင်ကန်ကျေးရွာ၌ ရွာတွင်းလမ်း အရှည် ပေ ၂၂၀၀ တွင် အကျယ် ၁၂ ပေ ကျောက်စရစ်ခင်းခြင်းလုပ်ငန်းများကို စီမံကိန်းအတိုးရငွေကျပ်သိန်း ၅၀ ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတင့်လွင်ဦး၊ မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျနှင့် အင်ဂျင်နီယာအဖွဲ့ဝင်များက ဖေဖော်ဝါရီလဒုတိယပတ်အတွင်း၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။ **စစ်ကြည်(စလင်း)**



# နေပြည်တော် လောကမာရဇိန်စေတီတော်ကြီး ဗုဒ္ဓပူဇနီယတပေါင်းပွဲတော် ကျင်းပမည်

**ပျဉ်းမနား ဖေဖော်ဝါရီ ၂၂**
နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်မြတ်ကြီး (၁၄၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယတပေါင်းပွဲတော်ကြီးကို ဖေဖော်ဝါရီ ၂၂ ရက်မှစတင်၍ မတ် ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓပူဇနီယ ပွဲတော်ကြီးကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၅ နာရီတွင် စတင်ဖွင့်လှစ်ကာ ဘုရားအနေကဇာတင်ခြင်း၊ အရုဏ်ဆွမ်း ဆက်ကပ်ခြင်းနှင့် ဝတ်ရွတ်ပူဇော်ခြင်းများကို ဖေဖော်ဝါရီ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မတ် ၁ ရက် ညနေ ၄ နာရီတွင် ပျဉ်းမနားမြို့နယ်အတွင်းရှိ သံဃာတော်အပါး ၁၅၀ နှင့် သီလရှင် ၁၂၅ ပါးတို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူသွားမည်ဖြစ်၍ ပွဲတော်ကာလအတွင်း မျက်လှည့်အဖွဲ့၊ ဇာတ်သဘင်အဖွဲ့များ၏ ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်မည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကောင်းမှုတော်စေတီ ဂေါပကအဖွဲ့သစ် ပြန်လည်ရွေးချယ်ရန် သြဝါဒခံယူ

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ရာဇမဏိစူဠာ ကောင်းမှုတော်စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့သစ် ပြန်လည်ရွေးချယ်နိုင်ရေးနှင့် ဂေါပကစည်းမျဉ်းအသစ်များ အတည်ပြုနိုင်ရေးအတွက် ဆရာတော်ကြီးများထံမှ သြဝါဒခံယူပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က စေတီတော်မြတ်ကြီး အောင်မြေဗောဓိ ဓမ္မာရုံ၌ ကျင်းပသည်။

ဂေါပကအဖွဲ့အသစ် ပြန်လည်ရွေးချယ်နိုင်ရေးအတွက် သြဝါဒခံယူပွဲတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်တင်မိုးက ဆရာတော်ကြီးများအား သာသနာရေးဆိုင်ရာများ လျှောက်ထားကာ နိုင်ငံတော် သြဝါဒါစရိယ ဇေယျသိန်ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော်နှင့် တိုင်းဒေသကြီး၊ မြို့နယ် သံဃနာယက ဆရာတော်ကြီးများက ဂေါပကအသစ်ရွေးချယ်ရေး စည်းမျဉ်းတွင် ထည့်သွင်းရေးဆွဲသင့်သည်များကို မိန့်ကြားခဲ့ကြသည်။

အဆိုပါ သြဝါဒခံယူပွဲသို့ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖအဖွဲ့များ၊ လက်ရှိဂေါပကအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြပြီး ယခုလက်ရှိ ကောင်းမှုတော်စေတီ ဂေါပကအဖွဲ့သည် သက်တမ်းကြာမြင့်နေပြီဖြစ်၍ အဖွဲ့ဝင်အသစ်များဖြင့် အစားထိုးနိုင်ရေးအတွက် ဂေါပကအဖွဲ့စည်းမျဉ်းကို အတည်ပြုခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အိုးအိမ်မဲ့ပြည်သူများအား မယ်စဲ့မြို့ကွက်သစ်၌ မြေနေရာချထားပေးနိုင်ရေး ညှိနှိုင်းဆွေးနွေး

**မယ်စဲ့ ဖေဖော်ဝါရီ ၂၂**
ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်တွင် အိုးမဲ့အိမ်မဲ့ပြည်သူများအား မြို့မြေနေရာ ချထားပေးနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

မယ်စဲ့မြို့ကို မြို့အင်္ဂါရပ်နှင့်အညီ စနစ်တကျရှိစေရေးအတွက် မြို့ကွက်တိုးချဲ့ခြင်းလုပ်ငန်းများကို ၂၀၁၇ ခုနှစ်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ အိုးမဲ့အိမ်မဲ့ပြည်သူများအား မြို့မြေနေရာချထားပေးနိုင်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီက အိုးမဲ့အိမ်မဲ့ မြေနေရာလျှောက်ထားသူများနှင့် တွေ့ဆုံပြီး အမှန်တကယ်လိုအပ်နေသော ဒေသခံပြည်သူများအား ဦးစားပေး၍ နေရာချထားပေးသွားမည်ဖြစ်ကြောင်း၊ မြို့မြေတိုးချဲ့ရာတွင် မြို့ကွက် ၁၂၄ ကွက်မှ မူလခုတ်ထွင်ရှင်းလင်းသူများအား အကွက်ပေါင်း ၄၇ ကွက်ချထားပေးခဲ့ကြောင်း၊ အိုးမဲ့အိမ်မဲ့လျှောက်ထားသူ ၃၅ ဦးအနက် အမှန်တကယ် အိုးမဲ့အိမ်မဲ့ ၂၄ ဦးအား နေရာချထားပေးနိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကျန်မြေကွက် ၅၃ ကွက်ကို စိစစ်၍ ပေးသင့်ပေးထိုက်သူများအား ဆက်လက်ထောက်ခံတင်ပြပြီး ပြည်နယ်အစိုးရ၏ ခွင့်ပြုချက်နှင့်အညီ မြေကွက်ချထားပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်က အစည်းအဝေးတွင် ပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် မယ်စဲ့မြို့ မြို့ကွက်တိုးချဲ့ရေး ကော်မတီအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ မြေကွက်လျှောက်ထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စည်းကမ်းမဲ့ရပ်နားသည့်ကားများ လိုက်လံဖမ်းဆီးရာ ၁၃ ရက်အတွင်း ၉၁ စီးဖမ်းမိ



ဘီးသော့ခတ်၍ ဖမ်းဆီးထားသော ကားတစ်စီး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၂**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်တွင် ယာဉ်မတော်တဆမှုများ ကင်းရှင်းစေရန်အတွက် စည်းကမ်းမဲ့ရပ်နားသည့် မော်တော်ယာဉ်များကို မြစ်ကြီးနားမြို့ အမှတ်(၉၈) ယာဉ်ထိန်းတပ်ဖွဲ့က လိုက်လံဖမ်းဆီးခဲ့ရာ ဖေဖော်ဝါရီ ၇ ရက်မှ ၁၉ ရက်အထိ ၁၃ ရက်အတွင်း ယာဉ်စီးရေ ၉၁ စီးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စည်းကမ်းမဲ့မော်တော်ယာဉ်များကို ဖမ်းဆီးရာတွင် ယာဉ်နှစ်ထပ်ရပ်ခြင်း၊ ပလက်ဖောင်းနှင့် တစ်ပေထက်ပိုခွာ၍ ရပ်ခြင်း၊ ယာဉ်ကြောပြောင်းပြန်ရပ်ခြင်း၊ ဖြူနီကြား၌ ရပ်ခြင်း၊ လမ်းထောင့်၌ ရပ်ထားခြင်း စသည့် စည်းကမ်းမဲ့စွာ ရပ်နားထားသည့် ယာဉ်များကို ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း မြစ်ကြီးနားမြို့ အမှတ်(၉၈) ယာဉ်ထိန်းတပ်ဖွဲ့ရုံးမှ သိရသည်။

"စည်းကမ်းမဲ့ရပ်ထားတဲ့ ကားတွေကို ဖမ်းတာပါ၊ ပိုင်ရှင်မရှိတဲ့ ကားတွေကျတော့ ကားဘီးကို သော့ခတ်တဲ့စနစ်နဲ့ ဖမ်းပါတယ်၊ ပညာပေးကာလမှာ ယာဉ်စည်းကမ်းလိုက်နာဖို့ လူတွေ၊ ယာဉ်တွေကို ရပ်ခိုင်းပြီး ယာဉ်စည်းကမ်းပညာပေး လက်ကမ်းစာစောင်တွေဝေတယ်၊ နှုတ်နဲ့လည်းပြောပါတယ်"ဟု အဆိုပါတပ်ဖွဲ့မှ ဒုရဲမှူးကျော်စိုးဦးက ပြောသည်။

မြစ်ကြီးနားမြို့တွင် စည်းကမ်းမဲ့ မော်တော်ယာဉ်များ ရပ်နားမှုအများဆုံး နေရာများမှာ ဈေးကြီးပတ်လည်၊ ဘုတာရှေ့၊ ဘဏ်ရှေ့စသည့် လူစည်ကားသည့်နေရာများတွင် အများဆုံးဖြစ်ကြောင်းနှင့် ယခုစည်းကမ်းမဲ့ရပ်နားမှုကြောင့် ဖမ်းဆီးထားခဲ့သည့် မော်တော်ယာဉ်များကို တရားရုံး၌ ကားတစ်စီးလျှင် ငွေကျပ်နှစ်သောင်း ဒဏ်ငွေပေးဆောင်စေခြင်း၊ ဒဏ်ငွေ မပေးဆောင်နိုင်သူများကို ယာဉ်မောင်းလိုင်စင်ရှိပါက ယာဉ်မောင်းလိုင်စင် သိမ်းဆည်းခြင်းများနှင့် ပညာပေးခြင်းများ ဆောင်ရွက်နေကြောင်း သိရသည်။

**မင်းမင်းဦး(EPN)**

# မှုခင်းကျဆင်းရေး ပညာပေးဆွေးနွေး

**ထန်းတပင် ဖေဖော်ဝါရီ ၂၂**
မှုခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုများပပျောက်ရေးအတွက် ပြည်သူများအား အသိပညာပေးဆွေးနွေးပွဲကို ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် လမုတန်းကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပခဲ့သည်။

အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဝင်းက မှုခင်းများ ကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားမှုမရှိစေရန် သတိပြုရမည့်အချက်များ၊ မှုခင်းဖြစ်စဉ်များနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားခြင်းမရှိစေရန် အုပ်ထိန်းသူမိဘများနှင့် ကလေးငယ်များအနေဖြင့် သတိပြု လိုက်နာရန်အချက်များ စသည်တို့ကို ပညာပေးဆွေးနွေးဟောပြောခဲ့ပြီး ဟောပြောပွဲသို့ ကျေးရွာနေ ပြည်သူများနှင့် ၎င်းတို့၏ ကလေးငယ်များ၊ ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျေးရွာအမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ စက်ရုံဝန်ထမ်း အမျိုးသမီးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့ဝင်များက အသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကျန်းမာရေးဝန်ဆောင်မှုအစီအစဉ် တစ်နှစ်ပြည့် မိတ်ဆက်ပွဲကျင်းပ

**တာချီလိတ် ဖေဖော်ဝါရီ ၂၂**
ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့ရှိ Sawadee Holiday Travels & Tours ကုမ္ပဏီလီမိတက်နှင့် ထိုင်းနိုင်ငံ Chiang Mai Ram Hospital တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးဝန်ဆောင်မှုအစီအစဉ် တစ်နှစ်ပြည့် အထိမ်းအမှတ် မိတ်ဆက်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က ရွှေဖူးသီးဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် ထိုင်းနိုင်ငံ Chiang Mai Ram Hospital မှ အုပ်ချုပ်မှုဒါရိုက်တာ Dr.Pramuk Unachak က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Sawadee Holiday Travels & Tours ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဘိုလေးက နယ်စပ်ဒေသနေပြည်သူများ အိမ်နီးချင်းထိုင်းနိုင်ငံရှိ ဆေးရုံများတွင် သွားရောက်ဆေးကုသရာ၌ လွယ်ကူမြန်ဆန်အဆင်ပြေစေရေး၊ ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်စွာ ဆောင်ရွက်ပေးနိုင်ရေး၊ ကျန်းမာရေးဝန်ဆောင်မှုများကို ပြည်သူများသိရှိနိုင်ရေးအတွက် ရှင်းလင်းပွဲ ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် Chiang Mai Ram ဆေးရုံမှ နှလုံးနှင့်သွေးကြောအထူးကုဆရာဝန်ကြီး Pattarapong Keelapang က နှလုံးနှင့် သွေးကြောဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းဟောပြောပြီး တာချီလိတ်ခရိုင် ပြည်သူ့ဆေးရုံကြီးတွင် အသုံးပြုရန် ထိုင်းဘတ်ငွေခြောက်သောင်းတန်ဖိုးရှိ နှလုံးခုန်နှုန်းတိုင်းစက်နှစ်လုံးကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ဆောင်းရာသီအားကစားပြိုင်ပွဲ ဆုများချီးမြှင့်

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၂**
စစ်ကိုင်းမြို့ သမဝါယမတက္ကသိုလ်၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ဆောင်းရာသီအားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က တက္ကသိုလ်ဝင်းအတွင်းရှိ ဘောလုံးကွင်း၌ ကျင်းပခဲ့သည်။

ဆောင်းရာသီ အားကစားပြိုင်ပွဲတွင် ကြက်တောင်ရိုက်ပြိုင်ပွဲ၊ အမျိုးသမီးဘောလုံးပွဲနှင့် အမျိုးသားဘောလုံးပွဲများ ကျင်းပရာ အဆိုပါပြိုင်ပွဲများမှ ဆုရရှိသော အားကစားသမားများအား သမဝါယမတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာဒေါ်မို့မို့ရီနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ဆုချီးမြှင့်ပွဲသို့ စစ်ကိုင်းမြို့ မြို့မိမြို့ဖအဖွဲ့ဝင်များ၊ မြို့ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခိုင်ဇေယျ**

# ကလပ်ပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မြိတ် ဖေဖော်ဝါရီ ၂၂**
မြိတ်မြို့နယ်အတွင်း အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးဆက်သစ် ဘော်လီဘောအားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Township Sports Development Program)အရ ကျင်းပသည့် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ကလပ်ပေါင်းစုံ အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်က မြိတ်ခရိုင်အားကစားခန်းမ၌ ကျင်းပသည်။

ဗိုလ်လုပွဲများကျင်းပရာတွင် အမျိုးသမီးပြိုင်ပွဲ၌ မော်ဒယ်ကလပ်အသင်းနှင့် MPC ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး MPC ကလပ်အသင်းက သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကာ အမျိုးသားပြိုင်ပွဲတွင် ချမ်းမြေ့(ပါရမီ)ကလပ်အသင်းနှင့် ခရီးသည်ကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ခရီးသည်ကလပ်အသင်းက သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အမျိုးသမီးပြိုင်ပွဲနှင့် အမျိုးသားပြိုင်ပွဲတွင် ဒုတိယနှင့် ပထမဆုရရှိသော အသင်းများအား တာဝန်ရှိသူများက လည်ဆွဲဆုနှင့် ငွေသားဆုများ ချီးမြှင့်ပြီး ပထမဆုများရရှိသော MPC ကလပ်အသင်းနှင့် ခရီးသည်ကလပ်အသင်းတို့အား မြိတ်ခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက တံခွန်စိုက်ဆုဖလားပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့ပြီး အမျိုးသားပြိုင်ပွဲတွင် အသင်းခြောက်သင်းနှင့် အမျိုးသမီးပြိုင်ပွဲတွင် အသင်းခြောက်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# မြောင်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

**မြောင် ဖေဖော်ဝါရီ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်နိုင်ထွန်း၊ ဒေါ်အေးမြတ်မွန်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်သန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၀ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

မြို့နယ်အတွင်း၌ လွှတ်တော်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော လုပ်ငန်းများကို စစ်ဆေးခြင်းဖြစ်ကြောင်း၊ ချင်းတွင်းမြစ်ရေတိုက်စားခြင်းကြောင့် ရွှေတချောင်းကျေးရွာနှင့် ကျောက်တန်းကျေးရွာ ကမ်းပါးပြိုမှုအတွက် မြေထိန်းနံရံနှင့် ရေကာတည်ဆောက်ခြင်း၊ ကျေးလက်လမ်းခင်းခြင်းနှင့် ကျေးလက်ဆေးပေးခန်းများ တည်ဆောက်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သည်များကို အကြံပြုဆွေးနွေးခဲ့ကြောင်း ကွင်းဆင်းစစ်ဆေးရာတွင် ပါဝင်သည့် လမ်းဦးစီးဌာနမှူး ဦးမြင့်သောင်း၏ ပြောကြားချက်အရ သိရသည်။

**တင်ကိုကို**



# အသိပညာပေးဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်လုပ်ငန်း ဆောင်ရွက်



**ဟိုပုံး ဖေဖော်ဝါရီ ၂၂**
ရှမ်းပြည်နယ် ဟိုပုံးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် လူထုအသိပညာပေး လုပ်ငန်းများကို မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၀ ရက်တွင် ထီတန်းလိတ်ကျေးရွာ မဟာပညာစာကြည့်တိုက်၌ အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြခန်းများ ပြသခြင်းနှင့် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နန်းဦးခမ်းက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှု ဆိုးကျိုးများနှင့် လူကုန်ကူးမှုဆိုင်ရာ သိကောင်းစရာများကို ပညာပေးဟောပြောကြပြီး မဟာပညာစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းကာ နယ်လှည့်စာကြည့်တိုက်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နန်းဦးခမ်း(ဟိုပုံး)**

# ပြည်သူ့ဗဟိုပြုသော ရဲလုပ်ငန်းစနစ် ဆင့်ပွားသင်တန်းဖွင့်

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၂**
စစ်ကိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး ရဲရင့်ရိပ်သာခန်းမ၌ ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်(ဆင့်ပွား)သင်တန်း အမှတ်စဉ်(၁/၁၈)ကို ဖေဖော်ဝါရီ ၁၉ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးမြသင်းက သင်တန်းဖွင့်မိန့်ခွန်းပြောကြားကာ သင်တန်းကို ဆက်လက်ဖွင့်လှစ်ခဲ့သည်။ သင်တန်းသို့ စစ်ကိုင်းမြို့နယ်အတွင်းမှ သင်တန်းသား အရာရှိတစ်ဦးနှင့် အခြားအဆင့် ၁၄ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၁ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(၀၇၇)

## နိုင်ငံခြားရေးဝန်ကြီးဌာန စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နိုင်ငံခြားရေးဝန်ကြီးဌာနအတွက် ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာနှစ်အတွင်း E-mail Security and Maintenance လုပ်ငန်းဝန်ဆောင်မှုဆောင်ရွက် ပေးခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသူ ကုမ္ပဏီ/လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူများသည် တင်ဒါပုံစံတစ်စောင်လျှင်ကျပ် ၂၀၀၀ (ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့်ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇၃၄၁၂၁၉၂သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။ လုပ်ငန်းဆောင်ရွက်ရန် အခြေခံသတ်မှတ်ချက်များကို www.mofa.gov.mm တွင် ကြည့်ရှုနိုင်ပါသည်။

**တင်ဒါရောင်းချမည့်ရက်/အချိန်** - ၂၃-၂-၂၀၁၈ရက် နံနက် ၉း၃၀
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၅-၃-၂၀၁၈ရက် ညနေ ၄း၃၀နာရီ
**တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** - နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန၊ အဆောက်အဦထောက်ပံ့ဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန**

**ဖခင် အမည်မှန်**

အခြေခံပညာမူလတန်း(လွန်)ကျောင်း အမက(၂၁) လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး စတုတ္ထတန်း(B)မှ မသဇင်အောင်၏ ဖခင်အမည်မှန်မှာ ဦးငွေအောင် ၁၂/ လသယ(နိုင်)၀၁၀၄၀၃ ဖြစ်ပါသည်။ ဦးငွေအောင်

## ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူ အမည် | လျှောက်ထားသည့်မြေ၏ | | | | | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| | | မြို့ | ရပ်/ကျေး | အကွက်အမှတ် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | |
| ၁ | ဦးမြင့်စိုး | ပုသိမ် | အမှတ်(၁၃) | ၅၂ | ဒီ-၃၆ | ၀.၀၄၁ | အမည်ပြောင်းမှုရင်းခွဲ |
| ၂ | ဦးသိန်းဝင်း | ပုသိမ် | အမှတ်(၃) | ၃၉ | ၁၁-C | ၀.၀၃ | ဂရန်အသစ် |

ဖော်ပြပါလျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ မကျီးတိုင်းကျေးရွာနေ ဦးမြင့်လှိုင် ၉/ကပတ(နိုင်) ၀၀၂၆၇၅၏ ဖခင်ဦးပြုံး(ခ)ဦးလှအောင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးပြုံး(ခ)ဦးလှအောင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ အတာရွာသစ်နေ ဦးတင်ဝင်း(၂) ၉/ကပတ(နိုင်)၀၆၀၀၄၁ နှင့် ဦးတင်လှ(ခ)ဦးတင်ဝင်းမှာ တစ်ဦးတည်း ဖြစ် ပါကြောင်း။

**ဦးတင်ဝင်း(၂)(ခ)ဦးတင်လှ(ခ)ဦးတင်ဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7B/7004 Shwe Chan Lion Model II S/W(4x4) ယာဉ်လက်ဝယ်ရှိသူ ဦးစောဝင်းသန်း ၉/မနမ(နိုင်)၁၂၁၄၀၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပေါက်မြို့နယ်၊ သစ်ညီနောင်ကျေးရွာနေ အထက(ခွဲ) ခွေးအတွင်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ဖြိုးထက်အောင်၊ အထက ကမ္ဘကျောင်း နဝမတန်းမှ မဖြိုးပပအောင်၊ အလက သစ်ညီနောင်ကျောင်း ဆဋ္ဌမတန်းမှ မအိအိဖြိုးနှင့် KG တန်းမှ မောင်အေးချမ်းဖြိုးတို့၏ ဖခင် ဦးသန်းဝင်း ၈/ပမန(နိုင်)၀၁၈၆၅၇ နှင့် ဦးအောင်ငွေးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးသန်းဝင်း(ခ)ဦးအောင်ငွေး**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ ဒေါ်ခင်ဖုန်းရင် ၁၂/လကန(နိုင်)၀၇၄၁၅၄ ၏ သားဖြစ်သူ မောင်တော်နီဝင်း ၉/အမဇ(နိုင်)၀၃၄၇၈၈သည် မိခင်ဖြစ်သူနှင့်မိသားစုဝင်များ၏ ဂုဏ်သိက္ခာညှိုးနွမ်းစေသော ကိစ္စများအား အကြိမ်ကြိမ် ပြုလုပ်သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်ခင်ဖုန်းရင်(မြောင်းမြမြို့)**

## ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ရှိ စားသောက်ဆိုင်ခန်းအမှတ် (၁၊ ၂၊ ၃၊ ၄၊ ၅)၊ International Students Hall (ISH) ခေါင်မိုးထပ်၊ ကော်ဖီဆိုင်၊ LRC ဆောင်နှင့် COE ဆောင်ကြားရှိ ဆိုင်ခန်း(၂)ခန်း (Convenicence Store ဆိုင်နှင့် ကော်ဖီဆိုင်)တို့အား ၁-၄-၂၀၁၈ရက်မှ ၃၁-၃-၂၀၁၉ရက်ထိ တစ်နှစ်ဖွင့်လှစ်ရောင်းချရေးအတွက် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်။ အိတ်ဖွင့်တင်ဒါအစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များ
**ရောင်းချမည့်ရက်**- ၂၈-၂-၂၀၁၈ရက် မှ ၁၄-၃-၂၀၁၈ရက်ထိ
(ခ) **တင်ဒါပိတ်ရက်** - ၁၄-၃-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ဆိုင်ခန်းကြီးကြပ်ရေးကော်မတီ (ဖုန်း-၀၉-၇၉၆၀၄၃၃၀၉)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆိုင်ခန်းကြီးကြပ်ရေးကော်မတီ**





၁၉၅၂ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်ထုတ်ဝေခဲ့သည်
မြဝတီ
ထွက်ပြီ
အတွဲ(၆၆)၊ အမှတ်(၅)၊ ၂၀၁၈ ခုနှစ်၊ မတ်လထုတ်
မြဝတီမဂ္ဂဇင်းထွက်ပြီ။
ဆက်သွယ်ရန်- ဖုန်း ၀၉၃၀၃၆၇၅၆၂ (စာတည်းဌာန)
၀၉ ၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)
၁၆၀၀ ကျပ်
မြဝတီစာပေတိုက်မှ ထုတ်ဝေသည်။





၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ထုတ်ဝေခဲ့သည်
တေဇ ရုပ်စုံ
ထွက်ပြီ
အတွဲ(၂၉)၊ အမှတ်(၁၀)၊ ၂၀၁၈ ခုနှစ်၊ မတ်လထုတ်
တေဇရုပ်စုံ ထွက်ပြီ။
ဆက်သွယ်ရန်- ဖုန်း ၀၉ ၃၀၀၈၁၀၁၈ (စာတည်းဌာန)
၀၉ ၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)
၃၀၀ ကျပ်
မြဝတီစာပေတိုက်မှ ထုတ်ဝေသည်။




ရိုလုံရွှေဆိုင်ကြီး (လက်လီလက်ကား) (ယုဇနပလာဇာ)
ရိုလုံ (၁)-အမှတ် (S-7)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ ရန်ကုန်။ ☎ -၀၁-၂၀၀၇၄၇ (Ext.) ၂၀၀၈၊ ၀၉-၇၇၁၇၃၉၃၇၀
ရိုလုံ (၂)-ကိုနိုင်နိုင်ဦး + မလဲ့ရည်ရှား၊ အမှတ် (F-1)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ ရန်ကုန်။ ☎ -၀၁-၂၀၀၇၄၇ (Ext.) ၂၈၀၀
ရိုလုံ (၃)-(ပလက်တီနမ်ဆိုင်) ကိုနိုင်နိုင်ဦး + မလဲ့ရည်ရှား (C-5)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ရန်ကုန်။ ☎ -၀၁-၂၀၀၇၄၇ (Ext.) ၂၈၀၀
ချန်းလုံ ရွှေဆိုင် - ဒေါက်တာတင်အောင်ဝေ + ဒေါက်တာချောစုငယ်၊ အမှတ် (C-7)၊ ပထမထပ်၊ ယုဇနပလာဇာ၊ ရန်ကုန်။ ☎ -၀၉-၇၃၁၀၃၀၉၀၊ ၀၁-၂၀၀၇၄၇ (Ext.) ၂၂၂၅
Facebook Page { ရိုလုံ(၂)ရတနာရွှေဆိုင် / ချန်းလုံ ရတနာရွှေဆိုင်
ချွန်းလုံ ရွှေဆိုင် - ကိုဘုန်းကျော်ဝေ + မငုဇင်သိန်း (H-10)၊ ယုဇနပလာဇာ(ပထမထပ်)။ ☎ -၀၉-၇၈၀၀၀၁၆၇၁၊ ၀၁-၂၀၀၇၄၇ (Ext.) ၂၈၈၀



မြန်မာနိုင်ငံမှုခင်းသတင်းထောက်များအသင်း
MCRA ပရဟိတအဖွဲ့
အသင်းအဖွဲ့မှတ်ပုံတင်အမှတ်(ပြည်တွင်း/၀၂၇၆)ဖြင့်တရားဝင်ဖွဲ့စည်းတည်ထောင်ထားသောပရဟိတလူမှုရေးအသင်းအဖွဲ့ကြီးဖြစ်ပါသည်။
လူမှုရေးပရဟိတလုပ်ငန်းများ၊မှုခင်းကူညီမှုပရဟိတလုပ်ငန်းများ၊လုံခြုံရေးကူညီမှုပရဟိတလုပ်ငန်းများ၊မှုခင်းသတင်းများကူညီသတင်းပေးမှုဆိုင်ရာပရဟိတလုပ်ငန်းများကိုဆောင်ရွက်နေသောပရဟိတအသင်းအဖွဲ့ဖြစ်ပါသည်။
အသင်းအဖွဲ့ဝင်လိုသူများဆက်သွယ်ရန် - ဖုန်း၀၉ ၄၂၀၉၇၇၃၀၇၊ ၀၉ ၂၅၀၀၅၄၇၃၁၊ ၀၉ ၇၆၁၆၁၀၄၄၆၊ ၀၉ ၂၅၄၄၄၁၈၉၁၊ ၀၉ ၂၅၉၂၇၇၈၇၄


## ကချင်ပြည်နယ် အစိုးရအဖွဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ကချင်ပြည်နယ် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မြစ်ကြီးနား) ကျောက်မျက်ရတနာ အရောင်းအဝယ်ရေး စင်တာတွင် ပထမအကြိမ်ပြုလုပ်မည့် ကျောက်မျက်ပြပွဲ

## အသိပေးကြေညာချက်

၁။ ကချင်ပြည်နယ်၊ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း(မြစ်ကြီးနား)၏ကြီးကြပ်မှုဖြင့် (စီ/ဒီ)အဆင့် ကျောက်စိမ်းရိုင်း အသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲနှင့် ကျောက်မျက်ရတနာအရောင်းအဝယ်ရောင်းချပွဲကို မြစ်ကြီးနားမြို့ ကျောက်မျက်ရတနာအရောင်းအဝယ်ရောင်းဝယ်ရေးစင်တာတွင် ၂၀၁၈ခုနှစ်၊ မတ် ၂၆ရက်မှ ၃၀ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ရောင်းချပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်၊ ကျောက်စိမ်းအတွဲများကို ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ရက်မှ မတ် ၁၅ရက်အထိ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်း၊ ခင်းကျင်းနေရာချထားခြင်းများကို သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာရောင်းချပွဲသို့ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာအရောင်းအဝယ်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ ကျောက်မျက်ရတနာကုမ္ပဏီမှတ်ပုံတင်ရရှိပြီးသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းဝင်နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်နှင့် လိုင်စင်ရယူထားသူများကို ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။ ကျောက်မျက်ရတနာရောင်းချပွဲသို့ တက်ရောက်ဝယ်ယူလိုသော နိုင်ငံသားရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများ ပေးသွင်းရမည်ဖြစ်ပါသည်။

၅။ ရောင်းချပွဲသို့ တက်ရောက်လိုသော နိုင်ငံသား ရတနာကုန်သည်များကို ကချင်ပြည်နယ်ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မြစ်ကြီးနား)ရုံးတွင် ဖွင့်လှစ်ထားသော စီမံရေးရာကော်မတီရုံး၌ ၂၀၁၈ခုနှစ် မတ် ၁ရက်မှစတင်၍ ရောင်းချပွဲတက်ရောက်ဝယ်ယူခွင့်ဆိုင်ရာကိစ္စများ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အသင်းရုံးတွင် လာရောက်စုံစမ်းနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကချင်ပြည်နယ် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မြစ်ကြီးနား)**






Hot Fare is one way Economy Starter fare and comes with 7kg carry-on baggage only. Fares quoted include airport taxes and fees. Selected travel periods (not available on all flights, school holidays and weekends) and limited seat availability apply. Other conditions apply, including Jetstar's Conditions of Carriage. Jetstar Asia Airways Pte Ltd.


## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6K/7183၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့၊ ဇေယျာသီရိရပ် (၁၁)လမ်း၊ လမ်းအမှတ်(757)နေ ဦးချစ်ကို-ဒေါ်နီနီအောင်တို့၏သမီး မချစ်အာရုံသင်းသည် မိဘစကားနားမထောင်ဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝအား (လုံး၀)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးချစ်ကို-ဒေါ်နီနီအောင်**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်
## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် ၃၂၆ နှင့် ဆက်သွယ်သည့်**
**၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ် ၁၃**

Yin Lee Yint (ခ)ဒေါ်လီလီစမ်း **နှင့်** ၁။ ဦးစံရ
၂။ ဦးသာဇံ
၃။ ဦးအောင်မင်း

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

အမှတ်(၉၉)၊ ကိုးလုံးကွင်း၊ သန္ဓေပင်ကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (၂)တရားရှုံး ဦးသာဇံနှင့် (၃)တရားရှုံး ဦးအောင်မင်း (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ် ၃၂၆ တွင်ကျရှိမည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် Yin Lee Yint (ခ)ဒေါ်လီလီစမ်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၈ခုနှစ် မတ် ၁၂ရက် (၁၃၇၉ ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရှုပဝင်း)
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၃၃၂ နှင့်ဆက်သွယ်သည့်**
**၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်-၁၄**

Yin Lee Yint (ခ)ဒေါ်လီလီစမ်း **နှင့်** ၁။ ဦးတင်ညွန့်
၂။ ဦးသာဇံ
၃။ မောင်သာအိ
၄။ မရွှဲ

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

အမှတ် ၈၁၊ ကိုးလုံးကွင်း၊ သန္ဓေပင်ကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (၂)တရားရှုံး ဦးသာဇံ၊ အမှတ် ၉၉၊ ကိုးလုံးကွင်း၊ သန္ဓေပင်ကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (၃)တရားရှုံးမောင်သာအိနှင့်(၄)တရားရှုံး မရွှဲ (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၃၃၂တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် Yin Lee Yint (ခ)ဒေါ်လီလီစမ်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၈ခုနှစ် မတ် ၁၂ ရက် (၁၃၇၉ ခုနှစ် တပေါင်းလပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၁၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရှုပဝင်း)
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက် မင်းရဲကျော်စွာလမ်း၊မြေကွက်အမှတ်(၈၀၅/ခေါင်းရင်း)၊ အကျယ်အဝန်း (၂၀ပေ× ၆၀ပေ)ရှိ ဦးထွန်းရွှေ အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို နှစ်(၆၀)ဂရန် အမည်ပေါက်သူဦးထွန်းရွှေ ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်မြင့်သန်းဌေး (၁၂/ဥကမ(နိုင်)၀၇၃၈၆၈)ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဦးခင်မောင်ဦး** **ဦးထိန်လင်းသန်း**
**LL.B, D.B.L, D.I.L.,** **LL.B, D.B.L, D.I.L, D.M.L,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂)
**Hein Htet San Law Firm** ဖုန်း- ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဆက်သွားတောကျေးရွာ၊ အမှတ်-၁၉၃+ ၁၉၄၊ ဦးပိုင်အမှတ် ၁၁/၃+N-၃၊ ဧရိယာ ၀ဒသမ ၁၈ဧကရှိ ရွာမြေအား မှော်ဘီမြို့၊ မြို့နယ်မြေစာရင်း ဦးစီးဌာနတွင် ဦးအောင်ဟန်စိုး (AF-050849)အမည်ဖြင့် မှတ်သားတည်ရှိပြီး ယင်းမြေကွက်အား စာချုပ်အဆက်ဆက်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းစန်းဦး ၁၂/စခန(နိုင်)၀၅၇၇၈၃ ထံမှ အဆိုပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေမှ ရောင်းဖိုးငွေအပြေအကျေပေးချေဝယ်ယူ၍ လက်ရောက်ရယူခဲ့ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိစန္ဒီစိုး LL.B, D.B.L, D.I.L, D.A.Psy**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၃၀)**
**ရုံး-အမှတ် (၈၃/၁၁)၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၉၁၀၇၂၆၁**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ (၃) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ အင်းစိန်လမ်း၊ တိုက် (၁)၊ အခန်း (၅၁)၊ တတိယထပ်နေ ဦးကျော်မြင့် (၁၂/ကမရ(နိုင်)၀၀၀၀၆၁) နှင့် ဒေါ်စန်းတင့် (၁၄/မမန(နိုင်)၀၀၀၀၀၆) တို့၏သားဖြစ်သူ မောင်ထူးကျော်သည် မိဘဆွေမျိုးများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိ၏ဆန္ဒအလျောက် နေအိမ်မှထွက်သွားပါသဖြင့် ၎င်းအား ဤကြော်ငြာပါသည့်နေ့မှစ၍ သားအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝ အားလည်း လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

ဦးကျော်မြင့်+ဒေါ်စန်းတင့်

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ပဲခူးခရိုင်တရားရုံးတော်၌**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၁၈၇**

ဒေါ်နှင်းနှင်းမိုး **နှင့်** ၁။ ဒေါ်စန်းဝင်း
၂။ မလှိုင်းသန္တာ

**တရားလို** **တရားပြိုင်များ**

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ဘုတာပိုင်းရပ်ကွက်နေ တရားပြိုင်များဖြစ်ကြသော ၁။ ဒေါ်စန်းဝင်း၊ ၂။ မလှိုင်းသန္တာ (အတူနေသားအမိ) (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နှင်းနှင်းမိုးက ငွေ ၁၅၀၀၀၀၀ိ/-(ကျပ်သိန်းတစ်ရာငါးဆယ်တိတိ)ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ခုနှစ် မတ် ၆ ရက် (၁၃၇၉ခုနှစ် တပေါင်းလပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကံမြင့်)
ဒုတိယခရိုင်တရားသူကြီး(၃)
ပဲခူးခရိုင်တရားရုံး

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ပြင်ဦးလွင်ခရိုင်တရာရုံးတော်၌**
**မန္တလေးခရိုင်တရားရုံး၏ ၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်**
**၂၇၆နှင့်ဆက်သွယ်သည့်**
**၂၀၁၇ခုနှစ် တရားမဇာရီမှုအမှတ်-၅**

ဒေါ်လှိုင်လှိုင်ထွန်း **နှင့်** ဦးအေးကြိုင်(ခ)
(၎င်း၏အထွေထွေ ဦးအေးကျိုင်
ကိုယ်စားလှယ်လွှဲစာရသူ
ဒေါ်မို့မို့ထွေး)

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ၇၉×၈၀ လမ်းကြား၊ ၃၂လမ်း(ဒေါ်ခင်ဝင်းသိုးမွှေးချည်ဆိုင်)တွင် နေထိုင်သူ ဦးအေးကြိုင်(ခ)ဦးအေးကျိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

မန္တလေးခရိုင်တရားရုံး၏ ၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ် ၂၇၆ တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်လှိုင်လှိုင်ထွန်း(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်မို့မို့ထွေး) က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၈ခုနှစ် မတ် ၉ ရက် (၁၃၇၉ခုနှစ် တပေါင်းလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၈ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရှိန်မြင့်)
ဒုတိယခရိုင်တရားသူကြီး(၃)
ပြင်ဦးလွင်ခရိုင်တရားရုံး

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2E/1928 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9C/8583 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7K/8412 Toyota Mark II Gx110 Saloon(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဖိုးရာဇာ ၉/မရမ(နိုင်)၀၈၉၇၉၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် န/၄၆၉၆ Nissan Condor CM 85E, Truck (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းခင်ဌေး ၁၃/နခန(နိုင်)၀၀၀၂၈၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4F/2284 Toyota Rav. 4.ZC A26, S/W (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလွင် ၉/နထက(နိုင်)၀၂၇၁၉၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ကျေးဇူးဆပ်ပါမည်** ကျွန်မ ဒေါ်ခိုင်ခိုင်ယု၏ သွင်းကုန်လိုင်စင်ပါမစ်အမှတ် ILV/13-14/1366 (11/8/13) မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။ **ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၉၅၇၂၈၇၁၊ ၀၉-၉၆၄၀၆၀၈၆၂**


**San brotherhood**
"စစ်ဆေးစမ်းသပ် (အခမဲ့)"
**Air-Con,** ရေခဲသေတ္တာ၊အဝတ်လျှော်စက် များကို ပြုပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်း များကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။
**တပ်ဆင်ပြီးဈေးနှုန်း (၃နှစ်အာမခံ)**
1HP 300000Ks
၁။ နာမည်ကြီး Brand ၂။ စိတ်ချရသည့်အာမခံ ၃။ အထူးအာမခံ (Compressor)
ပါဝင်သောပစ္စည်းများ
Copper Pipe(10)Ft. Frame, Safeguard, Transportation, Installation
"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"
FMI City(လှိုင်သာယာ)709373,09-5084831,3682445(Ext)1421
ကျောင်းလမ်း(အလုံ) 01-704101 , 09-5002738, 09-450023810
သမိုင်းလမ်းဆုံ(မရမ်းကုန်း) 3681854, 706193, 09-73116475
ကျောက်မြောင်း(တာမွေ) 01-704649, 09-73066836, 09-73004800
Capital အနီး (ဒေါပုံ) 09-5053114, 73251545, 01-708842
ရွှေဂုံတိုင်မီးပွိုင့်အနီး(ဗဟန်း) 09-43083868, 01-703241
သုနန္ဒာလမ်းဆုံအနီး (မြောက်ဥက္ကလာ) 09-5190383, 09-73251535
ဟံသာဝတီ CNG အနီး(ကြည့်မြင်တိုင်) 01-703684, 09-43130068
ဒညင်းကုန်းလမ်းဆုံအနီး(ရွှေပြည်သာ) 09-5012419, 09-73126244
Super 1 အနီး နဝဒေး (လှိုင်သာယာ) 01-704467,09-73217035
တောင်/မြောက်လမ်းဆုံအနီး(တ/ဒဂုံ) 01-709114, 09-5019316


## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်သန်းဦး ၃/ဘအန(နိုင်)၂၁၈၉၇၃ ၏ (Passport-No) မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/9462 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/5185 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/9841 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်ရှေ့ပိုင်း)**

## Paing Myanmar International Co.,Ltd. မှ ဝန်ဆောင်မှုပေးထားသော Coinspace နှင့် ပတ်သက်၍ Package များ ဝယ်ယူထားသူများနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် (၁၉)၊ မင်းရဲကျော်စွာလမ်း၊ မင်းရဲကျော်စွာအိမ်ရာတွင် တည်ရှိသော Paing Myanmar International Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်မျိုးပိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။

Paing Myanmar International Co.,Ltd. သည် Coinspace လုပ်ငန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် တရားဝင်ကိုယ်စားလှယ်အဖြစ် ခန့်ထားခြင်းခံရသော Coinspace Co.,Ltd. ကိုယ်စားပြု Agent ကုမ္ပဏီမဟုတ်ပါ။ Coinspace အား စိတ်ဝင်စားပြီး personal user တစ်ယောက်အနေဖြင့် ဝင်ရောက်လုပ်ကိုင်ခြင်းဖြစ်ပါသည်။ မော်လ်တာနိုင်ငံတွင် တည်ထောင်ထားသော Coinspace Co.,Ltd. ၏ mining ဝန်ဆောင်မှု Package များကို ဝယ်လိုချင်သူများအတွက် ငွေပေးချေရာတွင် Paing Myanmar International Co.,Ltd. အနေဖြင့် ကြားခံဆောင်ရွက်ပေးခြင်းသာဖြစ်ပါသည်။

နိုင်ငံတကာတွင် ခေတ်စားနေသော Crypto Currency လုပ်ငန်း၏သဘောတရားများ၊ လုပ်ငန်းလည်ပတ်ပုံများ၊ အနာဂတ်တွင် ဖြစ်ပေါ်လာမည့်အခြေအနေများ၊ ဝယ်ယူသူများကြုံတွေ့လာနိုင်သည့် အကျိုးအပြစ်များ၊ ရပိုင်ခွင့်များဆုံးရှုံးနိုင်ခြေများစသည်တို့အား ဝယ်ယူလိုသူများနှင့် အစည်းအဝေးလုပ်သည့်အခါတိုင်း ရှင်းပြပြောဆိုခဲ့ပါသည်။ ဦးအောင်မျိုးပိုင်သည် ပုဂ္ဂိုလ်ရေးအရလည်းကောင်း၊ ကုမ္ပဏီအနေဖြင့်လည်းကောင်း၊ အာမခံပေး၍ ဆွဲဆောင်စည်းရုံးခြင်းများ၊ ဖြားယောင်းသွေးဆောင်ခြင်းများ၊ မက်လုံးပေးစည်းရုံးခြင်းများ ဆောင်ရွက်ခဲ့ခြင်းမရှိသည့်အပြင် ကုမ္ပဏီအနေဖြင့် ငွေရေးကြေးရေးအဖွဲ့အစည်းကဲ့သို့ တည်ထောင်ပြီး ငွေရေးကြေးရေးဝန်ဆောင်မှုပေးခြင်းမျိုး ပြောဆိုလုပ်ကိုင်ခြင်းမရှိကြောင်းကို ဝယ်ယူသူများ ကိုယ်တိုင်သိရှိနားလည်ပြီးဖြစ်ပါသည်။

ဦးအောင်မျိုးပိုင်သည် Coinspace လုပ်ငန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် စတင်မိတ်ဆက်ပေးသူတစ်ဦးဖြစ်သည့်အတွက် လုပ်ငန်း၏လက်ရှိဖြစ်နေသော အခက်အခဲများ၊ ရရန်ရှိသည့်ကိစ္စရပ်များနှင့်ပတ်သက်သည့် တောင်းဆိုမှုများကို Coinspace ကုမ္ပဏီသို့ သက်ဆိုင်ရာအာဏာ ပိုင်အဖွဲ့အစည်းများမှတစ်ဆင့်လည်းကောင်း၊ ပြည်တွင်းပြည်ပရှိ ဥပဒေပညာရှင်များနှင့်ချိတ်ဆက်၍လည်းကောင်း၊ Coinspace ကုမ္ပဏီသို့ တိုက်ရိုက်ချိတ်ဆက်နိုင်ရန် အများကိုယ်စား ဦးစီး၍ ဆောင်ရွက်ပေးနေပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးအောင်မျိုးပိုင်အနေဖြင့် Coinspace နှင့်ပတ်သက်၍ စတင်ရှင်းလင်းချိန်မှစ၍ မည်သည့်ကိစ္စရပ်များကို တာဝန်ယူမည်၊ အခြားမည်သည့်ကိစ္စရပ်များကို တာဝန်မယူဟုရှင်းလင်းပြတ်သားစွာ ပြောဆိုဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် အဖွဲ့အစည်းအတွင်းရှိ ကြားခံအဆင့်ဆင့်လူများအကြား မိမိ၏အသိပညာနည်းပါးခြင်း၊ လေ့လာအားထုတ်မှုနည်းပါးခြင်း၊ ယုံကြည်မှုအား အလွဲသုံးစားလုပ်ခြင်း၊ မိမိအကျိုးခံစားခွင့်ရယူလိုဇောဖြင့် အာမခံပေး၍ ဆွဲဆောင်စည်းရုံးခြင်း၊ မက်လုံးပေး၍ ပြောဆိုခြင်းများအပေါ် တာဝန်ယူရန်အကြောင်းမရှိပါ။

Coinspace နှင့်ပတ်သက်၍ လုပ်ငန်းသဘောတရားများအခြေအနေအမှန်များကို သိရှိအောင်ရပ်တည်ဆောင်ရွက်ပေးနေမှုများကို သိရှိနားလည်ခြင်းမရှိဘဲ ဦးအောင်မျိုးပိုင်နှင့် Paing Myanmar International Co.,Ltd. အကျိုးစီးပွားကို ပျက်စီးရာပျက်စီးကြောင်းနှင့် အမည်ကောင်းဖြင့်ဆောင်ရွက်နေသော ကုမ္ပဏီ၏ကျော်ဇောခြင်း၊ ဂုဏ်သတင်းအား ထိခိုက်နစ်နာစေရန်ရည်ရွယ်၍ ပြောဆိုရေးသားမှုများအား အွန်လိုင်းမီဒီယာမှတစ်ဆင့် တွေ့ရှိရပါသဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ထိုသို့ဆက်လက်ဆောင်ရွက်လာပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်သောင်း H.G.P, B.A (Law), LL.B** **ဒေါ်နေခြည်ဝင့် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၈၉)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၈၄)**
**အမှတ်-၅၆၅၊ အခန်း-၁၀၃/ဒီ၊ MAC Tower၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၁၆၄၈၆၊ email:utinthaung@gmail.com**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးမောင်အေး(ငြိမ်း)
**BC-6459၊ OTS အမှတ်စဉ်(၈)**
**အမြောက်တပ်**
**အသက်(၈၇)နှစ်**

ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)၏ နာယကကြီး ဗိုလ်ကြီး မောင်အေး(ငြိမ်း)သည် ၂၀-၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၉း၃၀ နာရီတွင် ပန်းလှိုင်ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကျင်ပွင့် (မြောင်းမြ)
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ(၈)လမ်း၊ အမှတ် ၂၂၂နေ ဦးခင်မောင်ဝင်း(81batch-Mech:,RIT) (ဦးဆောင်ညွှန်ကြားရေးမှူး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်လင်းလင်းသန့်တို့၏မိခင် ဒေါ်ကျင်ပွင့်သည် ၂၀-၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၀း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**75-81RIT Welfare Group မှ All major သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကျင်ပွင့် (မြောင်းမြမြို့)
**အသက်(၇၈)နှစ်**

မြောင်းမြမြို့၊ ဘောင်ဒရီလမ်း၊ အမှတ် ၁၅နေ(ဦးလှသင်း)၏ဇနီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ အမှတ် ၂၂၂နေ ဦးခင်မောင်ဝင်း (ဦးဆောင်ညွှန်ကြားရေးမှူး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)-ဒေါ်လင်းလင်းသန့်၊ ဦးခင်မောင်စိုး-ဒေါ်ချိုချို၊ ဦးမြလွင်-ဒေါ်စန်းစန်းနွယ်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၀-၂-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၁၀း၁၀နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Convalt Energy Myanmar Company Limited**
**ACO Investment Group LLC**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ရဟန်းအမ ဒေါ်ဝင်းဝင်း အသက်(၇၈)နှစ်

ပြင်ဦးလွင်မြို့နေ ဒုတပ်ကြပ်ရန်နိုင်ထွန်း-ဒေါ်ယမင်းစိုး၊ ဗိုလ်ကြီးမျိုးမင်းအောင်-ဒေါ်ဆောင်းနှင်းဖြူ(အထက-ခွဲ၊ မင်းကုန်း)၊ ဗိုလ်မှူးနိုင်မျိုးဟိန်း၊ ဦးချစ်ရဲ-ဒေါ်စမ်းစမ်းမော်(လူမှုဖူလုံရေးရုံး)၊ ဦးဇော်ကိုကို၊ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအောင်-ဒေါ်ပြည့်ဖြိုးဝင်း၊ မောင်သိန်းသန်းတိုး(ခေတ္တ-ကိုရီးယား)၊ မောင်ကြည်ဟန်ဘို(စိမ်းလမ်းစိုပြည်ရေးကုမ္ပဏီ)၊ မောင်ထက်နိုင်ဦးတို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီး၊ ကကယာနေ(အရာခံဗိုလ်ခင်မောင်၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်ဝင်းဝင်း အသက်(၇၈)နှစ်သည် ၂၁-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီတွင်ကွယ်လွန်သွားပါသဖြင့် ဘွားဘွားကြီး ကောင်းရာမွန်ရာဘုံဘဝသို့ရောက်ရှိစေကြောင်းဆုတောင်းပေးပါသည်။

**မြေးများနှင့်မြစ်များ**

### ရဟန်းအမ
## ဒေါ်ဝင်းဝင်း (တပ်မတော်ကျောင်းသူဟောင်း)
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးဘချစ်-ဒေါ်အေးရှင်)တို့၏သမီး၊ မန္တလေးမြို့နေ (ဗိုလ်မှူးခင်မောင်ဝင်း)-ဒေါ်ခင်သူဇာ၊ ပြင်ဦးလွင်မြို့၊ တပ်မတော်နည်းပညာတက္ကသိုလ် အရာခံဗိုလ်ဝမ်းကြည်-ဒေါ်မြတ်လေးဝင်း၊ ရန်ကုန်မြို့နေ ဗိုလ်ကြီး ခင်မောင်ထွေး(ငြိမ်း)-ဒေါ်နွယ်နီအေး၊ (ခွဲတကက ဌေးဦး)-ဒေါ်သဇင်ခိုင်၊ ကလေးမြို့၊ ထောက်ပို့တပ်နေ တကက တင်ထွန်းဝင်း-ဒေါ်ခင်သီတာထွန်းတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွား၊ ကကယာနေ(အရာခံဗိုလ်ခင်မောင်၊ ငြိမ်း)၏ချစ်လှစွာသောဇနီးသည် ၂၁-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၈ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ပြည်သူ့ဆေးရုံမှ ရှစ်မိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်နှင့် ပြည်သူ့ဆေးရုံသို့မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အရာခံဗိုလ်ဝမ်းကြည် - ဒေါ်မြတ်လေးဝင်းတို့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အုန်းမြင့်
**အသက်(၇၃)နှစ်**

သူငယ်ချင်း ဗိုလ်မှူးသိန်းစိုး(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်မာစိုးတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်အုန်းမြင့်သည် ၁၉-၂-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅)သီဟတပ်ခွဲ**
**ကျောင်းဆင်းအရာရှိမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်)မှ အမျိုးသားစာပေဆုနှင့် ဆရာဝန်တင်ရွှေစာပေဆုရ မောင်မောင်ထွန်းအောင်(ကျုံးမာရေး) (ခ)ဦးလှထွန်းအောင်(၆၁)နှစ် (ဟိန်းထက်စာပေ)သည်(၁၉.၂.၂၀၁၈)နေ့တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း

ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်)မှ ရခိုင်သားကြီး ဦးဦးလှမြင့်(ရခိုင်သားကြီးစာပေ)၏ မိခင် ဒေါ်သီလဝတီ(ခ)ဒေါ်မသာနု(၇၉)နှစ်သည်(၁၉.၂.၂၀၁၈)နေ့၊ ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်)**

## ဒေါ်သံချေး (မြိတ်)
**အသက်(၉၆)နှစ်**

မြိတ်မြို့၊ ကန်ဖျားရပ်၊ မြေနီလမ်းနေ(ဦးချစ်ငှာ-ဒေါ်တွင်းကွာ)တို့၏သမီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မယ်ဇလီပင်လမ်း၊ အမှတ် ၂၄နေ (ဦးစိန်မြင့်)-ဒေါ်ရှုပုန်၊ ဒေါ်ရီရီချိုတို့၏မိခင်၊ ဒေါ်ခင်ခင်စိုး၊ ဦးရဲဝင်းထွန်း-ဒေါ်သီသီသင်းဦး၊ ဒေါ်ခက်ခက်ခိုင်တို့၏အဘွား၊ မနှင်းနွယ်ဦး၊ မကေခိုင်ကျော်တို့၏ဘွားဘွားကြီး၊ (ဦးကျန်းနာ)၏ဇနီးသည် ၂၂-၂-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၈း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၈ရက် (စနေနေ့) နံနက် ၁၁နာရီတွင်ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ရဟန်းဒါယိကာမကြီး
## စစ္စတာဒေါ်လှမြင့်
**ရန်ကုန်မဟာစည်ရိပ်သာကြီးနှင့်**
**ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ(ကျန်းမာရေးတာဝန်ခံ)**
**သူနာပြုဆရာမကြီး(ငြိမ်း)၊ ရန်ကုန်ဆေးရုံကြီး နှလုံးအထူးကုဌာန**
**အသက်(၈၁)နှစ်**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ စလေမြို့၊ တိုက်တော်ကုန်းရပ်ကွက်နေ(ဦးကျော်လှိုင်-သားဖွားဆရာမကြီးဒေါ်ခင်)တို့၏သမီး စစ္စတာဒေါ်လှမြင့်သည် ၂၁-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ည ၈နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ၌ ကွယ်လွန်သွားပါ၍ ၂၃-၂-၂၀၁၈ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ပဏ္ဍိတာရာမရိပ်သာ နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစုနှင့် ပဏ္ဍိတာရာမ ဓမ္မမိသားစု

### ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသာထွန်းအောင် (စစ်တွေမြို့)
**အသက်(၈၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၄၂ (သုံးလွှာ)နေ (ဦးသာဒိုးအောင်-ဒေါ်အုံးခင်)တို့၏သား၊ (ဦးစောလှဦး)-ဒေါ်ငွေစိန်တို့၏သားသမက်၊ ဒေါ်လှသိန်း၏ခင်ပွန်း၊ (အောင်မိုးဝေ)၊ (အောင်သန်းမိုး)၊ ခင်စန်းမိုး(UAB ရွှေဂုံတိုင်ဘဏ်ခွဲ)၊ မိုးဇော်ဝင်း(ခေတ္တ-စင်ကာပူ)တို့၏ဖခင်သည်၂၂-၂-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁း၂၅ နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၈ရက် (စနေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်လှရီ (ကံမမြို့)
**အကြီးတန်းစာရေး(ငြိမ်း)၊ အဆောက်အဦအထူးအဖွဲ့(၄)**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**အသက်(၇၇)နှစ်**

မကွေးတိုင်းဒေသကြီး၊ ကံမမြို့နေ(ဦးစံတင်-ဒေါ်ရင်)တို့၏သမီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အနောက်ရန်ကင်း၊ စက်မှု(၁)လမ်း၊ တိုက် ၃၅၂၊ အခန်း ၁၂နေ ဦးသိန်းကြွယ်(လက်ထောက်အင်ဂျင်နီယာ-မြို့ပြ၊ ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)၏ချစ်လှစွာသောဇနီး၊ ဒေါက်တာလင်းအောင်ဆွေ-ဒေါက်တာရွှေစင်သိန်း၊ ဦးဇော်ထူးဟန်-ဒေါ်ခိုင်ဆွေသိန်း(USA)၊ ဦးဘုန်းမြင့်မောင်(မြန်မာစည်းလုံးကုမ္ပဏီ)-ဒေါ်သင်းသင်းတို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၂၁-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်ဦး
**အသက်(၆၇)နှစ်**

ဦးမျိုးကျော်ကျော်(မြို့နယ်အုပ်ချုပ်ရေးမှူး၊ လယ်ဝေးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) - ဒေါ်အေးအေးမော်(လယ်ပြ၊ မူလွန်-ဗဟို)တို့၏ ချစ်လှစွာသောဖခင် ဦးမြင့်ဦး အသက်(၆၇)နှစ်သည် ၂၁-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရ၍ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လယ်ဝေးမြို့နယ် ဌာနဆိုင်ရာများ**

## ဝမ်းနည်းကြေကွဲခြင်း

အောင်လံမြို့နယ်အသင်း(ရန်ကုန်)၊ ဒုတိယဥက္ကဋ္ဌ ဦးချစ်သန်းဝင်း၏ ချစ်လှစွာသောဇနီး ဒေါ်အေးအေးသန်း(ထားဝယ်) အသက်(၅၅)နှစ်သည် ၁၀-၂-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**အောင်လံမြို့နယ်အသင်း(ရန်ကုန်)**

## ဦးမောင်မောင် အသက်(၅၉)နှစ်
**(ဘဏ္ဍာရေးမှူး၊ မဟာကုသိုလ်တော် ဓမ္မစကူးလ်)**

ပဲခူးတိုင်းဒေသကြီး၊ သောင်လေးပင်မြို့နေ (ဦးအောင်ဝင်း-ဒေါ်ရှုကီ)တို့၏သား၊ (ဦးစိုးမြင့်-ဒေါ်ခင်မြရီ)တို့၏သားသမက်၊ ဦးစွန်နား-ဒေါ်လှလှဝင်းတို့၏မောင်၊ (ဦးအုန်းသွင်)-ဒေါ်ကြူကြူဝင်း၊ ဦးမောင်မောင်လွင်-ဒေါ်သွယ်သွယ်လှိုင်၊ ဦးမောင်မောင်မြင့်-ဒေါ်ရီရီချိုတို့၏အစ်ကို၊ ဦးရန်နိုင်ဝင်း(Fair Way Shipping Co.,Ltd.)-ဒေါ်သဲသဲ၊ဦးကျော်ဇေယျ(ခ)ဦးဇော်မင်း(CSL Shipping Co., Ltd.)-ဒေါ်ယဉ်ယဉ်ထွန်းတို့၏ဖခင်၊ မောင်ရဲရင့်နိုင်၊ မောင်လင်းထက်၊ မြေးငါးယောက်တို့၏အဘိုး၊ တူ၊ တူမ ၁၀ယောက်တို့၏ဦးလေး၊ ဒေါ်ရီရီလှိုင်၏ခင်ပွန်းသည် ၂၁-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၈ရက်(သောကြာနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၁)တိုးချဲ့ရပ်ကွက်၊ တော်ဝင်အိမ်ရာ၊ တိုက် ၁၄၊ အခန်း ၁၃ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးထွန်းလှိုင်(ခ)ဆလုံ(မြိတ်)
**အသက်(၆၉)နှစ်**

မြိတ်မြို့၊ ထားဝယ်စုရပ်၊ (B)လမ်းကြား၊ အမှတ် ၁၈၃နှင့် ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ အမှတ် ၄၈၊ ငါးလွှာ (ဝဲ)နေ (ဦးထားလာ-ဒေါ်ကျင်ဟုတ်)တို့၏သား၊ (ဦးလောင်စွမ်း-ဒေါ်ဒီးယား)တို့၏သားသမက်၊ ဦးမွန်စိုက်-(ဒေါ်ရှုလွမ်)တို့၏ညီ၊ ဦးမွန်ကင်း-ဒေါ်စန်းကြူ၊ ဦးထွန်းမြတ်-ဒေါ်မိုးအေး၊ ဦးစိုးစိုး - ဒေါ်မြတ်မြတ်တို့၏အစ်ကို၊ (ဒေါ်ကျော်အင်)၏ခင်ပွန်း၊မောင်သန့်ဇင်မိုး-မငုဝါလှိုင်၊ မချိုဝါလှိုင်၊ မောင်အောင်ကျော်စိုး၊ မောင်ဇော်လင်းဦး-မခိုင်ဝါလှိုင်၊မောင်မင်းမြတ်မိုး-မဖြိုးဝါလှိုင်၊မောင်အောင်မိုးကျော်၊မခြူးဝါလှိုင်တို့၏ဖခင်၊ မောင်ထွဋ်ဇင်လင်း၊ မယွန်းထက်စံ၊ မထက်ပြည့်ပြည့်လင်း၊ မဇူးဇူးဇင်မိုး၊ မောင်မြတ်မင်းသန့်တို့၏ အဘိုးသည် ၂၁-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၅၀နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးတင်ရွှေ
**အသက်(၆၁)နှစ်**

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ ကိုင်းရှည်ကျေးရွာနေ (ဦးမောင်တင်-ဒေါ်အေးသန့်)တို့၏သား၊ တောင်ကုတ်မြို့နယ်၊ တန်းလွဲချောင်းရွာမကျေးရွာနေ ဦးသန်းရင် - (ဒေါ်ခင်သန်းရင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊အမှတ် ၆/၁၄/၄(က)၊ချင်းတွင်းလမ်းနေ မခင်ရတနာ၊ မောင်သူရအောင်တို့၏ဖခင်၊ ဒေါ်ရီရီဝင်း(ခ)ဒေါ်မစန္ဒာဇော်၏ချစ်လှစွာသောခင်ပွန်းသည် ၂၂-၂-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၈ရက် (စနေနေ့) ညနေ ၃ နာရီတွင်ကျူချောင်းသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်မြင့်မြင့်ဝင်း(မွေးမွေး)
**အသက်(၆၀)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ခေမာသီလမ်းမကြီး၊ အမှတ်(ဃ-၂၉၉)နေ ဦးခင်မောင်ဦး(စာရေးဆရာကောင်းဆက်နိုင်)၏ဇနီး၊ (ဦးဘစီ-ဒေါ်ရှုရင်)တို့၏သမီး၊ ဒေါ်လှလှယဉ်-ဦးသိန်းထွန်း၊ (ဦးဝင်းမောင်)၊ (ဦးထွန်းလွင်)-ဒေါ်လဲ့လဲ့လွင်၊ ဒေါ်တင်တင်ရီ-ဦးတင်လှိုင်၊ဒေါ်စန်းစန်းရီ-(ဦးတင်ထွန်း)တို့၏ညီမ၊ ဒေါ်မာမာလွင် (ထိန်လင်းမြင့်ရွှေဆိုင်)-ဦးအေးမြင့်၊ ဦးကျော်မင်း (ရွှေဇင်ယော်ရွှေဆိုင်) - ဒေါ်သဇင်ဦးတို့၏အစ်မသည် ၂၁-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၃-၂-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၁၈ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်အေး
**(ဘိုကလေးဈေး/သောင်ပင်လေးဈေး)**
**အသက်(၅၈)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နေ ဦးတင်ဖေ - ဒေါ်ဝင်းကြည်တို့၏သမီး၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၃၄၀နေ ဦးမြင့်သိန်း (ခ) ဦးဖိုးနီ၏ ဇနီး၊ ဒုတိယဗိုလ်မှူးကြီးကျော်ဇင်ဟန်- မခင်မို့မို့ထွန်း၊ မသီတာမြင့်၊ မနီလာမြင့်-မောင် လင်းထက်ဝင်း (2[nd] E Lizzster Co.,Ltd)တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၂၂-၂-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၈ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဆရာတော် ဦးအာဒိစ္စဝံသ (မြင်းခြံ)
**သက်တော်(၇၂)နှစ်၊ သိက္ခာတော်(၅၂)ဝါ**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ကျောင်းကြီးကျောင်း၊ ရွှေဘုန်းပွင့်ဘုရားဝင်းတွင် သီတင်းသုံးနေသော ဆရာတော် ဘဒ္ဒန္တဦးအာဒိစ္စဝံသသည် (၁၃၇၉ခုနှစ် တပေါင်းလဆန်း ၇ရက်) ၂၁-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် တပေါင်းလဆန်း ၁၁ရက်) ၂၅-၂-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် အန္တိမအဂ္ဂိစျာပနပူဇာသဘင်အား ရေဝေးသုသာန်၌ ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း။(ရွှေဘုန်းပွင့်ဘုရားဝင်းမှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။) [ဆရာတော်အားရည်စူး၍ ၂၇-၂-၂၀၁၈ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။]

တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းနှင့်
ဆွေမျိုးတစ်စု

## ကျေးဇူးတင်လွှာ

၁၄-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၃၆နာရီတွင် ကွယ်လွန်သွားသော ဗိုလ်မှူးသိန်းစော(ငြိမ်း) ကြည်း/၈၉၃၆၏ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူအားလုံးကိုလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းအားပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ အကြီးအကဲများနှင့် အဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့အကြီးအကဲများ၊ အမှတ် ၄/၂ ဒုတပ်ခွဲမှူးနှင့် တပ်ဖွဲ့ဝင်များ၊ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး(လားရှိုး)မှ တပ်ဖွဲ့ဝင်များ၊ မြန်မာ့စီးပွားရေးဘဏ်အကြီးအကဲများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်မန်နေဂျာများ၊ ကြီးကြပ်ရေးမှူးများနှင့်ဝန်ထမ်းများ၊ ပညာရေးဌာနမှ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အကြီးအကဲများနှင့်ဝန်ထမ်းများ၊ မီးသတ်၊ စည်ပင်၊ စိုက်ပျိုးရေး၊ သ/မဦးစီးနှင့် ဌာနဆိုင်ရာ အသီးသီးမှ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ စိုက်ပျိုးရေးတက္ကသိုလ်ကျောင်းဆင်း သူငယ်ချင်းများ၊ လူမှုကူညီရေးအသင်းမှ စေတနာ့ဝန်ထမ်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကျော်ရှိန်(ခ)ဦးအာလူး (မုဒုံ-နိုင်လုံ)
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၁၀)ရပ်ကွက်၊ တောင်ထိပ်ပန်းလမ်း၊အမှတ် ၁၃၃နေ(ဦးသာဇီ-ဒေါ်ငွေနှင်း)တို့၏သား၊(ဒေါ်စိန်ကျင်)၏ခင်ပွန်း၊ ဦးကျုံကြီ-ဒေါ်ကျင်ငွေ၏မောင်၊ ဦးနိုင်ထွန်းလှိုင်-ဒေါ်ငြိမ်းမြတ်၊ ဦးရွှေမီ-ဒေါ်ခင်လှတို့၏အစ်ကို၊ (ဦးသောင်းလှိုင်)-ဒေါ်မေဦး၊ ဦးထွန်းလှအောင်-ဒေါ်စန်းစန်းမြင့်၊ ဦးကျော်ဝင်း(ညွှန်ကြားရေးမှူး၊ ငြိမ်း၊ အကောက်ခွန်ဦးစီးဌာန)-ဒေါ်မိုးစန္ဒာဝင်း၊ ဦးပဉ္ဇင်းဦးတေဇနိယ(နဂါးမောက်ကျောင်း၊ကျောက်တလုံးရွာ၊ မုဒုံမြို့နယ်)၊ ဦးလှစိုး (တိုင်းအုပ်ချုပ်ရေးမှူး၊ ငြိမ်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်ခင်မျိုးသူ၊ ဦးကြည်စိုး-ဒေါ်မြသီ၊ (မောင်ကျော်စိုးမိုး)၊ (မမိကေကေခိုင်)တို့၏ဖခင်၊ မြေး ၂၀၊ မြစ် ၁၀ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၂-၂-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၈ရက်(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်ဇေယျ
**(အငြိမ်းစား၊ ဒုတိယညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန)**
**B.Sc (Biology) ရန်ကုန်တက္ကသိုလ်**
**Dip.In Forestry ရန်ကုန်တက္ကသိုလ်**
**M.Sc, Oxon Oxford University. U.K**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ် ၃၂/၂နေ (ဦးစံတား-ဒေါ်မကြီး)တို့၏သား၊ [ဦးတင်ထွန်း (အငြိမ်းစားဒုတိယဝန်ကြီး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန)-ဒေါ်ခင်လှသန်း]တို့၏ညီ၊ (ဗိုလ်မှူးသိန်းထွန်း)-ဒေါက်တာဒေါ်ခင်ဦးမေတို့၏မောင်၊ ဒေါ်ခင်ထွေးမြင့်(အငြိမ်းစား၊ ပါမောက္ခဌာနမှူး၊ သတ္တဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၏ခင်ပွန်းသည် ၂၂-၂-၂၀၁၈ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးထွန်းထွန်းဝင်း(ခ)ခင်ထွေး(ခ)ကိုပု အသက်(၄၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နေ ဦးဘိုကြည်-(ဒေါ်ကြင်ပု)တို့၏သား၊ မွန်ပြည်နယ်၊ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ ကဒါကျေးရွာနေ ဦးအောင်ငွေ-ဒေါ်ခင်သန်းမြင့်တို့၏သားသမက်၊ ဒေါ်စောစောဝင်း-ဦးရဲသန်း၊ ဒေါ်စန်းစန်းဝင်း၊ ဒေါ်တင်တင်ဝင်း-(ဦးဝင်းအောင်)၊ဒေါ်ရီရီဝင်း-ဦးအေးလွင်၊ ဦးနိုင်ဝင်း၊ ဦးအောင်နိုင်-ဒေါ်ကြည်ကြည်ဝင်းတို့၏ညီ/မောင်၊ ဒေါ်ညိုညိုဝင်း-ဦးသန်းလင်းစိုး၊ ဒေါ်သီသီဦး(ခ)သီတာ-ဦးဖုန်းမြင့်နိုင်၊ ဦးချမ်းသာ-မပိုး၊ ဦးဇော်ထွန်းတို့၏အစ်ကို၊ နေပြည်တော်နေ ဒေါ်ဝေဝေသန်း၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်မင်းချမ်းမြေ့(ခ)ဖိုးချမ်း၏ချစ်လှစွာသောဖခင်၊ တူ၊ တူမ ၁၁ ယောက်တို့၏ဦးလေးသည် ၂၂-၂-၂၀၁၈ရက်(ကြာသပတေးနေ့) နံနက် ၁၀း၂၀ နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၈ရက်(စနေနေ့)နံနက် ၉း၃၀နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ နေပြည်တော် ကျွဲကြီးသုသာန်သို့ ပို့ဆောင်၍ နံနက် ၁၀း၃၀နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။(နေပြည်တော် ခုတင်-၁၀၀၀ ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမြင့်ဦး
**ရုံးအုပ်(ငြိမ်း)၊ အုပ်ချုပ်မှု(ရုံးချုပ်)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)တိုးချဲ့ရပ်ကွက်၊ ခွာညို ၆လိမ်းထိပ်၊ သစ္စာပန်းလမ်း၊ အမှတ် ၂၃နေ ဒေါ်သန်းသန်းရီ၏ခင်ပွန်း၊ ဦးမျိုးကျော်ကျော်(လယ်ဝေးမြို့နယ်၊ အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်အေးအေးမော်(လယ်ပြ၊ မူလွန်-ဗဟို)တို့၏ဖခင်၊ မနှင်းသီရိအောင်၏အဘိုးသည် ၂၁-၂-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၈ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် လယ်ဝေးမြို့ စမ်းကလေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ရေနှင့်ဆက်နွှယ်သောကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး အစိုးရနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကမ္ဘာ့ရေနေ့ ၂၀၁၈ အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုစဉ်။ သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၂**

ကမ္ဘာ့ရေနေ့ ၂၀၁၈ (World Water Day 2018) အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပရာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီဝင်များ၊ ဧရာဝတီမြစ်ဝှမ်းပေါ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ သံအမတ်ကြီးများနှင့် သံတမန်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာန အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက ရေချိုရရှိမှု၏ အရေးပါမှုနှင့် ရေချိုအရင်းအမြစ်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းသုံးစွဲနိုင်ရေး

*စာမျက်နှာ ၄ ကော်လံ ၁* ●

ဦးကိုနီ လုပ်ကြံခံရမှုနှင့် ပတ်သက်၍ ဖမ်းဆီးခံထားရသည့် အောင်ဝင်းထွန်းအား အာမခံပေးလိုက်ကြောင်း သိရ

စာမျက်နှာ - ၁၂

မြန်မာနှင့်ဂျပန် ဘောလုံးအဖွဲ့ချုပ်နှစ်ခုအကြား လူငယ်ဖွံ့ဖြိုးရေး စီမံကိန်းများ မြှင့်တင်ဆောင်ရွက်မည်

စာမျက်နှာ - ၁၃

အကျဉ်းသားများ လွတ်မြောက်ရန် ထောင်ကားကို တိုက်ခိုက်ခဲ့သူအား အသေပစ်သတ်

စာမျက်နှာ - ၁၄

## မြန်မာ့လက်ရွေးစင်အသင်း အာရှဖလားခြေစစ်ပွဲအတွက် မတ်လတွင် စတင်လေ့ကျင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၂**

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၉ အာရှဖလားခြေစစ်ပွဲ လက်ကျန်ပွဲများ ယှဉ်ပြိုင်ကစားရန် မတ်လဒုတိယပတ်တွင် လေ့ကျင့်မှု စတင်ပြုလုပ်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ်လနောက်ဆုံးပတ်တွင် အာရှဖလားခြေစစ်ပွဲ အောင်မြင်ရန် အဆုံးအဖြတ်ပွဲများ ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ပဏာမကစားသမား ၂၅ ဦး ဝန်းကျင်ဖြင့် လေ့ကျင့်မှုစတင်ပြုလုပ်မည်ဖြစ်ပြီး နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်သည် ကစားသမားရွေးချယ်ရန် ပြည်တွင်းလိဂ်ပွဲစဉ်များအား လိုက်လံကြည့်ရှုလျက်ရှိသည်။ အာရှဖလားခြေစစ်ပွဲအတွက် ပြည်တွင်းလိဂ်ပွဲများမှာ မတ်လပထမပတ်အပြီးတွင် ခေတ္တရပ်နားမည်ဖြစ်ပြီး ရန်ကုန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းသည် မတ် ၁၃ ရက်တွင် AFC Cup ပြိုင်ပွဲယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် မတ် ၁၄ ရက်မှသာ လူစုံလေ့ကျင့်နိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မတ် ၁၇ ရက်တွင် MNL All Star အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မတ် ၂၂ ရက်တွင် ခြေစစ်ပွဲ ပြန်ကန်ပွဲအဖြစ် ကာဂျစ္စတန်အသင်းနှင့် တောင်ကိုရီးယားနိုင်ငံ၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ❑



မြန်မာ့လက်ရွေးစင်အသင်းမှ တိုက်စစ်မှူး ကျော်ကိုကို၏ ကစားဟန်။

ဓာတ်ပုံ-စိုးညွှန့်

